# ရင်းနှီး/စီးပွားသတင်းလွှာ

# “MIFER BULLETIN”

2/2023

(MAY,JUNE, JULY)

# ရင်းနှီး/စီးပွားသတင်းလွှာ

**နာယကများ**

| | |
|---|---|
| ဒေါက်တာကံဇော် | ပြည်ထောင်စုဝန်ကြီး |
| ဒေါက်တာဝါဝါမောင် | ဒုတိယဝန်ကြီး |

**အယ်ဒီတာချုပ်**

| | |
|---|---|
| ဦးမင်းဇော်အေး | လက်ထောက်အတွင်းဝန် |

**စာတည်းအဖွဲ့**

| | |
|---|---|
| ဦးစိုင်းတင်အောင်သိန်း | လက်ထောက်အတွင်းဝန် |
| ဒေါ်ခင်ထွေးသက် | ဒုတိယညွှန်ကြားရေးမှူး |
| ဒေါ်အိမွန်ဇာ | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးအောင်ထက်ပိုင် | ဦးစီးအရာရှိ |
| ဒေါ်ဇင်ဇင်ထက် | အကြီးတန်းစာရေး |

**မျက်နှာဖုံးနှင့် ဒီဇိုင်းအပြင်အဆင်**

| | |
|---|---|
| ဒေါ်မေဝတ်ရည်ဖြိုး | ဒုတိယဦးစီးမှူး |

e-Government ဌာနခွဲ

လက်ထောက်အတွင်းဝန်၊ e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး (၀၃၀၄၈) မှ စီစဉ်ထုတ်ဝေသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

◊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

◊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

◊ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

◊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

◊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

◊ နိုင်ငံရေး

- စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

◊ **စီးပွားရေး**

- တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
- ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

◊ **လူမှုရေး**

- တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
- တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
- နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဆောင်းပါးကဏ္ဍ** | |
| ၁ | ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း (ရီရီထွေး)................. | ၁ |
| ၂ | ဒီဂျစ်တယ်စီးပွားရေးနှင့်အနာဂတ်အလားအလာ (နေမျိုးသူရ)...................... | ၆ |
| ၃ | ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးအခွင့်အလမ်းများနှင့် လွယ်ကူချောမွေ့စေခြင်း (ဦးမျိုး) (ရန်ကုန်)........................................................................... | ၉ |
| ၄ | ဆန်စပါးနှင့်ကြိတ်ခွဲစက် (နှင်းနွယ်)(DOCA-YGN)................................. | ၁၀ |
| ၅ | မွန်ပြည်နယ် နာနတ်သီးအကြောင်း တစေ့တစောင်း (မိုးမိုး)(မွန်)................. | ၁၂ |
| ၆ | ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းနေသော စီးပွားဖြစ် နဂါးမောက်သီးစိုက်ခင်း(မင်းမင်းဦး)(ပသ)............................... | ၁၄ |
| | **MIFER သတင်းကဏ္ဍ** | |
| ၁ | "မဲခေါင်-လန်ချန်းနိုင်ငံများတွင် အများပါဝင်နိုင်သော စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည့် အလေ့အကျင့်ကောင်းများဆိုင်ရာ ဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲ" ကျင်းပပြုလုပ်ခြင်း ............................................. | ၁၆ |
| ၂ | အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ခုနှစ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ ........ | ၁၇ |

၃ ဟောင်ကောင်(တရုတ်)-စီအယ်လ်အမ်ဗွီ (CLMV) အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ် (HKC-CLMV ONLINE INVESTMENT FORUM) ကျင်းပခြင်း ………………………………… ၁၈

၄ ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက် ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့် ညီလာခံနှင့် ရှမန်မြို့တွင် ကျင်းပခဲ့သည့် ၂၀၂၃ ခုနှစ် အဏ္ဏဝါစီးပွားရေး၏ အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်……………………………………………………………………………… ၁၉

၅ ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပသည့် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံသို့ တက်ရောက်…………………………………………………… ၂၁

၆ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ ………………… ၂၂

၇ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၂/၂၀၂၃) ကြိမ်မြောက် ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ………… ၂၃

၈ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ………………… ၂၄

၉ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ …………………………………… ၂၄

၁၀ ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့ အခြေစိုက်မြန်မာ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်နှင့်တွေ့ဆုံ …………………………………………… ၂၅

၁၁ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ MR. RAMANATHAN BALAKRISHNAN နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ ……………….. ၂၅

၁၂ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) နှင့် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးသည့်အဖွဲ့ (OSS)၏ လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား ပြည်ထောင်စုဝန်ကြီး သွားရောက်ကြည့်ရှု အားပေး………… ၂၆

၁၃ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ………………. ၂၇

၁၄ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ နှစ်သစ်ကူးမဟာသင်္ကြန် အကြို ပျော်ပွဲရွှင်ပွဲနှင့် စတုဒိသာကျွေးမွေးညှော်ခံပွဲ အခမ်းအနား စည်းကားသိုက်မြိုက်စွာ ကျင်းပ ……………………………………………………………………. ၂၈

၁၅ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ KNOWLEDGE SHARING PROGRAMME (KSP) သောကြာနေ့ စကားဝိုင်း (FRIDAY TALK) အမှတ်စဉ် (၁၁) "ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ငန်းစဉ်များအပေါ် လေ့လာသုံးသပ်ဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း…………. ၂၉

၁၆ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် ၁၅ "အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း ……………………………………………. ၃၀

၁၇ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစုများ၏ သား သမီး၊ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကျင်းပ ........................................ ၃၁

၁၈ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် ၁၈ "မြန်မာနိုင်ငံက ချုပ်ဆိုထားသည့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ (BIT) အပေါ်လေ့လာတင်ပြခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း ........................... ၃၂

၁၉ ဝန်ကြီးဌာန၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၃/၂၀၂၃) ဖွင့်လှစ်ပွဲကျင်းပ ......................... ၃၃

၂၀ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် ၂၀ "ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများနှင့် ကဏ္ဍများကို မှန်ကန်စွာ ဖြည့်သွင်းနိုင်ရေး လေ့လာဆန်းစစ်တင်ပြခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း............................ ၃၄

၂၁ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် ၂၂ "ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေး သင်တန်း ဆွေးနွေးပွဲမှ လေ့လာ သိရှိခဲ့သည့် ဗဟုသုတများကို မျှဝေခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း.................................... ၃၅

၂၂ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် ၂၃ "လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (၂၀၂၀) အရ မှတ်ပုံတင်အရာရှိဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း…………………… ၃၆

၂၃ ၄၃ ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေး၌ ဆွေးနွေးမှုများအား ရှင်းလင်းဆွေးနွေးပွဲကျင်းပ …………………… ၃၇

၂၄ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာ (MOI) (မူကြမ်း) နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း ……………………………………… ၃၈

၂၅ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန်မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ၈ ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက် … ၃၉

၂၆ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်၍ MICC II အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့်အောင်ဆန်းကွင်းအသစ် ပြန်လည်တည်ဆောက်ခြင်း စီမံကိန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ……………… ၄၀

၂၇ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ……………………… ၄၀

၂၈ ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Ms. Nabanita Chakrabarti အား လက်ခံတွေ့ဆုံ…………………………… ၄၁

၂၉ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် ၂၁ "ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း............. ၄၁

၃၀ ၄၄ ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်ပါဝင်တက်ရောက်...................... ၄၃

## DICA သတင်းကဏ္ဍ

### ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသတင်းများ

၁ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို ဝန်ဆောင်မှု (DICA ONLINE SOLUTION -DOSo) စနစ်ဖြင့် လွယ်ကူစွာဆွေးနွေးနိုင်မည့် အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ............. ၄၄

၂ နေပြည်တော်တွင် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေဆိုင်ရာအသိပညာမျှဝေ ဆွေးနွေးခြင်း အခမ်းအနားကျင်းပခြင်း ................................................ ၄၄

၃ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ အတည်ပြုမိန့်ရယူပြီး လုပ်ငန်းဆောင်ရွက်နေသောကုမ္ပဏီများအား အသိပညာပေးဆွေးနွေးပွဲ ............................. ၄၅

### တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၏ ရင်းနှီးမြှုပ်နှံမှုအစည်းအဝေး ကျင်းပခြင်းနှင့် ကွင်းဆင်း စစ်ဆေးခြင်း

၁ နေပြည်တော်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း ................. ၄၅

၂ ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း ………………………………………………. ၄၆

၃ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း ………………………………………………. ၄၆

၄ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း ………………………………. ၄၆

၅ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း စစ်ဆေးခြင်း........................................................................ ၄၆

၆ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၄/၂၀၂၃)၊ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးများကျင်းပခြင်း ………………………………… ၄၇

၇ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း စစ်ဆေးခြင်း ……………………………………………….. ၄၇

၈ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း ဆောင်ရွက်မှုများ………………………………………. … ၄၇

၉ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်းနှင့် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း (Bago Sports Gloves Co.,Ltd.၊ Top Galaxy (Myanmar) Appeal Ltd.၊ Sein Hnin Co.,Ltd.၊ Great Han Ltd.) ………… ၄၈

၁၀ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/ ၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပ ပြုလုပ်ခြင်း ……………………………………………... ၄၉

၁၁ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း စစ်ဆေးခြင်း ……………………………………………. ၄၉

၁၂ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CMP စနစ်ဖြင့် အဝတ်အထည်၊ ဖိနပ် အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းများ၏ စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့် အခြေအနေများ ကွင်းဆင်းစစ်ဆေးခြင်း ……………………………………………… ၄၉

၁၃ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၄/၂၀၂၃)၊ (၅/၂၀၂၃) နှင့် (၆/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးများ ကျင်းပခြင်း ……………………………… ၅၀

၁၄ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၅/၂၀၂၃) အစည်းအဝေးသတင်း ထုတ်ပြန်ချက် ……………………………………………………….... ၅၀

၁၅ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CMP စနစ်ဖြင့် စီးပွားဖြစ်စတင်လည်ပတ်ထုတ်လုပ်မည့် အခြေအနေများ ကွင်းဆင်းကြည့်ရှုအားပေးခြင်း ……………………..... ၅၁

၁၆ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီးပွားဖြစ်စတင်လည်ပတ်ထုတ်လုပ်မည့် အခြေအနေကို ကွင်းဆင်းကြည့်ရှုအားပေးခြင်း …………...……………………. ၅၁

၁၇ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း စစ်ဆေးခြင်း………………………………………………………….. ၅၁

၁၈ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီးပွားဖြစ်စတင်လည်ပတ်ထုတ်လုပ်မည့် အခြေအနေကို ကွင်းဆင်းကြည့်ရှုအားပေးခြင်း …………………….... ၅၂

၁၉ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း …………………………………………… ၅၂

၂၀ ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း…...….. ၅၂

၂၁ ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း …………………………………………... ၅၂

၂၂ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း …………………………………………… ၅၃

၂၃ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း … ၅၃

## အခြားသတင်းများ

၁ အခြေခံစာရင်းအင်းပြုစုရေးအထောက်အကူပြုသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲ အခမ်းအနား ကျင်းပခြင်း …………………………………………….. ၅၃

၂ ရန်ကုန်တိုင်းဒေသကြီး၊ ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ရွှေပြည်သာမြို့နယ်အတွင်းရှိ အခြေခံကျောင်းများ၌ ကျောင်းသူ၊ ကျောင်းသားများ အသုံးပြုရန် သန့်စင်ခန်း၊ စာရေးခုံများ ထောက်ပံ့ပေးနိုင်ရန်အတွက် လူမှုအကျိုးပြုလှူဒါန်းပွဲ …………………… ၅၄

၃ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးရုံးရှိ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများမှ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင်ပါဝင်ဆင်နွှဲခြင်း…. ၅၄

၄ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးရုံးရှိ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများမှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် သံဃာတော် (၁၁၁၁၁) ပါးတို့အား ဆွမ်းဆန်တော်စုပေါင်းလောင်းလှူပွဲမင်္ဂလာ အခမ်းအနားတွင် ပါဝင်လောင်းလှူခြင်း……….. ၅၄

၅ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံ၊ ကော်လ်ကတ္တားမြို့၌ ကျင်းပလျက်ရှိသည့် ဘင်းမ်စတက် စီးပွားရေးဆိုင်ရာ သီးသန့် ဆွေးနွေးပွဲသို့ဂုဏ်ထူးဆောင် ဧည့်သည်တော်အဖြစ်တက်ရောက် အမှာစကား ပြောကြား.............................................. ၅၅

## FERD သတင်းကဏ္ဍ

## ဒေသတွင်းနှင့်ပြည်တွင်း/ ပြည်ပမိတ်ဖက်ဆိုင်ရာအဖွဲ့အစည်းများဆိုင်ရာသတင်းများ

၁ ပထမအကြိမ် ဂျီအမ်အက်စ် အဆင့်မြင့်အရာရှိများအစည်းအဝေး ဦးဆောင်ကျင်းပ .... ၅၆

၂ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ Board of Directors' Meeting (2/2023) နှင့် Annual General Meeting of Shareholders အစည်းအဝေးများကျင်းပခြင်း ........................................................... ၅၇

## China Desk

၁ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်-သွင်းကုန်ဘဏ် (The Export-Import Bank of China) မှ ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း ..................................................... ၅၇

၂ တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့အကြား Virtual System ဖြင့်ကျင်းပသည့် ညှိနှိုင်းအစည်းအဝေး ........................................................................... ၅၈

၃ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုစီမံကိန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ....................... ၅၈

# ပြည်တွင်း/ပြည်ပ စီးပွားရေးသတင်းကဏ္ဍ


၁ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) အကောင်အထည်ဖော် ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း…………………………………… ၅၉

၂ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ် ဒေသအချို့အတွက် ခွာနာလျှာနာ ရောဂါကူးစက်ပျံ့နှံ့ခြင်းဆိုင်ရာ တားမြစ်အမိန့်များ ဖျက်သိမ်းကြောင်း အမိန့် ကြော်ငြာစာထုတ်ပြန်……………………….. ၆၂

၃ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ၁၀ နှစ်တာကာလအတွင်း တရုတ်နှင့် ဘရူနိုင်း နိုင်ငံတို့အကြား ကုန်သွယ်မှုကိုမြင့်တက်............................................. ၆၃

၄ ဘာစမာတီ မဟုတ်သည့် ဆန်ဖြူတင်ပို့မှုကို အိန္ဒိယ တားမြစ်ပိတ်ပင်.................. ၆၄

၅ မြန်မာ့ပထမဆုံး ထောပတ်သန့်စင်ထုတ်ပိုးသည့် စက်ရုံ ၆၀ ရာခိုင်နှုန်း တည်ဆောက် ပြီးစီး………………………………………… ၆၅

၆ မြန်မာ့ ကြက်သွန်နီ ဖိလစ်ပိုင်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိရန်အတွက် လိုအပ်သည့် အချက်အလက်များ……………………….. ၆၆

၇ အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့ခွင့်ပိတ်လိုက်ခြင်းကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းပိုမိုမြင့်တက်နိုင်… ၆၇

# ဥယျောဇဉ်



နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြင့်တင်ဆောင်ရွက်ရာ၌ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်နှင့် ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင်ဖွံ့ဖြိုးမှု အထောက်အပံ့ချေးငွေ၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီပူးပေါင်း ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၈) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန အဖြစ် စတင်ဖွဲ့စည်းခဲ့ရာ ငါးနှစ်တာရှိပြီဖြစ်ပါသည်။

စတင်ဖွဲ့စည်းခဲ့သည့်နေ့မှစ၍ ယနေ့အထိ ဝန်ကြီးဌာနရည်းမှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အစဉ်တစိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ဝန်ကြီးဌာနသည် အားနည်းချက်နှင့် အားသာချက်များကို သုံးသပ်၍ ယခုထက်ပို၍ကောင်းမွန်သော ဝန်ကြီးဌာနတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါ သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ် နှင့် ဦးတည်ချက် ၉ ရပ်တို့ကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ အဓိက မဏ္ဍိုင်ကြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား အများပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင် စေရန် ရည်ရွယ်၍ ရင်းနှီး/စီးပွား သတင်းလွှာကို ထုတ်ဝေခဲ့ရာ သုံးနှစ်ရှိပြီ ဖြစ်ပါသည်။

၎င်းသတင်းလွှာအား ၂၀၂၁ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်း ဆောင်ရွက်ချက်များ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော် ၏ လူမှု-စီးပွား ဘက်စုံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတကာ ဖွံ့ဖြိုးမှုအကူအညီနှင့် ချေးငွေများရယူ၍ အကျိုးထိရောက်စွာ အသုံးချနိုင်ရေး၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြင့်အားပေးရန်နှင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကို မြင့်တင်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ပေါ်ပေါက်လာစေရေး၊ ပုဂ္ဂလိက လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ချက်များစသည်တို့ကို အများပြည်သူ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

ယခုထုတ်ဝေမည့် ရင်းနှီး/စီးပွားသတင်းလွှာ (၂/၂၀၂၃) တွင် ၎င်းဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ပြည်တွင်း/ပြည်ပ စီးပွားရေးသတင်းများနှင့် ဗဟုသုတရရှိစေမည့် ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြ ထားပါသည်။

နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်း ပါဝင်ထမ်းဆောင်ရင်း ၎င်းသတင်းလွှာ ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီကြသူများ၊ ပုံနှိပ်ထုတ်ဝေနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဆန္ဒမွန်ဖြင့် မှတ်တမ်း ပြုအပ်ပါသည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး

# ဆောင်းပါးကဏ္ဍ

# ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း

၁။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုသည်မှာ- အသစ်ပြန်လည်ဖြစ်ထွန်းနိုင်ခြင်း မရှိသည့် ရေနံ၊ သဘာဝဓါတ်ငွေ့ကဲ့သို့ ရုပ်ကြွင်းလောင်စာများမှ ထုတ်ယူခြင်းမဟုတ်သည့် အသစ်ပြန်လည် ဖြစ်ပေါ်နိုင်သည့် နေရောင်ခြည်၊ လေ၊ ရေအားနှင့် ဒီရေ၊ အမှိုက်ကဲ့သို့ ဇီဝအရင်းအမြစ်၊ ဘူမိစွမ်းအင် စသည့် အသစ်ပြန်လည်ပြည့်ဖြိုးနိုင်သည့် အရင်းအမြစ်များမှ ရယူထားသည့် စွမ်းအင်ဖြစ်ပါသည်။

## ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်ကို သုံးစွဲလာရခြင်း၏ အကြောင်းရင်းများ

၂။ ကမ္ဘာ့လူဦးရေသည် တစ်နေ့တစ်ခြား တိုးပွားလာသည်နှင့်အမျှ လူသားတို့၏ နေ့စဉ်လူနေမှုဘဝအတွက် လည်းကောင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ် အသီးသီးအတွက်လည်းကောင်း၊ စွမ်းအင်လိုအပ်ချက်မှာ များပြားလာလျက်ရှိပါသည်။ ရုပ်ကြွင်းလောင်စာများလောင်ကျွမ်းခြင်းမှ စွမ်းအင်ထုတ်ယူခြင်း နည်းလမ်းသည် လေထုထဲသို့ ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်ခြင်းမှတစ်ဆင့် ကမ္ဘာကြီးပူနွေးလာမှု (Global Warming) နှင့် ရာသီဥတုပြောင်းလဲမှု(Climate Change) ကဲ့သို့ သက်ရောက်မှုများကို ဖြစ်ပေါ်စေသည် ဖြစ်ရာ ရုပ်ကြွင်းလောင်စာများမှ လျှပ်စစ်ထုတ်လုပ်ခြင်း နည်းလမ်းအစား သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် နည်းလမ်းများဖြင့် အစားထိုးထုတ်လုပ်နိုင်ရန်ကြိုးဆလာခဲ့ကြပါသည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂက ဦးဆောင်ချမှတ်ထားသည့် ရေရှည်ဖွံ့ဖြိုးမှုရည်မှန်းချက်များ (Sustainable Development Goals – SDGs) တွင်ပါရှိသည့် သန့်ရှင်းသော စွမ်းအင်ရရှိမှု (Effordable and Clean Energy) နှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် စွမ်းအင်ထုတ်လုပ်မှုကိုသန့်ရှင်းသောစွမ်းအင်ထုတ်လုပ်မှုအဖြစ်ပြောင်းလဲနိုင်ရန်ကြိုးပမ်းလာကြပါသည်။ နေရောင်ခြည်၊ လေစွမ်းအင်၊ ရေအား၊ ဘူမိစွမ်းအင် စသည့် ပြန်လည်ပြည့်ဖြိုး နိုင်သောအရင်းအမြစ်များမှ စွမ်းအင်ထုတ်လုပ်မှုကို ပိုမိုအလေးပေးနိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လာကြပါသည်။

၄။ သို့ဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးတွင် ချမှတ် ဆောင်ရွက်လာကြသည့် အစိမ်းရောင်စီးပွားရေး (Green Economy) ဆိုင်ရာ ဦးစားပေးလုပ်ငန်းရပ် တစ်ခုအဖြစ် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရန် ဦးစားပေး ဆောင်ရွက်လာလျက်ရှိကြပါသည်။

## မြန်မာနိုင်ငံ၏လျှပ်စစ်ထုတ်လုပ်မှုအခြေအနေ

၅။ International Renewable Energy Agency ၏ Myanmar Energy Profile 2019 တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်မဟုတ်သည့် အရင်းအမြစ် (Non Renewable Energy) ဖြင့် လျှပ်စစ်စွမ်းအင် ထုတ်လုပ်သည့်ရာခိုင်နှုန်းမှာ ၄၇% ဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ရေအား (Hydro Power)၊ နေရောင်ခြည်သုံးဆိုလာစွမ်းအင် (Solar Power)နှင့် ဇီဝစွမ်းအင် (Bioenergy) တို့မှလျှပ်စစ်ထုတ်လုပ်ခြင်းမှာ ၅၃% ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

၆။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အချက်အလက်များအရ မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓါတ်အားရရှိမှုမှာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မညီမျှမှုများရှိနေသေးကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် တစ်နိုင်ငံလုံး၏ လျှပ်စစ်မီးရရှိမှုစုစုပေါင်း၏ ထက်ဝက်ကျော်ကို အသုံးပြုလျက်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်မီးရရှိမှုသည် နည်းပါးနေဆဲဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

## မြန်မာနိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ

၇။ Myanmar Energy Master Plan တွင် မြန်မာနိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ် ပုံစံ (၁) နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ် ပုံစံ (၂) ဟူ၍အမျိုးအစား (၂) မျိုးကို တွေ့ရှိရကြောင်း ဖော်ပြထားပါသည်-

### ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဓိကအရင်းအမြစ်များ

| ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ် ပုံစံ (၁) | ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ် ပုံစံ (၂) |
|---|---|
| Hydro Power (ရေအား လျှပ်စစ်) | Biomass/Biofuel (ဇီဝ စွမ်းအင်) |
| Solar Power (Photovoltaics-PV) (နေရောင်ခြည်စွမ်းအင်) | Solid Biomass (fuelwood and woody agricultural residues)(ထင်းလောင်စာနှင့် စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် လောင်စာများ) |
| Wind Power (လေစွမ်းအင်) | |

## တိုင်းဒေသကြီး/ပြည်နယ်များတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များဖြင့် လျှပ်စစ် လုပ်ငန်းစီမံကိန်း ဆောင်ရွက်နိုင်မှုအလားအလာ

၈။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ပထဝီအနေအထားနှင့် ရေ၊ မြေ၊ တော၊ တောင် သဘာဝအရ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များမှ လျှပ်စစ်ထုတ်လုပ်ခြင်းနှင့်ဆက်စပ်သော လုပ်ငန်းစီမံကိန်း ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် ဆွဲဆောင်နိုင်သည့် ရွေးချယ်စရာ အရင်းအမြစ်များစွာရှိနေပါသည်။ European Journal of Sustainable Development Research ၏ လေ့လာမှုအရ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များအလိုက် လျှပ်စစ်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန်တိုင်းဒေသကြီး/ပြည်နယ်များတွင် အောက်ပါအတိုင်း အလားအလာရှိကြောင်း လေ့လာသိရှိရပါသည်-

(က) **Hydropower (ရေအားလျှပ်စစ်)** ။ နိုင်ငံ၏ နယ်နိမိတ်အတွင်း ပင်လယ်နှင့် မြစ်ချောင်းများတည်ရှိနေသည့်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဒေသများရှိ ကျေးလက်ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ရန် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်သော ရေအားမှလျှပ်စစ် ထုတ်လုပ်ခြင်းလုပ်ငန်းသည် အလားအလာကောင်း တစ်ခုဖြစ်ပါသည်။ ဧရာဝတီမြစ် နှင့်မြစ်လက်တက်များဆုံရာ ကချင်ပြည်နယ်မြောက်ပိုင်း၊ သံလွင်မြစ် စီးဆင်းရာ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့်အရှေ့တောင်ပိုင်း၊ ကရင်ပြည်နယ် အရှေ့တောင်ပိုင်းတို့သည် ရေအားဖြင့် လျှပ်စစ်ထုတ်လုပ်သည့် လုပ်ငန်းစီမံကိန်းအတွက် သင့်တော်သည့်ဒေသများဖြစ်ပါသည်။

(ခ) **Solar Power (နေရောင်ခြည်စွမ်းအင်)**။ မြန်မာနိုင်ငံ၏ ဒေသအများစုတွင် လျှပ်စစ်မီးနှင့်အစားအသောက်ချက်ပြုတ်ခြင်းများအတွက် ဆိုလာစွမ်းအင်ကိုထုတ်လွှတ်နိုင်သော လုံလောက်သည့် အပူခာတ်ရောင်ခြည်ရရှိလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အပူပိုင်းဇုံရှိ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများသည် နေရောင်ခြည် စွမ်းအင်သုံး ဆိုလာဖြင့် အသေးစား လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရပါသည်။ ထို့အပြင် မွေးမြူရေးကဏ္ဍရှိ လုပ်ငန်းများ (ဥပမာ- ငါးမွေးမြူရေးလုပ်ငန်း၊ အသားစားကြက် မွေးမြူရေး လုပ်ငန်း စသည်) တွင်လည်း တိရိစ္ဆာန် အညစ်အကြေးနှင့် နေရောင်ခြည်စွမ်းအင်ကိုတွဲ၍ဆောင်ရွက်နိုင်သည့်အခြေအနေများရှိကြောင်း တွေ့ရှိရပါသည်။ အချို့သော ပုဂ္ဂလိက စက်မှုလုပ်ငန်းများ၊ ဥပမာအားဖြင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ပြည်ညောင် အပါချီ ဘိလပ်မြေစက်ရုံအတွက် လိုအပ်သော လျှပ်စစ်ဓါတ်အားကို နေရောင်ခြည် စွမ်းအင်သုံး မြေစိုက် ဆိုလာ (Ground Mounted) ဓါတ်အားပေးစနစ်နှင့် စွန့်ပစ်အပူသုံး ရေနွေးငွေ့ဓါတ်အားပေးစနစ် (Waste Heat Recovery-WHR System) တို့မှ ထုတ်လုပ်သော ဓါတ်အားကို ရယူသုံးစွဲလျက်ရှိပါသည်။

(ဂ) **Wind Power (လေစွမ်းအင်)**။ လေစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ၁စက္ကန့်လျှင် ၄ မီတာခန့် အရှိန်ဖြင့် လေတိုက်ခတ်သည့်ဒေသများဖြစ်သော ချင်းပြည်နယ် (ဟားခါး)၊ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး (မိတ္ထီလာ)နှင့် ရခိုင်ပြည်နယ် (စစ်တွေ) တို့သည် လေစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်ရန် သင့်လျော်သည့် ဒေသများဖြစ်ကြောင်း တွေ့ရှိရပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာနသည် တရုတ်နိုင်ငံမှ လျှပ်စစ်ကုမ္ပဏီများ ပူးပေါင်းကာ ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ ဂွမြို့နယ်နှင့် သံတွဲမြို့နယ်များအတွင်း၌ လေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ရေး သဘောတူညီမှု စာချွန်လွှာကို ၂၀၂၃ ခုနှစ်၊ မတ်လ အတွင်းက လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ ဤ လေအားလျှပ်စစ်စီမံကိန်း ၃ ခုကို ၂၀၂၅ ခုနှစ် အတွင်း ပြီးစီးအောင် တည်ဆောက်ရန်ဖြစ်ပြီး စုစုပေါင်း ၃၆၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် စီမံကိန်များဖြစ်ပါသည်။

(ဃ) **Biomass/ Biofuel(ဇီဝစွမ်းအင်)**။ ဇီဝစွမ်းအင် အရင်းအမြစ်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ သစ်တောကဏ္ဍနှင့်စည်ပင်သာယာရေးလုပ်ငန်းတို့၏စွန့်ပစ်ပစ္စည်းများမှ အများဆုံးစုစည်းရရှိနိုင်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်ခြင်း၊ နိုင်ငံအကျယ်အဝန်း၏ ၅၀ ရာခိုင်နှုန်းခန့်သည် သစ်တောများ ဖုံးလွှမ်းနေခြင်းတို့ကြောင့် အဆိုပါကဏ္ဍများမှထွက်သည့် စွန့်ပစ်ပစ္စည်းများရရှိနိုင်သည့် ဒေသများတွင် ဇီဝစွမ်းအင်သုံး၍ လျှပ်စစ်စီမံကိန်း အသေးစားများကို ဆောင်ရွက်နိုင်ပါသည်။ ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီသည် ဂျပန်နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့်ပူးပေါင်းကာ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်တွင် စွန့်ပစ်အမှိုက်မှ လျှပ်စစ်ထုတ်ယူသည့်

စွန့်ပစ်အပူသုံး လျှပ်စစ်ဓါတ်အား ပေးစက်ရုံကို တည်ဆောက်လျက်ရှိပါသည်။

(င) **Geothermal(မြေအောက်အပူစွမ်းအင်)။** မြေအောက်အပူစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းကို မြေမျက်နှာပြင်ပျမ်းမျှအပူချိန် ၅၀ ဒီဂရီ စင်တီဂရိတ်ရှိသော ရေပူစမ်းများ တည်ရှိရာ ဒေသများတွင် ဆောင်ရွက်နိုင်ပါသည်။ **Geothermal** (မြေအောက်အပူစွမ်းအင်) အတွက် အလားအလာရှိသော တိုင်းဒေသကြီး/ပြည်နယ်များမှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ဖြစ်ပါသည်။

(စ) **Tidal Wave (ဒီရေလှိုင်းစွမ်းအင်)။** မြန်မာနိုင်ငံသည် ၂၈၃၂ ကီလိုမီတာအရှည်ရှိ ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပြီး အားပြင်းသော ဒီရေလှိုင်းသည်ပျမ်းမျှတစ်ရက်လျှင် နှစ်ကြိမ်ခန့်ဖြစ်ပေါ်ပါသည်။ ကမ်းရိုးတန်းဒေသများတွင် ဒီရေလှိုင်းစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်ရန် အလားအလာရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် သုတေသနနှင့် ဖွံ့ဖြိုးမှုအဆင့်တွင်သာရှိကြောင်း သုတေသနစာတမ်းများအရ လေ့လာသိရှိရပါသည်။

## လျှပ်စစ်ကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ

၉။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံတော်အစိုးရ၏မူဝါဒများနှင့်အညီ အကြီးစား၊ အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး လုပ်ငန်းများကို အားပေးဆောင်ရွက်ရန်၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများပိုမိုပါဝင်လာစေရန် အောက်ဖော်ပြပါ လျှပ်စစ်ကဏ္ဍဆိုင်ရာမူဝါဒများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က)**ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားရရှိနိုင်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ။** မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာ ၁၃/၂၀၁၇ (၁-၄-၂၀၁၇) အရ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကျုံးဝင်သည့် လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတည်ရှိရာ အရပ်ဒေသပေါ်မူတည်၍ ဝင်ငွေခွန် ကင်းလွတ်ခွင့် ၃ နှစ်၊ ၅ နှစ် နှင့် ၇ နှစ်အထိ ခံစားခွင့်ရရှိနိုင်ပါသည်။ ၎င်းအမိန့်ကြော်ငြာစာအရ ဦးစားပေးမြှင့်တင်မည့် လုပ်ငန်းပေါင်း ၁၉၁ မျိုးအနက် လျှပ်စစ်နှင့် ဆက်စပ်လုပ်ငန်းပေါင်း ၉ မျိုး ပါဝင်ပါသည်-

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားနိုင်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ**

| စဉ် | | ကဏ္ဍ/ လုပ်ငန်းအမျိုးအစား | Industrial Codes |
|---|---|---|---|
| (က) | လျှပ်စစ်နှင့်ဆက်စပ်သောကုန်ထုတ်လုပ်မှုလုပ်ငန်းများ | | |
| | (၁) | လျှပ်စစ်မော်တာ၊ ဂျင်နရေတာ (လျှပ်ထုတ်စက်)၊ ထရန်စဖော်မာ (လျှပ်ကာပြောင်း)၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်း၊ ထိန်းချုပ်ခြင်းဆိုင်ရာ ကိရိယာ တန်ဆာပလာများ ထုတ်လုပ်ခြင်း | ISIC 271 |
| | (၂) | လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာကိရိယာ တန်ဆာ ပလာများထုတ်လုပ်ခြင်း | ISIC 2710 |
| | (၃) | လူသုံးကုန် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်း (Video၊ TV ကိရိယာများ ထုတ်လုပ်ခြင်း၊ သံသွင်းစတူဒီယိုသုံးပစ္စည်းများ ထုတ်လုပ်ခြင်း) | ISIC 264 |
| | (၄) | အီလက်ထရောနစ်ဆိုင်ရာ ညွှန်တံများ နှင့် အခြားအီလက်ထရောနစ်အစိတ်အပိုင်းများ ထုတ်လုပ်ခြင်း | ISIC 2610 |
| | (၅) | ဘက်ထရီနှင့် လျှပ်စစ်ဓာတ်အားသို လျှောင်အိုးများ ထုတ်လုပ်ခြင်း | ISIC 2720 |
| | (၆) | ဝါယာနှင့် ဝါယာပစ္စည်းများထုတ်လုပ်ခြင်း | ISIC 273 |
| (ခ) | **လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ** | | ISIC 351 |
| (ဂ) | **ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ** | | |
| | (၁) | နေစွမ်းအင်၊ လေစွမ်းအင်၊ မြေအောက်အပူစွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း | ISIC 3510 |
| | (၂) | နေစွမ်းအင်၊ လေစွမ်းအင်၊ မြေအောက်အပူစွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ပို့လွှတ်ခြင်းလုပ်ငန်းကို အထောက်အပံ့ပေးသည့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း | CPC 83324 |

အရင်းအမြစ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဦးစားပေးမြှင့်တင်မည့် ရင်းနှီး မြှုပ်နှံမှု ကဏ္ဍ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ ၁၃/၂၀၁၇(၁-၄-၂၀၁၇)

(ခ) **နိုင်ငံတော်ကသာဆောင်ရွက်ခွင့်ရှိသည့်လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ။** မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်အကြော်ငြာစာ ၁၅/၂၀၁၇ (၁၀-၄-၂၀၁၇) အပိုဒ် (က) (၈) တွင်လျှပ်စစ်ဓာတ်အား စနစ်ကွပ်ကဲခြင်း (CPC– 8631) နှင့် အပိုဒ် (က) (၉) တွင် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးခြင်း (CPC – 8631) များအား နိုင်ငံတော်ကသာ ဆောင်ရွက်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများ။** ၎င်းအမိန့်ကြော်ငြာစာ အပိုဒ်(ဃ) (၆) တွင် အကြီးစား လျှပ်စစ်ဆိုင်ရာလုပ်ငန်း (လျှပ်စစ်ဥပဒေအရ ၃၀ မဂ္ဂါဝပ်အထက် ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ) ISIC 3510, 35101 နှင့် ဓာတ်အားစနစ်နှင့် ချိတ်ဆက်မည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများအားလုံး ISIC 3510 တို့သည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူဆောင်ရွက်ရမည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဃ) **လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ဆက်စပ်သည့် အစိုးရဌာနအဖွဲ့အစည်းများ။** Myanmar Energy Master Plan (2015) တွင်စွမ်းအင်အမျိုးအစားအလိုက် ဝန်ကြီးဌာနများအကြားခွဲဝေတာဝန်ယူ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်ရာတွင် စိန်ခေါ်မှုများဖြစ်ပေါ်စေကြောင်း သုံးသပ်ဖော်ပြထားပါသည်။ ဥပမာအားဖြင့် Hybrid Solar-Biomass ဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းအတွက် ဆုံးဖြတ်ချက်ပေးရာတွင် biomass ထင်းလောင်စာနှင့်ပတ်သက်၍ တာဝန်ရှိသော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အခြေခံနှင့်အသုံးချသုတေသနလုပ်ငန်းအတွက် တာဝန်ရှိသောပညာရေးဝန်ကြီးဌာန၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန(ယခုပညာရေးဝန်ကြီးဌာန)တို့အပြင် Direct Combustion of Boimass ကိုအသုံးပြုပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့၏အခွင့်အာဏာများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

**လျှပ်စစ်ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ**

၁၀။ လျှပ်စစ်နည်းဥပဒေ (၂၇-၁၀-၂၀၁၅)တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန(ယခုလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)သည် အောက်ပါအချက်အားလုံးနှင့် ကိုက်ညီပါက လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းခွင့်ပြုမိန့်ကို ထုတ်ပေးရမည်ဟု ဖော်ပြထားပါသည်-

(၁) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ခွင့်ပြုခြင်း၊

(၂) လျှပ်စစ်ဓာတ်အား ဝယ်ယူမှု သဘောတူညီချက်ချုပ်ဆိုမှုကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (ယခုလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)မှ ခွင့်ပြုခြင်း၊

(၃) သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းသည် တစ်ယူနစ် ထုတ်လုပ်မှု ကုန်ကျစရိတ် အနည်းဆုံးဖြစ်ကြောင်း စိစစ် အတည်ပြုခြင်း၊

၁၁။ လျှပ်စစ်ဥပဒေ(၂၀၁၄)အရ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကိုတစ်ဖက်ပါအတိုင်းခွဲခြားထားပါသည်-

**လျှပ်စစ်ဥပဒေ(၂၀၁၄)အရ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းအမျိုးအစားများ**

| | |
|---|---|
| အသေးစားလျှပ်စစ်ဆိုင်ရာ လုပ်ငန်း | ၁၀မဂ္ဂါဝပ်အထိထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာ လုပ်ငန်း |
| အလတ်စားလျှပ်စစ်ဆိုင်ရာလုပ်ငန်း | ၁၀မဂ္ဂါဝပ်အထက်မှ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်း |
| အကြီးစားလျှပ်စစ်ဆိုင်ရာ လုပ်ငန်း | ၃၀ မဂ္ဂါဝပ်အထက် ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာ လုပ်ငန်း |

၁၂။ လျှပ်စစ်နည်းဥပဒေ ၂၀၁၅ အရလျှပ်စစ်ဆိုင်ရာလုပ်ငန်းခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြထားပါသည်-

**လျှပ်စစ်နည်းဥပဒေ (၂၀၁၅) အရ လျှပ်စစ်ဆိုင်ရာလုပ်ငန်းခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့် ပတ်သက်ဆောင်ရွက်ရမည့် အစိုးရဌာနများ**

| | **မဟာဓာတ်အားလိုင်းစနစ် နှင့်ဆက်သွယ်ခြင်းမရှိသော လုပ်ငန်းများ** | **မဟာဓာတ်အားလိုင်းစနစ်နှင့် ဆက်သွယ်သော လုပ်ငန်းများ** |
|---|---|---|
| အသေးစားနှင့် အလတ်စား လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ | တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အစိုးရအဖွဲ့များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ | လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန |
| အကြီးစား လျှပ်စစ်ဆိုင်ရာ လုပ်ငန်း | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |

၁၃။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်/အတည်ပြုမိန့်ရရှိပြီးသည့်အခါ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုမိန့်များကို ရယူဆောင်ရွက်ရန် လိုအပ်ပါသည်။

၁၄။ မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များက ထုတ်ပေးသော ခွင့်ပြုမိန့် ရရှိထားသူများသည် ခွင့်ပြုမိန့်ပါနယ်နိမိတ်အတွင်းလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်း ဆောင်ရွက်ရန်အတွက် မဟာဓာတ်အားလိုင်းစနစ်နှင့် တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ခံဖြစ်စေ ချိတ်ဆက်လိုပါကခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့်သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ သဘောတူညီချက် ရယူရမည်ဖြစ်သည်။ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ သဘောတူညီချက်ရရှိပါက မဟာဓာတ်အားလိုင်းစနစ်နှင့် တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ခံဖြစ်စေ ချိတ်ဆက်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှခွင့်ပြုချက်ကိုရယူရမည်ဖြစ်ပါသည်။

## လျှပ်စစ်ကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုအခြေအနေ

၁၅။ မြန်မာနိုင်ငံတွင် ပြည်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များ ပေါကြွယ်ဝပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အလားအလာကောင်းများရှိပြီးဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးတွင် လုပ်ငန်း ၈ ခု ကိုခွင့်ပြုခဲ့ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုလုပ်ငန်း ၁ ခု အပါအဝင်ဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဇန်နဝါရီလကုန်အထိ) စီးပွားရေးကဏ္ဍ ၁၂ ခုအနက် လျှပ်စစ်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈.၃၀% ဖြင့် အများဆုံး ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ပါသည်။၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ် မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဇန်နဝါရီလကုန်အထိ)လျှပ်စစ်ကဏ္ဍတွင်စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အရေအတွက် ၄၆ ခုဖြင့် ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၆၁၇၅.၃၂၆ ခွင့်ပြုခဲ့ပြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက် ၃၀ခုဖြင့်ကျပ်သန်းပေါင်း ၁,၁၁၇,၅၃၄.၈၈၈ ခွင့်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ကိုရီယား၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့ကလျှပ်စစ်ကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ပုံစံကို တနင်္သာရီတိုင်းဒေသကြီးတွင် အများဆုံးတွေ့ရှိရပြီးမွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်းတွေ့ရှိရပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့်နေပြည်တော်ကောင်စီတို့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ငန်းဆောင်ရွက်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများ မရှိသေးကြောင်း တွေ့ရှိရပါသည်။

၁၆။ မြန်မာနိုင်ငံတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဦးဆောင်ကာ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ရေရှည်ဖွံ့ဖြိုးမှုဟု ခေါ်ဆိုသည့် အစိမ်းရောင်ဖွံ့ဖြိုးမှု (Green Growth) ရရှိရေးအတွက် စီးပွားရေးလုပ်ငန်းများကို အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ (Green Economy) အသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဦးစားပေးလုပ်ငန်းများကို အကြမ်းအားဖြင့် ရွေးချယ်ထားရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည်လည်းဦးစားပေးကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသော်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် တာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာနများအကြား မူဝါဒပိုင်း၊ ဥပဒေပိုင်း၊ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏လျှပ်စစ်ဓါတ်အားထုတ် လုပ်သုံးစွဲမှုတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုကို မြင့်တက်စေခြင်းဖြင့် တစ်ဖက်တွင် သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုလျှော့ချရေးစာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ရီရီထွေး
ညွှန်ကြားရေးမှူး
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်သုတေသနဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## ဒီဂျစ်တယ်စီးပွားရေးနှင့် အနာဂါတ်အလားအလာ

မျက်မှောက်ခေတ်ကမ္ဘာ့စီးပွားရေးပုံစံပြောင်းလဲလာခြင်းနဲ့အတူ ဒီဂျစ်တယ် နည်းပညာတွေ ဖွံ့ဖြိုးလာတာကြောင့် ဒီနေ့ခေတ်ကို ဒီဂျစ်တယ်ခေတ်(Digital Age) ရယ်လို့တင်စားခေါ်ဝေါ်လာကြပါတယ်။ သတင်းအချက်အလက် နည်းပညာတွေဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့်လည်း ကမ္ဘာကြီးရဲ့ စီးပွားရေးပုံစံဟာ များစွာပြောင်းလဲခဲ့ပြီး ဒီဂျစ်တယ် နည်းပညာတွေမပါဘဲ ကမ္ဘာနဲ့ချိရင်ပေါင်တန်းကာ စီးပွားရေးလုပ်ဖို့ဆိုတာမဖြစ်နိုင်တော့ပါဘူး။ဒါကြောင့်ကမ္ဘာ့နိုင်ငံတွေဟာ ကုန်ထုတ်လုပ်မှုသာမက ဝန်ဆောင်မှုကဏ္ဍတွေကိုပါဖွံ့ဖြိုးတိုးတက်စေဖို့ ကြိုးပမ်းဆောင်ရွက်နေကြသလို ဒီဂျစ်တယ်စီးပွားရေး (Digital Economy) ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြပါတယ်။

### ဒီဂျစ်တယ်စီးပွားရေးဆိုတာ ဘာလဲ?

ဒီဂျစ်တယ် စီးပွားရေးဆိုတာက အလွယ်ပြောရရင် ဒီဂျစ်တယ်နည်းပညာတွေကို အသုံးပြုပြီးတော့ စီးပွားရေးလုပ်တာကို ပြောတာပါ။ မြင်သာအောင်ပြရမယ်ဆိုရင် ကိုယ့်ဆီမှာရှိတဲ့ ဖုန်းဆင်းကတ်ကို အွန်လိုင်းကနေ ဖုန်းဘေလ်ဖြည့်တဲ့ ဥပမာနဲ့ ပြသနိုင်ပါတယ်။ ကိုယ့်ဆီမှာ စမတ်ဖုန်းတစ်လုံးရှိတယ်၊ အွန်လိုင်းကနေ ငွေပေးချေနိုင်တဲ့ Mobile Banking ဒါမှမဟုတ် Pay တစ်မျိုးမျိုးလည်း ရှိနေတယ်၊ ကိုယ်ကလည်းဖုန်းဘေလ်ဖြည့်ချင်တယ်ဆိုရင် တော့ငွေသားကိုမသုံးဘဲအွန်လိုင်းကနေ ငွေပေးချေပြီးဖုန်းဘေလ်ဖြည့်တယ်ဆိုကြပါစို့။ အဲဒါကဒီဂျစ်တယ်စီးပွားရေးပါပဲ။ အရင်တုန်းကလိုလမ်းဘေးစတိုးဆိုင်ကိုသွား၊ ငွေသားကိုပေး၊ ဖုန်းငွေဖြည့်ကတ်ဝယ်၊ ခဲခြစ်၊ နံပါတ်ကိုရိုက်ထည့်ပြီး ဖုန်းငွေဖြည့် ရတာကနေ ဒီဂျစ်တယ် နည်းပညာတွေကိုအသုံးပြုပြီးတော့ဖုန်းငွေဖြည့်တဲ့စနစ်ကို ရောက်လို့လာပါပြီ။ ဒီနေရာမှာ မေးစရာရှိတာက ကိုယ့်ဘာသာကိုယ် အွန်လိုင်းကနေ ဖုန်းဘေလ်ဖြည့်တာ ဒီဂျစ်တယ်စီးပွားရေးလို့ ဘာလို့ပြောနိုင်လဲ? ဆိုတဲ့မေးခွန်းပါပဲ။ ကိုယ်က သာမန် ဖုန်းဘေလ် ဖြည့်တယ်ဆိုပေမဲ့ ဒီလို အွန်လိုင်းကနေ ဖုန်းဘေလ် ဖြည့်နိုင်အောင် ဘဏ်တွေ၊ တယ်လီကွန်းအော်ပရေတာတွေ၊ဆော့ဖ်ဝဲလ်အက်ပလီကေးရှင်း (Apps) ရေးဆွဲတဲ့ ကုမ္ပဏီတွေ၊ အင်တာနက်ဝန်ဆောင်မှုပေးတဲ့ ကုမ္ပဏီတွေ၊ အွန်လိုင်း ငွေပေးချေမှုကို လုံခြုံမှုရှိအောင် ဆောင်ရွက်ရတဲ့ကုမ္ပဏီတွေစသဖြင့် ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်းများစွာ ပေါင်းစပ်လုပ်ကိုင်ကြရပါတယ်။ ပြီးတော့ ခုလိုဒီဂျစ်တယ်နည်းပညာတွေကိုအသုံးပြုဖို့ကဒီဂျစ်တယ် အခြေခံ အဆောက်အအုံ (Digital Infrastructure) တွေ မရှိမဖြစ်လိုအပ်ပါတယ်။




### ဒီဂျစ်တယ်အခြေခံအဆောက်အအုံတွေက ဘာတွေလဲ?

ဒီဂျစ်တယ် အခြေခံအဆောက်အအုံတွေဆိုတာက ဒီဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာအခြေခံကျလေတော့မဖြစ်မနေဖြည့်ဆည်းပေးရမယ့် လိုအပ်ချက်တွေဖြစ်ပါတယ်။ ဒါတွေကတော့ e-Government စနစ် ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ခြင်း၊ e-Commerce စနစ် တွင်ကျယ်စွာ အသုံးပြုနိုင်ရေးဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ Digital Banking စနစ်ကိုအကောင်အထည်ဖော်ခြင်းနဲ့ စွန့်ဦးတီထွင်ဒီဂျစ်တယ် စီးပွားရေးလုပ်ငန်းရှင်တွေကို အားပေးကူညီခြင်းစတဲ့ အခြေခံလိုအပ်ချက်တွေပဲဖြစ်ပါတယ်။ ဒါ့အပြင်အခြားအခြေခံလိုအပ်ချက်တွေလည်းရှိပါသေးတယ်။ ဥပမာ-လူတိုင်း ဒီဂျစ်တယ်ပစ္စည်းတွေ အသုံးပြုလာနိုင်ဖို့ စီမံဆောင်ရွက်ခြင်းနဲ့ ဒီဂျစ်တယ် နည်းပညာတွေ တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ရေး အသိပညာပေးခြင်း စတာတွေကိုလည်း ဆောင်ရွက်ရပါမယ်။ဒါမှသာဒီဂျစ်တယ်စီးပွားရေးကဟန်ချက်ညီညီနဲ့ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့အထက်မှာပြောခဲ့တဲ့ အခြေခံလိုအပ်ချက်တွေကို ထိုက်သင့်သလောက်ဖြည့်ဆည်းနိုင်ခဲ့ပေမဲ့ လိုအပ်ချက်တွေလည်းရှိနေပါသေးတယ်။

### ဒီဂျစ်တယ်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ဖို့ ဘာတွေလုပ်ရမလဲ?

ဒီဂျစ်တယ် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်တော့ အရင်ဆုံးနိုင်ငံရဲ့ သတင်းအချက်အလက် နည်းပညာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရပါမယ်။ ဒီလိုဆောင်ရွက်ဖို့ဆိုတာက နည်းပညာနဲ့အရင်းအနှီးများစွာလိုအပ်ပါတယ်။ဥပမာ-အစိုးရဌာနတစ်ခုမှာe-Government စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်တော့မယ်ဆိုရင် နည်းပညာကုမ္ပဏီတွေကနေ နည်းပညာဝန်ဆောင်မှုတွေယူရမယ်၊ လုပ်ငန်းပမာဏအပေါ်မူတည်ပြီးဒီဂျစ်တယ်

ပစ္စည်းတွေဝယ်ယူတပ်ဆင်ရမယ်၊ စနစ်ကိုအသုံးပြုမယ့်သူတွေရင်းနှီးကျွမ်းကျင်မှုရှိအောင်လေ့ကျင့်သင်ကြား ပြသရမယ်စတဲ့အခြေခံလိုအပ်ချက်တွေလိုအပ်မှာဖြစ်ပြီးငွေကြေးကုန်ကျမှုနဲ့ အချိန်များစွာပေးရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ e-Government စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းရဲ့အကျိုးကျေးဇူးကများစွာရှိနေတော့ယနေ့ခေတ်လိုနည်းပညာခေတ်ကြီးမှာမဖြစ်မနေကို အကောင်အထည်ဖော် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေပဲဖြစ်ပါတယ်။

အရင်တုန်းကကုန်ရောင်းကုန်ဝယ်လုပ်ရာမှာကုန်ရောင်းသူနဲ့ ကုန်ဝယ်သူတွေမြေပြင်မှာနှစ်ဦးတွေ့ဆုံပြီး အရောင်းအဝယ်လုပ်ရာကနေ ခုဆိုရင် အွန်လိုင်းကနေ ဈေးရောင်းဈေးဝယ်လုပ်တဲ့ ခေတ်ကို ရောက်လို့လာပါပြီ။ ဒါက e-Commerce စနစ် ဖွံ့ဖြိုးတိုးတက်လာခြင်းရဲ့ အကျိုးကျေးဇူးတွေကြောင့်ပါပဲ။ ဒီလို e-Commerce စနစ် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်တော့ ဒီဂျစ်တယ်စနစ်ကို ပြောင်းလဲကျင့်သုံးကြဖို့ လိုအပ်ပါတယ်။ ဒီလိုလုပ်ဖို့ဆိုတာက တကယ့်လက်တွေ့မြေပြင်မှ မလွယ်ကူပါဘူး။ ကျေးလက်နေ လူဦးရေများတဲ့ မြန်မာနိုင်ငံအဖို့ အွန်လိုင်းပေါ်ကနေ ဈေးဝယ်ဖို့ဆိုတာ အခြေခံအဆောက်အအုံတွေ ထိုက်သင့်သလောက်ရှိနေပေမဲ့ လူတိုင်းဒီလိုမလုပ်နိုင်ကြသေးပါဘူး။ ယုံကြည်စိတ်ချရမှုနဲ့ စီးပွားရေးပုံစံကောင်းတွေ လိုအပ်နေပါသေးတယ်။ ဒါတွေရှိဖို့က စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်တာနဲ့ အသိပညာပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ရပါမယ်။



မြန်မာနိုင်ငံရဲ့ဆက်သွယ်ရေးကဏ္ဍဟာဆိုရင် ၂၀၁၀ပြည့်နှစ်လွန်ကာလကတည်းကပင် အတော်အတန် ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ အရင်က ရှားရှားမိုဘိုင်းဖုန်း တစ်လုံး ကိုင်နိုင်ဖို့ဆိုတာ အတော်ခက်ခဲခဲ့ကြပေမယ့် အခုဆိုရင် လူတိုင်းလိုလို စမတ်ဖုန်းတစ်လုံးကို အနည်းဆုံးကိုင်တွယ်အသုံးပြုနိုင်ကြပါပြီ။ ဖုန်းခေါ်ဆိုမှု များသာမကဒေတာအသုံးပြုမှုပါ တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်တော့ အင်တာနက်အသုံးပြုသူ အရေအတွက်များပြားလာပါတယ်။ ဒါ့အပြင်မြို့ပြဒေရိယာတွေမှာ မြန်နှုန်းမြင့် ဖိုင်ဘာအင်တာနက်လိုင်းတွေ တပ်ဆင်အသုံးပြုလာနိုင်ခြင်းနဲ့ Broadband Wireless အင်တာနက်စနစ်တွေ အသုံးပြုလာနိုင်ခြင်းတို့ကြောင့် ဆက်သွယ်ရေး နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံလူဦးရေ ရဲ့ ၇၀% ဟာ ကျေးလက်ဒေသမှာ နေထိုင်ကြတာဖြစ်လို့ တောကြုံအုံကြားပါမကျန် မြန်နှုန်းမြင့် အင်တာနက်စနစ်တွေ လွှမ်းခြုံဖို့ဆိုတာ အတော်ကြိုးပမ်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အရင်ဆုံး မိုဘိုင်းဒေတာ အသုံးပြုမှုကို တစ်နိုင်ငံလုံးအကြားအလပ်မရှိ လွှမ်းခြုံနိုင်အောင် ဦးစားပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ နိုင်ငံအဝှမ်း ဘယ်နေရာကမဆို အင်တာနက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ဘဏ်စနစ်ရဲ့အသက်ဟာယုံကြည်မှုဖြစ်လေတော့ ဘဏ်ကနေဝန်ဆောင်မှုရယူကြသူတွေ လုံခြုံစိတ်ချစွာငွေကြေးကိစ္စအဝဝကို ဆောင်ရွက်နိုင်ဖို့က အရေးကြီးပါတယ်။ ဒါ့ကြောင့် ဘဏ်စနစ်ကို Digital Banking စနစ်အဖြစ် ပြောင်းလဲကျင့်သုံးဖို့ဆိုတာ အပြောလွယ်ပေမဲ့လက်တွေ့လုပ်ဆောင်ရာမှာစိန်ခေါ်မှုများစွာရှိနေပါတယ်။ ဒါဆိုရင် ဘာဖြစ်လို့ကမ္ဘာပေါ်မှာရှိတဲ့ ဘဏ်တွေက Digital Banking စနစ်ကို ပြောင်းလဲ ကျင့်သုံးကြလဲ? အဖြေကတော့ ရှင်းပါတယ်။ လွယ်ကူမြန်ဆန်လို့ပါပဲ။ လက်ရှိကာလမှာ ကမ္ဘာ့နိုင်ငံတွေက စီးပွားရေးလုပ်ငန်းတွေဟာ ငွေစက္ကူတွေသာမက ဒီဂျစ်တယ်ငွေကြေး (Digital Currency) တွေကို တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြပါပြီ။ ဒီလိုဒီဂျစ်တယ်ငွေကြေးတွေကို မြန်မာနိုင်ငံမှာတွင်တွင်ကျယ်ကျယ်အသုံးပြုဖို့က အချိန်ယူရပါဦးမယ်။ လူတိုင်းအသုံးပြုရန် ဖြစ်နိုင်ချေရှိတဲ့ Mobile Banking ကို ငွေပေးချေမှုတိုင်းမှာ အသုံးပြုနိုင်ဖို့ အရင်ဆုံးကြိုးစားလုပ်ဆောင်ရမှာဖြစ်ပါတယ်။

ဒီဂျစ်တယ် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ဖို့က ရုပ်ဝတ္ထုပိုင်းဆိုင်ရာ နည်းပညာမြင့် ဒီဂျစ်တယ် ပစ္စည်းတွေသာမကလူ့စွမ်းအားအရင်းအမြစ်ကလည်း မရှိမဖြစ်လိုအပ်ပါတယ်။ ခေတ်မီနည်းပညာတွေဆိုတာက သူ့ဟာသူအလိုလိုနေရင်းဖြစ်လာတာမဟုတ်ဘဲ လူသားတွေက တီထွင်ဖန်တီးကြလို့ သာယနေ့ကမ္ဘာပေါ်မှာပေါ်ထွက်လာခဲ့တာပါ။ ဒီလိုပေါ်ထွက်လာတာကလည်းစွန့်ဦးတီထွင်သူတွေနဲ့စွန့်ဦးလုပ်ကိုင်ကြတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကြောင့်ပဲ ဖြစ်ပါတယ်။ အရင်က ဟားဗက်တက္ကသိုလ်ကျောင်းသား တစ်ဦးဖြစ်ခဲ့တဲ့ Mark Zuckerberg ဟာ တက္ကသိုလ်ဝင်းအတွင်းမှာသာ အသုံးပြုနိုင်ဖို့ လူမှုကွန်ယက်တစ်ခုကို ရှေးပြေးပုံစံအဖြစ်နဲ့ တီထွင်ခဲ့ရာကနေ လက်ရှိကမ္ဘာပေါ်မှာ လူသုံးအများဆုံးသော လူမှုကွန်ယက်ဖြစ်တဲ့ Facebook ဆိုတာ

ဖြစ်လာခဲ့ပါတယ်။ အလားတူပဲ စွန့်ဦးလုပ်ငန်းရှင်ဖြစ်တဲ့ Jack Ma ဟာ သာမန် ကုန်ရောင်းကုန်ဝယ်လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာကနေ ယနေ့ Alibaba ဆိုပြီး လူသိများတဲ့ e-commerce ကုမ္ပဏီကြီး ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီဂျစ်တယ်အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လူ့စွမ်းအားအရင်းအမြစ်တွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်သလို စွန့်ဦးလုပ်ငန်းရှင်တွေကိုလည်း မြေတောင်မြှောက်ပြီး အားပေးကူညီရမှာ ဖြစ်ပါတယ်။



## အနာဂါတ် ဒီဂျစ်တယ်စီးပွားရေး

ဒီဂျစ်တယ်စီးပွားရေးဟာ ခေတ်သစ်ကမ္ဘာ့စီးပွားရေး ပုံစံထဲမှာ ဝင်ရောက်လို့ နေရာယူထားပြီးဖြစ်ပါတယ်။ ကိန်းဂဏန်းအချက်အလက်တွေအရ ဒီဂျစ်တယ်စီးပွားရေးဟာ ကမ္ဘာ့ဂျီဒီပီရဲ့ ၁၅% ကို နေရာယူလို့ထားတယ်လို့ ဆိုကြပါတယ်။ ၂၀၃၀ ပြည့်နှစ်ကာလကို ရောက်ရှိရင်တော့ ဒီဂျစ်တယ်စီးပွားရေးဟာ ကမ္ဘာ့ဂျီဒီပီရဲ့ ၃၀% ကိုနေရာယူနိုင်တယ်လို့ခန့်မှန်းထားကြပါတယ်။ ဒါကတော့ ကမ္ဘာတစ်ဝှမ်းလုံးကို ခြုံငုံပြီးသုံးသပ်ကြတာဖြစ်လို့ ရာခိုင်နှုန်းအားဖြင့်နည်းပါးနေတာဖြစ်နိုင်ပေမဲ့ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေမှာဆိုရင် ဒီပမာဏထက်များနိုင်ပါတယ်။

အရင်က ကမ္ဘာကြီးရဲ့ စီးပွားရေးပုံစံဟာ သဘာဝသယံဇာတတွေ ထုတ်လုပ်ရောင်းချမှု အပေါ်မှာ လွန်စွာမူတည်နေပြီးတော့ သဘာဝသယံဇာတတွေ ပေါ်ကြွယ်ဝတဲ့နိုင်ငံတွေအဖို့ကနိုင်ငံဖွံ့ဖြိုးဖို့နဲ့တိုးတက်ဖို့ဆိုရင် သယံဇာတတွေကိုထုတ်လုပ်ရောင်းချလိုက်ရုံနဲ့ နိုင်ငံခြားငွေအလွယ်တကူရနိုင်တာမို့ နိုင်ငံအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေနဲ့ အခြားဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အလွယ်တကူထောက်ပံ့ ဖြည့်ဆည်းနိုင်ခဲ့ကြပါတယ်။ ဒါပေမဲ့ သဘာဝသယံဇာတ ဆိုတာက ပြန်လည်ဖန်တီးရယူနိုင်တဲ့ အရင်းအမြစ် မဟုတ်လေတော့ ထုတ်ယူသုံးစွဲပြီးရင် ကုန်သွားနိုင်တာကြောင့် တစ်နေ့နေ့ တစ်ချိန်ချိန်ကြရင် ထုတ်ယူသုံးစွဲရင်းလုံးဝကုန်ခမ်းသွားမှာသေချာပါတယ်။ ဒါ့ကြောင့်ကမ္ဘာ့နိုင်ငံတွေဟာ သဘာဝ ထွက်ကုန်ကြမ်းပစ္စည်းတွေကို တိုးမြှင့်ထုတ်ယူသုံးစွဲခြင်းအစား နည်းပညာမြင့် ထုတ်ကုန်ပစ္စည်းတွေကို တိုးမြှင့်ထုတ်လုပ်ဖို့ ကြိုးပမ်းဆောင်ရွက်နေခြင်းနည်းတူ ဝန်ဆောင်မှုကဏ္ဍတွေကိုပါဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြပါတယ်။ တချို့နိုင်ငံတွေဆိုရင် ကုန်ထုတ်လုပ်မှုထက် ဝန်ဆောင်မှုလုပ်ငန်းတွေကပင်ပိုပြီး လို့တောင် နိုင်ငံရဲ့ဝင်ငွေကို ဖြည့်တင်းပေးနေတာကိုတွေ့ရှိရပါတယ်။

ကမ္ဘာပေါ်မှာသဘာဝသယံဇာတထွက်ရှိခြင်းမရှိဘဲဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံတွေကို ကြည့်မယ်ဆိုရင် ဒီဂျစ်တယ်အခြေပြု နည်းပညာမြင့်ပစ္စည်းတွေကို ထုတ်လုပ်ခြင်းနဲ့ ဒီဂျစ်တယ် ဝန်ဆောင်မှုလုပ်ငန်းတွေကနေ အကျိုးအမြတ်များစွာ ရရှိနေတာကို တွေ့ရှိရပါမယ်။ ဒါကြောင့် နောင်အနာဂါတ် ကမ္ဘာ့စီးပွားရေးအခင်းအကျင်းမှာ အဆင့်မြင့်ဒီဂျစ်တယ်နည်းပညာနဲ့ အဲဒီနည်းပညာတွေကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်တဲ့ လူသားအရင်းမြစ်တွေက နိုင်ငံတွေရဲ့ စီးပွားရေး မောင်းနှင်အားကို ထိန်းကျောင်းပဲ့ကိုင်သွားမှာဖြစ်ပြီး ဒီဂျစ်တယ် စီးပွားရေးအားပြိုင်မှုများကို ကြီးမားကျယ်ပြန့်စွာ တွေ့ရှိလာရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီလို ဒီဂျစ်တယ် စီးပွားရေးအားပြိုင်မှုလှိုင်းလုံးတွေကြားမှာ မျောပါပြီးဘယ်လိုအကျိုးအမြတ်တွေ ရရှိအောင် ထုတ်ယူရမလဲဆိုတာ ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ရှိပြီးသား ဒီဂျစ်တယ်အခြေခံအဆောက်အအုံတွေကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ဒီဂျစ်တယ်စီးပွားရေး လုပ်ငန်းတွေ လွယ်ကူလျင်မြန်စွာ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံနိုင်ဖို့ စီးပွားရေးဝန်းကျင်ကောင်းတွေကို ဖန်တီးပေးရပါမယ်။ ဒါ့အပြင်နိုင်ငံသား စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေကို ဒီဂျစ်တယ်စီးပွားရေး လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံ လာနိုင်အောင် လိုအပ်တဲ့ အရင်းအနှီးနဲ့ နည်းပညာတွေကိုပံ့ပိုးကူညီသွားရမှာဖြစ်ပါတယ်။ ဒါမှသာ ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး နိုင်ငံရဲ့ ဝင်ငွေဟာလည်း ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်းတွေကနေ တစ်ဖက်တစ်လမ်းအနေနဲ့ တိုးတက်ရရှိလာစေမှာပဲ ဖြစ်ပါတော့တယ်။

နေမျိုးသူရ

## ရင်းနှီးမြှုပ်နှံမှုစီးပွားရေးအခွင့်အလမ်းများနှင့်လွယ်ကူချောမွေ့စေခြင်း

ရန်ကုန်တွင် ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်း ပေါများလာပြီး လူဦးရေတိုးပွားလာကာ မြို့ပြဖွံ့ဖြိုးမှုကိုလည်း တစ်ပါတည်းပါလာစေပါသည်။ မြို့ပြဖွံ့ဖြိုးလာသည်နှင့်အမျှ ကုန်စည်များ ကူးသန်းရောင်းဝယ်သယ်ယူပို့ဆောင်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြသယ်ယူပို့ဆောင်ရေး၊ မြို့ပြစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လည်း လိုအပ်လာမည်မှာ မလွဲကေန်ဖြစ်ပေသည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီး၏ လက်ရှိအရင်းအမြစ်များက အားသာချက်များအဖြစ် ရှိနေသည့်အတွက် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုအသစ်များဝင်ရောက်လျက်ရှိနေတာကိုတွေ့ရပါသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ သတင်းထုတ်ပြန်ချက်များအရ ယခုဘဏ္ဍာနှစ်ပထမ ၃ လပတ်အတွင်းတွင် လုပ်ငန်းပေါင်း ၁၀ ခုကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ လုပ်ငန်းများအနေနှင့် ရာဘာကုန်ကြမ်းများအားတန်ဖိုးမြှင့်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေးသုံးပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ စွန့်ပစ်အလူမီနီယမ်သတ္တုဖူးခွံများအား ပုံစံတုံး အဖြစ်ဖိနှိပ်ပြီး ပြည်ပသို့တင်ပို့ခြင်း၊ CMP စနစ်ဖြင့်အဝတ်အထည်၊ အိပ်ယာခင်း၊ ဖိနပ်ချုပ် လုပ်သည့်လုပ်ငန်းများ၊ ဂျပ်ဖာများ ထုတ်လုပ်၍ ပြည်တွင်းရှိ CMP လုပ်ငန်းများသို့ ရောင်းချခြင်း လုပ်ငန်းများကိုတွေ့ရပါသည်။ လုပ်ငန်းသစ်များ ဝင်ရောက်လာသည့်အတွက် တိုင်းဒေသကြီး၏ ဂျီဒီပီ၊ အလုပ်အကိုင်အခွင့်အလမ်း၊ နိုင်ငံခြားငွေ ဝင်ရောက်မှုများတွင်တိုက်ရိုက်အကျိုးဖြစ်ထွန်းပြီး၊ သွယ်ဝိုက်အကျိုး ဖြစ်ထွန်းမှုအနေနှင့်လည်း တိုင်းဒေသကြီးအတွင်း အိမ်၊ခြံ၊မြေ၊ ဆောက်လုပ်ရေး ကဏ္ဍအပါအဝင် အခြားဝန်ဆောင်မှုလုပ်ငန်းများလည်း ဆက်စပ်တိုးတက်လာသည်ကို တွေ့ရပါသည်။



ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ပြည်ထောင်စုဝန်ကြီးဌာနများက လျာထားဆောင် ရွက်မည့်စီမံကိန်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နှစ်အလိုက်ဆောင်ရွက်မည့် လျာထားစီမံကိန်းများရှိသည့်အတွက်လည်း နိုင်ငံသားလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း အလားအလာအသစ်များရှိနေဆဲဖြစ်ပါသည်။ ထို့အပြင် လက်ရှိစက်မှုဇုန်များတွင် လယ်ယာစားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်း၊ သားငါး၊ ရေထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ အအေးခန်းနှင့် အအေးခန်းသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ လယ်ယာသုံးစက်ပစ္စည်း ကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဓါတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်း၊ အဝတ်အထည်၊ အိတ်၊ ဖိနပ်ချုပ်လုပ်ခြင်းလုပ်ငန်း၊ အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုးနှင့် လျှပ်စစ်ကြိုးအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းတို့အပြင် ဖျော်ရည်ဗူးခွံ၊ ပလတ်စတစ်ပုလင်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ထုပ်ပိုးရန်အတွက် အိတ်အမျိုးမျိုးနှင့် ကတ်ထူစက္ကူပုံးထုတ်လုပ်ခြင်းလုပ်ငန်း၊ ကုန်အမှတ်တံဆိပ်များ ပုံနှိပ်ထုတ်လုပ်ခြင်းလုပ်ငန်းစသော အထောက်အကူပြုလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာတာကိုတွေ့ရှိရပါသည်။



အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း

ရန်ကုန်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ၊ များစွာရှိပြီး အဆိုပါလုပ်ငန်းများအနေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများစွာရှိပါသည်။ ထိုသို့ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက်လိုအပ်သော ပြည်ပရှိထုတ်လုပ် ထောက်ပံ့သူများအစား ပြည်တွင်းထုတ်လုပ်ထောက်ပံ့သူများကို အစားထိုးဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်တွင်းရှိ MSME လုပ်ငန်းများ၏ ကုန်ပစ္စည်းများ၏ အရည်အသွေး၊ ယုံကြည်စိတ်ချရမှုများ တိုးတက်လာနိုင်ပါသည်။ သို့ဖြစ်၍ ပြည်တွင်းရှိ MSME လုပ်ငန်းများအနေနှင့်

မိမိ၏ လက်တစ်ကမ်းတွင်ရှိသော စီးပွားရေးအခွင့်အလမ်းများအား လက်လွှတ်မခံဘဲ အမိအရ ဆုပ်ကိုင်ဆောင်ရွက်သင့်ပါသည်။



အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း

ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရန် ဖန်တီးကြိုးစားရသကဲ့သို့ တစ်ဖက်တွင်လည်း ရောက်ရှိလာသည့် ရင်းနှီးမြှုပ်နှံမှုများအား လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးရန်လည်းလိုပါသည်။ လွယ်ကူချောမွေ့အောင်ကူညီဆောင်ရွက်ပေးခြင်းကို UNCTAD (2016) က “ရင်းနှီးမြှုပ်နှံသူများအတွက် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တည်ထောင်ရာတွင်လည်းကောင်း၊ လက်ရှိရင်းနှီးမြှုပ်နှံမှုအားချဲ့ထွင်ရာတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသည့်နိုင်ငံတွင်နေ့စဉ်လုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်းလွယ်ကူချောမွေ့အောင်ကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။”ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တည်ထောင်ရာတွင်လည်းကောင်း၊လည်ပတ်ရာတွင်လည်းကောင်းလိုအပ်သောကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များပေးခြင်း၊ သွင်းကုန်၊ ထုတ်ကုန်ဆိုင်ရာများ၊ ပြည်တွင်းအခွန်၊ အကောက်ခွန်ဆိုင်ရာများ၊ နိုင်ငံခြားသားဒါရိုက်တာများ၊ ပညာရှင်များနှင့် မှီခိုသူများ၏ ပြည်ပြန်ဝင်ခွင့်နှင့်နေထိုင်ခွင့်သက်တမ်းတိုးခြင်းများ၊ အလုပ်သမားမှတ်ပုံတင်ကိစ္စရပ်များ၊ အခြားလိုအပ်သော လိုင်စင်လျှောက်ထားမှုများအား လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ရင်းနှီးမြှုပ်နှံမှုများအားအထောက်အကူပြုပေးရန်လိုအပ်ပါသည်။

ရန်ကုန်သို့ ရင်းနှီးမြှုပ်နှံမှုများ ပုံမှန်စီးဝင်နေခြင်းဖြင့် တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေး အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာမည်ဖြစ်ပါသည်။ စီးဝင်လာသော ရင်းနှီးမြှုပ်နှံမှုများကိုလည်း လွယ်ကူချောမွေ့စေရန်ကူညီပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ရပ်ဖြစ်ပေါ်လာပြီးလူမှုစီးပွားဘဝ တိုးတက်လာစေရန်အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

ဦးမျိုး(ရန်ကုန်)

## ဆန်စပါးနှင့် ကြိတ်ခွဲစက်

ဆန်စပါးသည်မြန်မာနိုင်ငံတွင်ရှေးနှစ်ပေါင်းများစွာကပင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် အဓိက စားကုန်၊ စားနပ်ရိက္ခာတစ်မျိုးဖြစ်ပါသည်။ စက်ယန္တယားများ မပေါ်ပေါက်သေးသည့် အချိန်ကာလ ကတည်းကပင် နည်းမျိုးစုံဖြင့် စပါးကို ဆန်ဖြစ်အောင် ပြုလုပ်စားသောက်ခဲ့ကြပါသည်။ လက်ဆုံ၊ မောင်းဆုံတို့ဖြင့် ထောင်း၍ဆန်ဖြစ်အောင် ပြုလုပ်စားသုံးခဲ့ကြပါသည်။ ၁၈၆၀ ပြည့်နှစ်လောက်တွင် အင်္ဂလန်နိုင်ငံမှ ပညာရှင် ၂ ဦးက ဆန်စက်ကို တီထွင်ထုတ်လုပ်ခဲ့ကြပြီး ဆန်စက်ဖြင့်စပါးကို ကြိတ်ခွဲလာခဲ့ကြရာ ယခုအခါတွင် ခေတ်မီဆန်စက်များ များစွာပေါ်ထွက်လာ၍ ဆန်စက်ဖြင့်သာ စပါးကြိတ်ခွဲခြင်းကို ပြုလုပ်ကြပါသည်။

လူသားများအတွက် အဓိကလိုအပ်ချက်မှာစားနပ်ရိက္ခာဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း စားနပ်ရိက္ခာဖူလုံရေးအတွက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြပါသည်။ ထိုသို့စားနပ်ရိက္ခာအတွက် သီးနှံများစိုက်ပျိုးကြရာတွင် “စပါး” သည် အဓိကကြသော သီးနှံတစ်ခုဖြစ်ပါသည်။ သီးနှံများစိုက်ပျိုးကြရာတွင်လည်း အထွက်တိုး၍ အရည်အသွေးကောင်းမွန်စေရန် ခေတ်မီသောသိပ္ပံနည်းစနစ်များဖြင့်ဆောင်ရွက်ကြပါသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးခဲ့ကြသော စပါးမျိုးကွဲပေါင်း တစ်ထောင်နီးပါးခန့်ရှိရာ သက်တမ်း ၁၀၀ ရက်မှ ၁၅၀ ရက်ထိရှိသော မျိုးစပါးများကို “ကောက်လျင်”၊ ရက်ပေါင်း ၁၅၀ မှ ၁၇၀ ထိရှိသော မျိုးစပါးများကို “ကောက်လတ်”၊ ရက်ပေါင်း ၁၇၀ အထက်ရှိသော မျိုးစပါးများကို “ကောက်ကြီး” ဟူ၍ လွယ်ကူစွာမှတ်သားနိုင်ရန် အုပ်စု ၃ မျိုး ခွဲခြားထားသည်ဟုဆိုပါသည်။



မြန်မာနိုင်ငံတွင် စပါးစိုက်ပျိုးသော ဒေသများကို မိုးရွာသွန်းမှုပမာဏအလိုက် ဇုန် ၄ စုခွဲ၍ သတ်မှတ်ခဲ့သည်ဟုလည်းဆိုပါသည်။ မြန်မာနိုင်ငံမြောက်ပိုင်း "စိုစွတ်ဇုန်" (ကချင်ပြည်နယ်-မြစ်ကြီးနား၊ ကသာ၊ ဗန်းမော်နှင့်အထက်ချင်းတွင်း မော်လိုက်ခရိုင်တို့ ပါဝင်ပြီး နှစ်စဉ်မိုးရေချိန် လက်မ ၆၂ မှ ၈၀ ထိ ရွာသွန်းသည်ဟုဆိုပါသည်။ အထက်မြန်မာနိုင်ငံ "အပူပိုင်းဇုန်" (မန္တလေးခရိုင်မှ သရက်ထိ)ဖြစ်ပြီး နှစ်စဉ်မိုးရေချိန် လက်မ ၂၅ မှ ၄၀ ထိဖြစ်၍ တောင်ကြားချိုင့်ဝှမ်းများ၌ မိုးရေဖြင့် စိုက်ပျိုးသည်ဟုဆိုပါသည်။ မြန်မာနိုင်ငံ "အလယ်ပိုင်းဇုန်" (တောင်ငူနှင့် ပြည်ခရိုင်) ဧရာဝတီမြစ်၏ဝဲယာ၌ ပြန့်ပြူးညီညာသော မြေပြန့်များရှိ၍သက်လတ်စပါးများစိုက်ပျိုးကြကာ အောက်မြန်မာနိုင်ငံ "စိုစွတ်ဇုန်"အား အပိုင်း ၃ ပိုင်း ခွဲခြားထားရာအပိုင်း ၁ ၌ (စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲခရိုင်)တို့ ဖြစ်၍ မိုးရေချိန် လက်မ ၂၀၀ ကျော်ရှိပြီး အပိုင်း ၂ တွင် (သထုံ၊ ကျိုက္ကမီ၊ ထားဝယ်နှင့် မြိတ်ခရိုင်) တို့ပါဝင်ပြီး မိုးရေချိန် လက်မ ၂၀၀ ကျော်ရှိကာ အပိုင်း ၃ မှာ ဟင်္သာတ၊ ဟံသာဝတီ၊ သာယာဝတီ၊ ပဲခူး၊ အင်းစိန်၊ ရန်ကုန်၊ မအူပင်၊ ဖျာပုံ၊ မြောင်းမြ၊ ပုသိမ်၊ သံလွင်) တို့ဖြစ်ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ မြေနိမ့်လွင်ပြင်များဖြစ်ကာ မိုးရေချိန် လက်မ ၈၀ ကျော်မှ ၁၃၀ ထိ ရွာသွန်းသည်ဟု ဆိုပါသည်။

စိုက်ပျိုးထွက်ရှိသောစပါးလုံး၏အလျား၊ အနံအချိုးအစားလိုက်၍ စပါးအုပ်စု ၅ စု သတ်မှတ်ခဲ့သည်ဟုလည်း ဆိုခဲ့ပါသည်။ ထို ၅ ခုမှ ညော့်မထအုပ်စု၊ လက်ရွေးစဉ်အုပ်စု၊ ငစိန်အုပ်စု၊ မီးတုန်းအုပ်စု၊ ဗျတ်အုပ်စုတို့ဖြစ်ပါသည်။ စပါးစိုက်ပျိုးရာတွင်လည်း အထွက်နှုန်းကောင်းစေရန်စနစ် ၁၀ မျိုး ရှိသည်ဟုလည်းဆိုပါသည်။ ယင်းတို့မှာအထွက်ကောင်းမျိုးစပါး အသုံးပြုရန်၊ ညက်ညက်ထွန်ရန်၊ စိပ်စိပ်စိုက်ရန်၊ မျိုးသက် ၂၅ ရက်နှင့် ၃၀ ရက်အတွင်း ပြောင်းရွှေ့စိုက်ရန်၊ ဓါတ်မြေသြဇာ အချိုးကျသုံးစွဲရန်၊ ပေါင်းမြက် နှိမ်နင်းပြီး သမန်းနိုးရန်၊ ရေသွင်းရေထုတ် ပြုလုပ်ရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ် နှိမ်နင်းရန်၊ အလေအလွင့်နည်းအောင်ရိပ်သိမ်းချွေလှေ့ရန်တို့ဖြစ်သည်ဟုဆိုပါသည်။

မြန်မာနိုင်ငံတွင် ရေမြေရာသီဥတုအခြေအနေအရလည်းကောင်း၊ စိုက်ပျိုးချိန် ရာသီအရလည်းကောင်း၊ စပါးမျိုးအုပ်စုများကွဲပြား စိုက်ပျိုးလျက်ရှိရာ အောက်မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ် ဒေသများတွင် မိုးကောင်းသောက် မြေပြန့်စပါး၊ အထက်မြန်မာနိုင်ငံ ဆည်များ၊ တူးမြောင်းများရှိရာဒေသတွင် ဆည်ရေသောက်စပါး အုပ်စုကိုလည်းကောင်း၊ တောင်တန်းဒေသများ၌ ကုန်းမြင့်စပါးကိုလည်းကောင်း၊ မြေပြန့်ဒေသများရှိယာမြေများတွင် ယာစပါးများကိုလည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသကြီး ရေနက်ကွင်းများ၌ ရေနက်စပါးများကိုလည်းကောင်း၊ တောင်တန်းဒေသများတွင် တောင်ယာစပါးများကိုလည်းကောင်း၊ မိုးကျသည်နှင့် တစ်ပြိုင်နက်မျိုးစပါးများ ကြဲပက်စိုက်ပျိုးကြ၍ မြန်မာနိုင်ငံအောက်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် နွေစပါးများကို စိုက်ပျိုးခဲ့ကြပြီး ယခုအခါတွင်နွေစပါးများကိုတိုးချဲ့စိုက်ပျိုးလျက်ရှိရာနွေစပါးအောင်မြင်ဖြစ်ထွန်းရေးအတွက် စိုက်ပျိုးရေရရှိရေးကိုလည်း ဦးစားပေး ဆောင်ရွက်ရန်လိုသည်ဟုဆိုပါသည်။



ထိုကဲ့သို့နည်းအမျိုးမျိုး၊ စနစ်အမျိုးမျိုး၊ နေရာဒေသအသီးသီး၌ စိုက်ပျိုးပုံ အမျိုးမျိုးဖြင့် စိုက်ပျိုး၍ အောင်မြင်စွာရိပ်သိမ်းပြီးသော စပါးများကို စပါးလုံးအတိုင်း စားသုံး၍ရနိုင်သည်မဟုတ်ပါ။ ထိုရိတ်သိမ်းပြီးသော စပါးများကို ဆန်အဖြစ်သို့ ရောက်ရှိရန်အတွက် ကြိတ်ခွဲရန် လိုအပ်ပါသည်။ ယခင်နှစ်ပေါင်းများစွာကပင် စပါးများအားလက်ဆုံ၊ မောင်းဆုံတို့ဖြင့်ကြိတ်ခွဲစားသောက်လာခဲ့ကြပြီး ယခုအခါခေတ်မီဖွံ့ဖြိုး တိုးတက်လာသည်နှင့်အညီ ခေတ်မီ ဆန်ကြိတ်ခွဲစက်များ၊ ခေတ်မီအဆင့်မြင့်နည်းစနစ်များဖြင့် ဆန်ကြိတ်ခွဲခြင်းများပြုလုပ်လာခဲ့ကြပါသည်။ ဆန်ကြိတ်ခွဲမှုနှင့် သက်ဆိုင်သည့်နည်းစနစ်များ၊ စက်ကိရိယာအသစ်များကိုလည်းတီထွင်ထုတ်လုပ်ခဲ့ကြရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ တီထွင်ထုတ်လုပ်သောခေတ်မီ ဆန်ကြိတ်ခွဲစက်အမျိုးအစားပေါင်းများစွာပေါ်ထွက်လာခဲ့ကြပါသည်။ စပါးကို ဆန်အဖြစ်သို့ကြိတ်ခွဲရာတွင် စပါး၏ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ထားမှုကို ဦးစွာလေ့လာသိရှိထားရန် လိုအပ်သည်ဟုဆိုပါသည်။ စပါးကို လုံးတီးဆန်အဖြစ် ရာဘာကြိတ်လုံးဖြင့် ကြိတ်ခွဲခြင်းသည် Pericarp အလွှာ ပျက်စီးမှုမရှိသဖြင့် ထိုလုံးတီးဆန်အား ကြာရှည်စွာ သိုလှောင်ထားနိုင်သည်ဟုလည်းဆိုပါသည်။ ဆန်စက်တစ်စက်တွင် မရှိမဖြစ် လိုအပ်သည့်အစိတ်အပိုင်းများမှာ စပါးသန့်စင်စက် (Paddy Cleaner)၊ စပါးအခွံချွတ်စက် (Paddy Husker)၊ ကြိတ်ဖက်ဆန်ခါ

(Meal Sifter)၊ ကြိတ်ဖက်ပန်ကာ (Husk Aspirator)၊ စပါးလုံးရွေးစက် (Paddy Separator)၊ ဆန်ဖြူဖွတ်စက် (Rice Whitener)၊ ဆန်ကွဲချဆန်ခါ (Broken Sifter)၊ ခပ်ခွက်တိုင် (Bucket Elevator) တို့ဖြစ်သည်ဟုလည်းဆိုပါသည်။

ဆန်စက်များ ခေတ်မီ တိုးတက်လာသည်နှင့်အမျှ စက်အစိတ်အပိုင်းများတိုးချဲ့တပ်ဆင်အသုံးပြုလာခဲ့ကြရာစပါးသန့်စင်စက်သို့ မရောက်မီ အလိုအလျောက် ချိန်တွယ်မှတ်သားသည့် စက်၊ စပါးတွင် ပါဝင်သည့် သံတိုသံစများဖမ်းယူနိုင်သည့် ကိရိယာများ၊ သန့်စင်ပြီးသော စပါးများကိုအလိုအလျောက်ချိန်တွယ်သည့်စက်များ၊ စပါးအတိုအရှည်ခွဲခြားသည့်စက်များ၊ ဖုန်စုပ်စနစ်နှင့် ဖုံဖမ်းဆိုင်ကလုံများ၊ လုံးပိန်လုံးညှပ်ရွေးစက်များ၊ ကျောက်ခဲထုတ်စက်များ၊ ဖွဲနုလေစုပ်စနစ်နှင့် ဆိုင်ကလုံများ၊ ဖွဲနုမှ ဆန်ကွဲ ထုတ်စက်များ၊ ဆန်အရောင်တင်စက် (အခြောက်၊ အစို) များ၊ ဆန်ရောကရိယာများ၊ ဆန်ဝါအရောင်ရွေးထုတ်စက်များ အလိုအလျောက် ဆန်အိတ်ချိန်တွယ်စက်များ၊ ဆန်အိတ်ချုပ်စက်များ၊ လွန်ကွန်ဗေယာများ၊ သားရေပတ်ကြိုးကွန်ဗေယာများ၊ ချိန်းကွန်ဗေယာများနှင့် အလိုအလျောက်စနစ်များလည်း တိုးချဲ့တပ်ဆင် အသုံးပြုလာကြပါသည်။

ဆန်စပါးနှင့် ကြိတ်စက်များအကြောင်း လေ့လာရေးသားမည်ဆိုပါက ဆုံးနိုင်မည်မဟုတ်ပါ အလွန်နက်နဲ ကျယ်ပြန့်လှပါသည်။ ဆန်စပါးနှင့် ကြိတ်ခွဲစက်သည် စွယ်တော်ရွက်ကဲ့သို့အလား သဏ္ဌာန်တူပါသည်။ ဖတ်သိလေ့လာရသမျှရေးသားတင်ပြလိုက်ရပါသည်။

နှင်းနွယ် (DOCA-YGN)

## မွန်ပြည်နယ် နာနတ်သီးအကြောင်း တစေ့တစောင်း

နာနတ်သီးသည် အရည်ရွှန်း၊ အနံ့မွှေး၍ အရသာကောင်းမွန်သည့်အပြင် ဗီတာမင်နှင့် သတ္တု ဓာတ်များစွာ ကြွယ်ဝသဖြင့် ကျန်းမာရေးအတွက်များစွာ အထောက်အကူပြုကြောင်း သိရှိရသည်။

နာနတ်ပင်၏ မူရင်းဒေသမှာ တောင်အမေရိကတိုက်၏ အကြီးဆုံးနိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံဖြစ်ကြောင်း သိရှိရပြီး မူလအမည်မှာ တောင်အာဖရိကဒေသခံ Tupi Indian တို့၏ Nana ဟူသော ဝေါဟာရမှဆင်းသက်လာသည့် Ananas ပင်ဖြစ်သည်။ ရုက္ခဗေဒအမည်မှာ Annaascomosus ဖြစ်ပြီးမျိုးရင်းအမည်မှာ BROMELIANCEAE ဖြစ်သည်။



နာနတ်သီးတွင် Cayene, Queen နှင့် Spanish ဟူ၍ အုပ်စု ၃ မျိုးရှိကြောင်း သိရှိရသည်။ Cayenne အုပ်စုသည် အဓိကအရေးပါသော အုပ်စုဖြစ်ပြီး အသီးအရွယ်အစား (၂.၅–၃.၅) ကီလိုဂရမ် အထိကြီးမားပြီး စည်သွပ်ရန် သင့်တော်သည်။ အသားအဝါရောင်ရှိ၍ အရည်ရွှမ်းသည်။ အရွက်၏ အဖျားပိုင်းရွက်နားတွင်သာ ဆူးအနည်းငယ်ပါရှိပါသည်။ Queen အုပ်စုတွင်ပါဝင်သောမျိုးများမှာ အရွယ်အစားသေးငယ်ပြီး လတ်လတ်ဆတ်ဆတ် စားသုံးရန်အတွက်ဖြစ်သည်။ အသီးအရွယ်အစား၀.၄၅၂.၇ ကီလိုဂရမ်အထိရှိပါသည်။ အရွက်နားတစ်လျောက်တွင် ဆူးများပါရှိပါသည်။ Spanish အုပ်စုမျိုးများမှာ အသားအဖြူရောင်ရှိပါသည်။ အခြားမျိုးများထက်ပို၍ အပင်သန်စွမ်းပြီးရောဂါဒဏ်ခံနိုင်ရည်ရှိပါသည်။ အပင်သက်တမ်းရှည်ပြီး အသီးအလေးချိန် ၀.၉–၁.၄ ကီလိုဂရမ်ထိရှိပါသည်။

### စိုက်ပျိုးရန်မြေအမျိုးအစား

နာနတ်ပင်သည် မြေဩဇာကောင်းမွန်ပြီး ရေစီးရေစိမ့်မှုကောင်းသော သဲဆန်သော မြေ၊ နုန်းမြေ၊ ဂဝံမြေများတွင် သင့်လျော်ပြီး အသင့်တော်ဆုံးမြေအချဉ်ငံဓာတ်မှာ (၅.၅-၆) ဖြစ်သည်။ အပူချိန် (၁၅.၅-၃၂.၅) ဒီဂရီစင်တီဂရိတ်နှင့် မိုးရေချိန် ၁၅၀ စင်တီမီတာတို့မှာ အသင့်တော်ဆုံး ဖြစ်ပြီး ပင်လယ်ရေ မျက်နှာပြင်အမြင့် ၁၅၂၅ မီတာထိ စိုက်ပျိုးနိုင်ကြောင်း သိရှိရပါသည်။

### မျိုးများ

ထင်ရှားသောမျိုးများမှာ ဟသ်ာတ နိဗ္ဗာန်မျိုး၊ သီပေါမျိုး၊ မြစ်ကြီးနားမျိုး၊ သထုံမျိုးနှင့် ထိုင်ဝမ်နာနတ်တို့ဖြစ်သည်။

### မျိုးပွားခြင်း

အပင်ဖြစ်ထွန်းမှုမှာ စိုက်ပျိုးသည့် နာနတ်အမျိုးအစား၊ ပျိုးပင်အမျိုးအစားအပေါ် မူတည်ပါသည်။ နာနတ်မျိုးပွားရာတွင်သားတက်များကို ပျိုးပင်အဖြစ် ဖြတ်ယူမျိုးပွားကြရသည်။ မျိုးပွားနိုင်သော သားတက် ၃ မျိုးရှိပါသည်။ နာနတ်ပျိုးပင်ကို-

၁။ Slipအသီးအောက်မှထွက်သော သားတက်

၂။ Sucker ပင်စည်မှထွက်သော သားတက်
၃။ Crown အသီးအပေါ်မှထွက်သော အပင်

အသီးအောက်မှထွက်လာသောသားတက်များ Slip စိုက်ပျိုးခြင်းသည် ပင်စည်မှထွက်လာသော သားတက် Sucker စိုက်ပျိုးခြင်းထက်ပိုကောင်းသည်။ Slip နှင့် Sucker စိုက်ပျိုးခြင်းသည် အသီးပေါ်ရှိအပင် Crown စိုက်ပျိုးခြင်းထက်ပိုကောင်းပါသည်။ Slip မရနိုင်ပါက အလေးချိန် ၅၀၀ ဂရမ်ရှိ sucker များကိုစိုက်ပျိုးခြင်းက အကောင်းဆုံးဖြစ်သည်။ Sucker ဖြင့်စိုက်ပျိုးပါက slip ထက်သီးပွင့်မှု ပိုစေပါသည်။ အချို့မျိုးများတွင် slip မထွက်ပါ။ စိုက်ပျိုးသည့်သားတက်အမျိုးအစား ကွဲပြားပါက အပင်ကြီးထွားမှု မညီမညာဖြစ်ကာ အသီးအထွက်လည်း မညီညာပါ။ သားတက်များဖြင့် စိုက်ပျိုးခြင်းအပြင် Tissue culture ပျိုးပင် နာနတ်ခေါင်းမှ အရွက်များကိုဖြတ်တောက် ပျိုးထောင်ထားသောပျိုးပင်များကိုလည်း အသုံးပြုစိုက်ပျိုးနိုင်ပါသည်။

### မြေပြုပြင်ခြင်း

ကောင်းစွာထယ်ထိုးထွန်မွှေထားသော မြေပေါ်တွင်စိုက်ဘောင် အနံ ၃ ပေ၊ အမြင့် ၆ လက်မရှိ စိုက်ဘောင်များကို တစ်ဘောင်နှင့်တစ်ဘောင် ၅ ပေခြား၍ပြုလုပ်ပါ။ ဘောင်ဆွဲစဉ်မြေခံအဖြစ် နွားချေး၊ ယူရီးယား၊ တီစူပါ၊ ပိုတက်ရှ်မြေသြဇာများကို ထည့်သွင်းပြီးမြေပြုပြင်ရပါမည်။ တောင်စောင်းဆင်ခြေလျှောများတွင် ၎င်းဆင်ခြေလျှောကိုကန့်လန့်ဖြတ်၍ ၁ ပေခန့်ရှိ စိုက်မြောင်းများဖော်ရပါမည်။

### စိုက်ပျိုးခြင်း

တစ်ဘောင်နှင့် တစ်ဘောင် ၅ ပေခြားပြုပြင်ထားသော စိုက်ဘောင်များပေါ်တွင် တစ်ပင်နှင့် တစ်ပင် နှစ်ပေခြား၍ စိုက်ပျိုးပါ။

### မြေသြဇာကျွေးခြင်း

မြေခံအဖြစ်တစ်ဧကလျှင်နွားချေး ၃၀၀ အိတ်၊ ယူရီးယား ၁.၅ အိတ်၊ တီစူပါ ၁ အိတ်၊ ပိုတက်ရှ် ၂ အိတ်နှုန်း အသုံးပြုပါ။ သီးထွက်တစ်ရာသီအတွင်းတစ်ပင်လျှင် ယူရီးယား ၂၅ ဂရမ်၊ ပိုတက်ရှ် ၂၀ ဂရမ်ကျွေးပါ။ မြေညံ့လျှင် တီစူပါ ၈ ဂရမ်ထည့်ပါ။ ယူရီးယားကိုနှစ်လခြားတစ်ကြိမ်ဖြင့်ခြောက်ကြိမ်၊ ပိုတက်ကို ၂ ကြိမ်ခွဲ၍ထည့်ပါ။ ထည့်ရမည့် တီစူပါအားလုံးနှင့် ပိုတက်ရှ်တစ်ဝက်ကို အပင်စိုက်ပျိုးချိန်တွင် ထည့်သွင်းပေးပြီး ကျန်တစ်ဝက်ကို အပင်စိုက်ပြီး ၆ လအကြာတွင် ထည့်ပေးပါ။

### မွန်ပြည်နယ်နာနတ်သီး

မွန်ပြည်နယ်၌ စိုက်ပျိုးသော နာနတ်ပျိုးပင်အများစုမှာ အသီးပေါ်မှထွက်သောအပင် Crown ကိုသာစိုက်ပျိုးကြပြီး နာနတ်သီး စိုက်ပျိုးပုံမှာ ရာဘာပင်တန်းများကြား အလယ်ဗဟိုတွင် ၁.၅ မီတာခြားပြီးနာနတ်သီးပင် အတန်းနှစ်တန်းကို စိုက်ပျိုးနိုင်ပါသည်။ နာနတ်ပင် အတန်းများအတွင်း၌ အပင်တစ်ပင်ချင်းစီရဲ့အကွာအဝေးမှာ ၃၀-၄၅ စင်တီမီတာနှင့် ၆၀ စင်တီမီတာအတွင်းစိုက်ပျိုးကြပါသည်။ နာနတ်သီးပင်ကိုမိုးဦးကျကာလတွင် စိုက်ပျိုးကြသည်။ အပင်များကြီးထွားလာသောအခါ အပင်များအမြစ် ကောင်းစွာစွဲရန်အတွက် အပင်ခြေရင်းကို မြေဖို့ပေးခြင်း၊ ပေါင်းမြက်များရှင်းပေးခြင်း၊ သဘာဝမြေသြဇာများဖြစ်သော ကောက်ရိုး၊ မြက်ခြောက်၊ လွှာစာဆွေး၊ စပါးခွံတို့ဖြင့် အပင်ခြေနှင့်အပင်ကြားတွင် ဖုံးအုပ်ပေးရပါသည်။



အပင်စိုက်ပြီး (၁၁-၁၂) လအကြာတွင် ပန်းပွင့်ပြီး၊ (၁၅-၁၈) လ အကြာတွင် ရိတ်သိမ်းနိုင်သော အဆင့်ကို ရရှိနိုင်ပါသည်။ မိုးဦးရာသီမေလကုန် ဇွန်လဆန်းမှ စက်တင်ဘာလကုန်ပိုင်းတို့တွင် နာနတ်သီးများလှိုင်လှိုင်ထွက်ပေါ်ကြောင်းသိရှိရပါသည်။ ဆောင်းရာသီတွင် ရင့်မှည့်သော အသီးများမှာ အချဉ်ဓာတ်များသည်။ စည်သွတ်ရန်အတွက်ဖြစ်လျှင်ကြီးထွားဆဲအသီး၏အခြေတွင်အရောင်အနည်းငယ်ပြောင်းလျှင် ရိတ်သိမ်းပါသည်။ လတ်လတ်ဆတ်ဆတ် စားသုံးရန်အတွက်ဖြစ်လျှင်အသီးအရောင်ရွှေဝါရောင်သို့ဖြစ်လာသည်အထိ ထားရှိရပါမည်။

မွန်ပြည်နယ်တွင် နာနတ်သီးကို ကျိုက်ထို၊ ဘီးလင်း၊ ပေါင်၊ ကျိုက်မရော၊ ချောင်းဆုံ၊ သံဖြူ ဇရပ်၊ ရေး၊ လမိုင်း၊ ခေါဇမြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စုစုပေါင်းစိုက်ဧက ၆၄၀၃ ဧကရှိပြီး ရိတ်သိမ်းဧက ၄၈၇၄ ဧက၊ အထွက်နှုန်းမှာ တစ်ဧကလျှင် ၆၆၁၆.၉၅ လုံးရှိပြီး စုစုပေါင်းထွက်ရှိမှု ၃၂၂၅၀၉၈၇ လုံးထွက်ရှိကြောင်း သက်ဆိုင်ရာဌာနများ၏ စာရင်းများအရ သိရှိရပါသည်။

မိုးဦးရာသီ နာနတ်သီး စတင်ထွက်ပေါ်ချိန်တွင် ဈေးနှုန်း

များမှာခေါင်သီး (အကြီးဆုံး) ၄၀၀၀-၃၅၀၀ ကျပ်၊ အလတ် ၂၅၀၀ ကျပ်၊ အငယ် ၁၅၀၀ ကျပ်ဖြင့် မွန်ပြည်နယ်အတွင်း မြို့နယ်များ၊ ရန်ကုန်-မော်လမြိုင် လမ်းဘေးဝဲယာကား လမ်းဘေးရှိ ဈေးဆိုင်များ၊ ပဲခူး၊ ရန်ကုန်မြို့များသို့ တင်ပို့ ရောင်းချကြောင်း သိရှိရသည်။

နာနတ်သီးတွင် အဓိကပါဝင်သော အာဟာရဓာတ်များမှာ ကာဗိုဟိုက်ဒြိတ်၊ ဗီတာမင်၊ သတ္တုဓာတ်နှင့် အင်ဇိုင်းဓာတ်များပါဝင်ပြီးအဆိုပါအာဟာရဓာတ်များသည် ပင်ပန်းနွမ်းနယ်မှုများကို လျော့နည်းစေခြင်း၊ အရိုးကျန်းမာရေးကောင်းစေခြင်း၊ကိုယ်ခံစွမ်းအားမြင့်မားစေခြင်း၊ ရောင်ရမ်းမှုနှင့်နာကျင်မှုများကိုသက်သာစေခြင်း၊ စွမ်းအင်ထုတ်လုပ်ပေးခြင်း၊ အစာချေစနစ်ကောင်းစေခြင်း၊ သွေးလည်ပတ်မှုကောင်းစေခြင်း၊ နှလုံးကျန်းမာရေး ကောင်းမွန်စေခြင်း စသည့် အကျိုးအာနိသင်များ ရရှိစေပါသည်။ နာနတ်သီးကို သဘာဝအတိုင်း အမှည့်စားသုံးခြင်း၊ ဖျော်ရည်ပြုလုပ်ခြင်း၊ ယိုထိုးခြင်း၊ သစ်သီးခြောက်ပြုလုပ်ခြင်းစသည်တို့ပြုလုပ်စားသုံးနိုင်သည်။

မွန်ပြည်နယ်ရှိနာနတ်သီးစိုက်ပျိုးခြင်းမှာ ရော်ဘာပင်များအကြား သီးညှပ်စိုက်ပျိုးခြင်းဖြစ်သဖြင့် မြေနေရာလိုအပ်ချက်လျော့နည်းစေခြင်း၊စိုက်ပျိုးရလွယ်ကူခြင်း၊ အရင်းအနှီးနည်းခြင်း၊ ကျန်းမာရေးအတွက်အကျိုးရှိခြင်း၊ အပိုဝင်ငွေရရှိခြင်း၊ ဈေးကွက်အလားအလာရှိခြင်းတို့ကြောင့်နာနတ်သီးစိုက်တောင်သူများအနေဖြင့် တွက်ချေကိုက်မှုရှိကြောင်း သိရှိရပါသည်။

မိုးမိုး (မွန်)
ကိုးကား-စိုက်ပျိုးရေးဦးစီးဌာန

**ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းနေသော စီးပွားဖြစ် နဂါးမောက်သီးစိုက်ခင်း**

ဧရာဝတီတိုင်းဒေသကြီးသည်သဘာဝမှလက်ဆောင်ပေးထားသော မြေဆီမြေနှစ်ရေခံ မြေခံကောင်းမွန်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်နေသော တိုင်းကြီးတစ်ခုဖြစ်သလို နှစ်စဉ် မိုစပါး၊ နွေစပါးစိုက်ဧက ၅၁ သိန်းကျော်၊ ပဲမျိုးစုံစိုက်ဧက ၁၆ သိန်းကျော်နှင့် နှစ်ရှည်သီးနှံများဖြစ်သော ရာဘာစိုက်ဧက ၃၆၇၅၄၊ သီဟိုဠ်စိုက်ဧက ၆၅၃၉၉ နှင့် အခြားသီးနှံများအပြင် ရာသီသီးနှံများကိုလည်း နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ကွင်းစုကျေးရွာတွင်နေထိုင်သည့်ခြံပိုင်ရှင်ဦးပါးနီမှ အထက်အညာပုပ္ပါးဒေသရှိ နဂါးမောက်သီး စိုက်ပျိုးရေးခြံသို့ သွားရောက်လေ့လာပြီး နဂါးမောက်ပျိုးပင်များ ဝယ်ယူ၍ မိမိ၏ခြံတွင် အပင် ၂၀/၃၀ စမ်းသပ်စိုက်ပျိုးခဲ့ရာ မိမိတို့ဒေသရေမြေသဘာဝရာသီဥတုနှင့် ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းမှုရှိသည့်အတွက် လွန်ခဲ့သော ၃ နှစ်မှစတင်ပြီး မိမိပိုင်မြေ ၂ ဧကတွင် နဂါးမောက်သီး အဖြူ၊ အနီ၊ ခရမ်းအပင်ရေ ၂၀၀၀ ခန့်ကို စီးပွားဖြစ်စိုက်ပျိုးခဲ့ကြောင်း နဂါးမောက်ပင်မှာ ၁ နှစ်သားအရွယ် ရောက်သောအခါ အဖူးအပွင့်များထွက်ကာသီးကင်းဝင်စပြုပြီးများသောအားဖြင့် ဧပြီလကုန်နှင့်မေလဆန်းတွင် စတင်၍ အောက်တိုဘာလအထိ အသီးသီးပြီး ပထမနှစ်စတင်သီးချိန် အလုံးရေ ၃၀၀၀ ခန့် ခူးဆွတ်ရသော်လည်း ဒုတိယနှစ်မှာအသီးရေ ၇၀၀၀ ခန့် ရရှိလျှက် နဂါးမောက်သီးတစ်လုံးကို အကြီးအသေးပေါ် မူတည်၍ ကျပ် ၅၀၀၊ ၁၀၀၀ ဈေးအတွင်း ရောင်းချခဲ့ရာ ကျပ် ၃၅ သိန်းခန့် ရရှိကြောင်း ယခုတတိယနှစ်မှာ ယခင်နှစ်ထက်ပို၍ သီးမှာဖြစ်သလို အပင်သက်တမ်းရင့်လေပို၍ သီးသော အပင်မျိုးဖြစ်ကြောင်း ဦးပါးနီကပြောပါသည်။

နဂါးမောက်သီးပင်ကို ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပျိုးပင်တင်သွင်း၍ စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိစိုက်ပျိုးရေးခြံများဖြစ်သောပုပ္ပါးနှင့် ရန်ကုန်ဥယျာဉ်ခြံတွင်စတင် စိုက်ပျိုးခဲ့ကြောင်းတွယ်ကပ်ပင်နှင့်မြေပေါ်တွား၍ပေါက်သောရေငတ်ခံနိုင်သည့် ရှားစောင်းမျိုးနွယ်ပင်ဖြစ်ပြီး စီးပွားဖြစ်စိုက်ပျိုးပါက လိုအပ်သောအချိန်တွင် ပုံမှန်ရေလောင်းပေးရန် လိုအပ်ကြောင်း နဂါးမောက်ပင်၏ အမြစ်သည် မြေအနက် ၈ လက်မခန့်သာ အမြစ်ဝင်သဖြင့် ပေါင်းမြက်ကြောက်သော သီးနှံတစ်မျိုးဖြစ်ပြီး စီးပွားဖြစ်စိုက်ပျိုးပါက ပေါင်းမြက်အထူးရှင်းရန် လိုအပ်ကြောင်း နဂါးမောက်သီးကို ယခင်က ပုပ္ပါးတွင်သာတွေ့ရပြီး ၂၀၁၄ ခုနှစ်တွင် တောင်ကြီး၊ မန္တလေး၊ မိတ္ထီလာ၊ ရန်ကုန်မြို့များတွင်လည်း စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးနည်းစနစ်များမှာ တီပုံသဏ္ဍာန်၊ တိုင်စနစ်၊ စင်စနစ်၊ တန်းစနစ်များကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း နဂါးမောက်သီးခြံရှင် ဦးပါးနီမှ ၎င်း၏ခြံတွင် အပင်မလှုပ်စေရန်နှင့် အပင်မလဲစေရန် အောက်ခြေတွင် အုတ်ခုံနှင့် ကွန်ကရစ် ၆ ပေ တိုင်ပြုလုပ်၍ တစ်ပင်နှင့်တစ်ပင်ကို ၈ ပေအကွာ တီပုံသဏ္ဍာန် စိုက်ပျိုးထားကြောင်း တစ်ပတ်လျှင်တစ်ကြိမ်ခန့် ပေါင်းမြက်ရှင်းပေးရပြီး စိုက်ပျိုးရာတွင် မြေဩဇာများဖြစ်သော မြေဆွေး၊ ဖွဲခွံ၊ လွှစာ၊ အိုး

တိုက်ဆပ်ပြာ၊ ကောက်ရိုးဆွေး၊ နွားချေး၊ ကြက်ချေးတို့ထည့်သွင်းစိုက်ပျိုးလျက် သဘာဝသီးနှံဖြစ်သောကြောင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး နဂါးမောက်သီးစားသုံးခြင်းဖြင့် ရရှိနိုင်သောကျန်းမာရေးအကျိုးကျေးဇူးများမှာနဂါးမောက်သီးသည် ဗီတာမင်စီနှင့်အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည့်အပြင် လိုင်ကိုပိန်းဓာတ်များစွာ ပါဝင်သောကြောင့် အရွယ်တင်နုပျိုစေပြီး အသီးတွင် (Antioxidant) အများဆုံးပါဝင်သဖြင့် ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုဆီးလွန်ရောဂါများ၊ လေသင်တုန်းနှင့် လေဖြတ်ခြင်းရောဂါများကာကွယ်ပေးပြီးအဆိပ်အတောက်ဖြစ်စေတတ်သည့် Heavy Mental များ ချေဖျက်ပေးသဖြင့် ကိုလက်စထရောကိုလည်း လျော့ကျစေသည့်အပြင် ချောင်းဆိုး၊ ရင်ကြပ်ရောဂါကိုလည်း သက်သာပျောက်ကင်းစေပြီးအစာအိမ်အတွင်းရှိ အဆိပ်အတောက်များကို ခြေဖျက်နိုင်စွမ်းရှိခြင်း၊ အဆီဓာတ်များကိုလျော့ကျနိုင်စွမ်းရှိခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ မျက်လုံးအားကောင်းခြင်း သွားနှင့် အရိုးများခိုင်မာစေခြင်းတို့ကြောင့် လူတိုင်းစားသုံးသင့်ပြီး အထူးသဖြင့် နာလန်ထလူမမာများအတွက် အထူးသင့်လျော်ကြောင်း၊ နဂါးမောက်သီးတွင် အစွမ်းအာနိသင် ထက်မြက်စေသည့် Antioxidant ဓာတ်ပြည့်ဝစွာ ပါဝင်သည့်အတွက် စိတ်ဖိစီးမှုနှင့် ဆက်နွယ်နေသော ရောဂါများကို ပျောက်ကင်းစေနိုင်သဖြင့် အမေရိကတိုက် အလယ်ပိုင်းဒေသများတွင် နဂါးမောက်သီးမှာ ဆေးစွမ်းထက်သည့် အသီးအဖြစ်နာမည်ကြီးလျက်ရှိပြီး ယခင်ကနဂါးမောက်သီးကို ရန်ကုန်ဈေးကွက်မှ တဆင့်ဝယ်ယူ ရောင်းချသည့်အတွက် ဈေးကွက်မှာ ဈေးကြီးသည့် သီးနှံတစ်ခုဖြစ်ပြီး ယခုလို မိမိတို့ဒေသမှာ စိုက်ပျိုးခြင်းဖြင့်ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်မှာ ဖြစ်ကြောင်း ပွင့်လင်းရာသီဆိုလျှင် ပုသိမ်-မြောင်းမြကားလမ်းဘေးရှိ နဂါးမောက်ခြံသို့ ညှော့ခရီးသွားမှ လာရောက်လေ့လာ ဝယ်ယူမှုများရှိကြောင်း အိမ်တွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးချင်သူများ၊ စီးပွားဖြစ် စိုက်ပျိုးလိုသူများအတွက်လည်း မျိုးတစ်ပင်ကို (၅၀၀၊ ၁၀၀၀) ကျပ်ဈေးဖြင့် မျိုးရောင်းပေးလျက်ရှိကြောင်း ခြံပိုင်ရှင် ဦးပါးနီက ဆက်လက်ပြောကြားပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း နဂါးမောက်သီးစိုက်ပျိုးမှု ပိုမိုကျယ်ပြန့်လာစေရန်နှင့် မြေ ဧကအနည်းငယ်ဖြင့် အချိန်တိုအတွင်း စီးပွားဖြစ်ထွန်းနိုင်ပြီး စတင်စိုက်ပျိုးချိန်မှ နည်းပညာပါ အကူညီပေး၍ ယခုလိုမျိုးရောင်းချခြင်းနှင့် ဈေးကွက်ရောင်းချမှုအပိုင်းထိဒေသတွင်းစီးပွားရေး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ယခုလိုအလားအလာကောင်းသော ဈေးကွက်ဝင် သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရန် အသေးစိတ်ဖြေကြားပေးပါသော ကန်ကြီးထောင့်မြို့နယ်၊ ကွင်းစုကျေး ရွာနေ နဂါးမောက်သီး ခြံပိုင်ရှင်ဦးပါးနီအားကျေးဇူးတင်ရှိကြောင်းနှင့် သက်ရှည်ကျန်းမာ စီးပွားတိုးတက်လာဖို့အတွက် နဂါးမောက်သီးပင်များကိုအများအပြားတိုးချဲ့စိုက်ပျိုးနိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။

မင်းမင်းဦး(ပသ)

# MIFER သတင်းကဏ္ဍ

## "မဲခေါင် - လန်ချန်းနိုင်ငံများတွင် အများပါဝင်နိုင်သော၊ စဉ်ဆက်မပြတ်သော ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည့် အလေ့အကျင့်ကောင်းများဆိုင်ရာ ဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲ" ကျင်းပပြုလုပ်ခြင်း

မဲခေါင် - လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ "မဲခေါင် - လန်ချန်းနိုင်ငံများတွင်အများပါဝင်နိုင်သော၊ စဉ်ဆက်မပြတ်သောရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည့် အလေ့အကျင့်ကောင်းများဆိုင်ရာ ဒေသတွင်း အဆင့်ဆွေးနွေးပွဲ" အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် နေပြည်တော်၊ Grand Amara Hotel ၌ Hybrid ပုံစံဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai၊ မဲခေါင် - လန်ချန်းပူးပေါင်း ဆောင်ရွက်မှုညှိနှိုင်းကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက် တို့က အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ပြီး မဲခေါင် - လန်ချန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများမှ အကြီးအကဲများက အွန်လိုင်းမှတစ်ဆင့် မိတ်ဆက်စကား ပြောကြားခဲ့ကြပါသည်။

အဆိုပါ ဆွေးနွေးပွဲကို မဲခေါင်-လန်ချန်း ဒေသတွင်း၌ အများ ပါဝင်အကျိုးခံစားနိုင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်နိုင်ရေးအတွက် မဲခေါင် - လန်ချန်း အဖွဲ့ဝင်နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာနများအနေဖြင့် ကာလတို၊ ကာလလတ်နှင့် ကာလရှည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများရေးဆွဲ ချမှတ်ရာတွင် အထောက်အကူပြုနိုင်ရန်နှင့် ပုဂ္ဂလိက ကဏ္ဍမှ စွန့်ဦးတီထွင်လုပ်ငန်းများကလည်း ယင်းတို့၏ အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းပုံစံနှင့် အကောင်းဆုံး အလေ့အကျင့်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ နိုင်ငံတကာနှင့် ဒေသတွင်းမှ ကျွမ်းကျင်ပညာရှင်များ၊ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများက ကိုယ်စားလှယ်များ စုစုပေါင်း ၁၃ ဦးတို့က အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မဲခေါင် - လန်ချန်းအဖွဲ့ဝင်နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာနများမှ နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ယင်းတို့ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အများပါဝင်အကျိုးခံစားနိုင်သော စီးပွားရေးလုပ်ငန်း ပုံစံများနှင့် လုပ်ကိုင် ဆောင်ရွက်နေသည့် အလေ့အကျင့်ကောင်းများကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြပြီး အမြင်ချင်းဖလှယ်ဆွေးနွေး၍ အကြံပြုချက်များ ပံ့ပိုးပေးခဲ့ပါသည်။

ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Mongkol Visitstump၊ အဆင့်မြင့်အရာရှိကြီးများနှင့် အရာထမ်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများမှ ကိုယ်စားလှယ်များ၊ မဲခေါင် -လန်ချန်း အဖွဲ့ဝင်နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများနှင့် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိက ကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၃၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်နေ့အထိ ၂ ရက်တာ ကျင်းပသွားမည် ဖြစ်ပါသည်။



## အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ ခုနှစ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီများနှင့် (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ လုပ်ငန်း ကော်မတီ ၂၂ ခုမှ ဒုတိယဝန်ကြီးများ၊အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ စုစုပေါင်း ၆၀ ဦးခန့် တက် ရောက်သည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးပိုမိုကောင်းမွန်လာစေရေးအတွက် ကမ္ဘာ့စီးပွားရေး၊ ဒေသတွင်း စီးပွားရေးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အေအီးစီ လုပ်ငန်းများအကောင်အထည်ဖော်မှုနှင့် ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ရန် လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည် ဖော်နိုင်ရန်အတွက် အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

၂၀၂၃ ခုနှစ် အာဆီယံက ဦးစားပေး ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းခေါင်းစဉ် ၁၆ ခုနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် ယင်းလုပ်ငန်းများသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံအားလုံးအတွက်ပါ ကိုဗစ်-၁၉ အလွန်ဈေးကွက် ပြန်လည်ချိတ်ဆက်နိုင်မည့် အရေးကြီးသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်မည့်လုပ်ငန်းများလည်း ပါဝင်ကြောင်း၊ တချို့လုပ်ငန်းများသည် ကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်၍ အားလုံးပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အေအီးစီအနေဖြင့် ယခုနှစ်တွင် နှစ်အလိုက်အကောင်အထည်ဖော်ရန်အတွက်လည်း လုပ်ငန်း ၁၁၈ ခု ကိုချမှတ်ထားကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံက အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အခြားအာဆီယံနိုင်ငံများနှင့်အတူဆောင်ရွက်နိုင်သည်ကိုတွေ့ရကြောင်း၊ အာဆီယံအနေဖြင့်တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသကို အကောင်အထည်ဖော်ရာတွင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍအလိုက် မိမိတို့ နိုင်ငံအနေဖြင့် ဆောင်ရွက်နိုင်မှု အခြေအနေကို ပြန်လည်လေ့လာ၍ လက်ရှိနိုင်ငံ၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆောင်ရွက်သည့် လုပ်ငန်းများသည် လက်တွေ့ကျကျ အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရန် ကျန်ရှိသည့် လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်ကိုလည်း ပိုမိုရရှိမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိက ၂၀၂၂ ခုနှစ်အတွင်း အေအီးစီ လုပ်ငန်းများ အကောင်အထည်ဖော် ပြီးစီးမှုအခြေအနေ နှင့် ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းကော်မတီအလိုက် ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြခဲ့သည်။

ထို့သို့တင်ပြရာတွင် လုပ်ငန်းကော်မတီများက မြန်မာနိုင်ငံနှင့် ကျန်အာဆီယံနိုင်ငံများအကြား အခွန်နှစ်ထပ်မကျခံစေရေးအတွက် ဆောင်ရွက်မှုများ၊ ဒေသတွင်း အခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းများကျင့်သုံးနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစွမ်းအင်၊ သဘာဝပတ်ဝန်းကျင်နှင့် သတ္တုဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ စားနပ်ရိက္ခာ လုံခြုံရေးအတွက် ဒေသတွင်း ဆောင်ရွက်နေသည့် ပူးပေါင်းဆောင်ရွက်မှု၊ အကောင်အထည်ဖော်မှုနှင့် အပြန်အလှန်နားလည်မှု စာလွှာအရ အာဆီယံဒေသတွင်း ကျွမ်းကျင်လုပ်သားများ သွားလာလုပ်ကိုင်နိုင်ရေးကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ဖြေလျှော့မှုများအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်၊ ပုဂ္ဂလိကအခန်းကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာ၊ စားသုံးသူရေးရာ၊ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးအစီအစဉ်၊ စာရင်းအင်း၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ၊ အခြေခံအဆောက်အဦဆိုင်ရာ လုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာစသည့် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ရာပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားကို အလေးထား၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်ပြောကြားခဲ့ပါသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို မြန်မာနိုင်ငံ အနေဖြင့် အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်မှုများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ၂၂ ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်း ကော်မတီများ၏ ဥက္ကဋ္ဌများအဖြစ် ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်များကလည်းကောင်း၊ အတွင်းရေးမှူးများအဖြစ် ညွှန်ကြားရေးမှူးချုပ်များကလည်းကောင်း၊ သက်ဆိုင်ရာဌာနများက အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။



## ဟောင်ကောင် (တရုတ်)- စီအယ်လ်အမ်ဗွီ (CLMV) အွန်လိုင်းရင်းနှီးမြှုပ်နှံမှု ဖိုရမ် (HKC-CLMV ONLINE INVESTMENT FORUM) ကျင်းပခြင်းသတင်း

ASEAN-Hong Kong Free Trade Agreement (AHKFTA) ၏ စီးပွားရေးနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်အရ ဟောင်ကောင် (တရုတ်)နှင့် CLMV အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကိုဗစ်ကာလအလွန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းမှတစ်ဆင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ရည်ရွယ်၍ ဟောင်ကောင်(တရုတ်)- စီအယ်လ်အမ်ဗွီ (CLMV) အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ် (HKC-CLMV Online Investment Forum) ကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် Online စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက Video Message ဖြင့် အဖွင့်အမှာစကားပြောကြားရာတွင် ယခုဖိုရမ်ကို မြန်မာနိုင်ငံက ဦးဆောင်ကျင်းပ ခွင့်ရသည့်အတွက်များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အာဆီယံနှင့် ဟောင်ကောင် (တရုတ်) တို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်နိုင်စွမ်းရှိသည့် ဒေသများဖြစ်သည်နှင့်အညီ အခမ်းအနားမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာမည်ဟု မျှော်လင့်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်း မဟာဗျူဟာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူပြုစေပြီး CLMV အဖွဲ့ဝင်နိုင်ငံများပါဝင်မှုကိုမြှင့်တင်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။


ဖိုရမ်တွင် ဟောင်ကောင်(တရုတ်)၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို Video Clip များဖြင့် တင်ဆက်ပြသခဲ့ကြပါသည်။ သက်ဆိုင်ရာနိုင်ငံ အသီးသီး၏ ရင်းနှီးမြှုပ်နှံမှုအေဂျင်စီများမှ တာဝန်ရှိသူများကလည်း မိမိတို့နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ Power Point Presentation များဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

သက်ဆိုင်ရာနိုင်ငံများအလိုက် စကားဝိုင်းဆွေးနွေးပွဲများ ဆက်လက်ကျင်းပခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းစီမံကိန်းများကို တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရာတက်ရောက်လာသည့် နိုင်ငံအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြပါသည်။ စကားဝိုင်းဆွေးနွေးပွဲတွင် ဟောင်ကောင်

(တရုတ်) နှင့် CLMV အဖွဲ့ဝင်နိုင်ငံများအကြား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်သည့် ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို စိတ်ဝင်စားစွာဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဖိုရမ်သို့ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာသံရုံးများ၏ကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပ ကုန်သည်စက်မှုအသင်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ယခုဖိုရမ်သည် နိုင်ငံအသီးသီးမှ တက်ရောက်ကြသည့် ရင်းနှီးမြှုပ်နှံသူများနှင့်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးချိတ်ဆက်မှုရရှိခဲ့ကြပြီး CLMV နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဖွဲ့အစည်းများအကြားလည်း ချိတ်ဆက်မှုများ တိုးမြှင့်နိုင်ခဲ့ကြောင်း သိရပါသည်။




**ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက် ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့် ညီလာခံနှင့် ရှမန်မြို့တွင် ကျင်းပခဲ့သည့် ၂၀၂၃ ခုနှစ် အဏ္ဏဝါစီးပွားရေး၏ အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကန်ဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency – CIDCA) ၏ ဖိတ်ကြားချက်အရ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ ဇူလိုင်လ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပခဲ့သည့် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက် ဖိုရမ်၏ ပထမအကြိမ်အဆင့်မြင့် ညီလာခံနှင့်ရှမန်မြို့၌ ဇူလိုင်လ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည့် "၂၀၂၃ ခုနှစ် အဏ္ဏဝါစီးပွားရေး၏ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါသွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက် ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှအဆင့်မြင့် ကိုယ်စားလှယ်များနှင့်အတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဒုတိယသမ္မတ Mr. Han Zheng အား သွားရောက်ဂါရဝပြု တွေ့ဆုံခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်နိုင်ငံ အဖြစ်ဆောင်ရွက်မည့် ကမ္ဘာ့ဖွံ့ဖြိုးမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုမျှဝေရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။ ညနေပိုင်းတွင်ပြည်ထောင်စုဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့မှ ရှမန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင်လ ၁၂ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ ၁၉၈၀ ပြည့်နှစ်က စတင်ခဲ့သည့် အထူးစီးပွားရေးဇုန် ၄ ခု တွင် ၁ ခု အပါအဝင်ဖြစ်သည့်ရှမန်မြို့ရှိ BRICS အဖွဲ့၏ခေတ်သစ်စက်မှု တော်လှန်ပုံစံပြောင်းလဲရေးဗဟိုဌာန (BRICS Partnership on New Industrial Revolution Innovation Center) ပြခန်းသို့ သွားရောက် လေ့လာခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ရှမန်မြို့ရှိ Xiamen International Conference Center Hotel တွင် ကျင်းပပြုလုပ်ခဲ့သော ၂၀၂၃ ခုနှစ် အဏ္ဏဝါစီးပွားရေး၏ အရည်အသွေးမြင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ (2023 Seminar on

High-Quality Development of Marine Economy) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး ရှမန်မြို့တော်ဝန် Mr. Huang Wenhui ၊ တရုတ်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (CIDCA) ၏ ဒုတိယ ဥက္ကဋ္ဌ Mr. ZHONG Haidong နှင့်  ရှမန်ဒုတိယမြို့တော်ဝန် Mr. Zhuang Rongliang တို့နှင့်အတူ Seminar ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

အဆိုပါနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမန်မြို့ရှိ KING LONG လူစီးဘတ်စ်ကားနှင့် လျှပ်စစ်ဘတ်စ်ကား မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်လေ့လာခဲ့ပြီး ထုတ်လုပ်မှု၊ မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချမှုအခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် UNESCO စာရင်းဝင် Kulangsu ကျွန်းသို့ သွားရောက်ခဲ့ပြီး ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာဒေသနှင့်ပြတိုက်များကို လေ့လာကြည့်ရှုခဲ့ပါသည်။




ပြည်ထောင်စုဝန်ကြီးသည် နေ့လယ်ပိုင်းတွင် KELONG လျှပ်စစ်သုံး ပစ္စည်းကိရိယာများ ထုတ်လုပ်မှု ကုမ္ပဏီ၏ UPS ကြီးများ ထုတ်လုပ်မှု၊ ဒေတာစင်တာ (Data Center) သုံးပစ္စည်းများနှင့် လျှပ်စစ်ကား အားသွင်းစက် (EV Charger) များထုတ်လုပ်သော စက်ရုံသို့ သွားရောက် လေ့လာခဲ့ပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အလားလာများကို ဆွေးနွေးခဲ့ပါသည်။ ညနေပိုင်းတွင် ရှမန်မြို့ရှိ တရုတ်ဗုဒ္ဓဘာသာ ကောလိပ်သို့ သွားရောက်လေ့လာခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ရှမန်မြို့၊ Bio Medical Research နှင့် Xiamen Cardiovascular Hospital Xiamen University ရှိ နှလုံးရောဂါနှင့် နှလုံးသွေးကြောရောဂါကုဌာနသို့ သွားရောက်လေ့လာ၍ ဆေးပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပညာသင်ဖလှယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကိုဆွေးနွေးခဲ့ပါသည်။




ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ရှမန်မြို့မှ Xiamen လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Ms. Cao Jing နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးချယ်ပြန်လည်လိုက်ပါခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပသည့် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံသို့ တက်ရောက်

"ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံ"သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့သို့ ရောက်ရှိနေသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဇူလိုင်လ ၉ ရက်နေ့တွင် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (CIDCA)၊ ဒုတိယဥက္ကဋ္ဌ Mr. Deng Boqing နှင့်သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ဆဲ စီမံကိန်းများ၊ အဆိုပြု စီမံကိန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံ/အဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များအား CIDCA မှတည်ခင်း ဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုခြင်း အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဇူလိုင်လ ၁၀ ရက်နေ့တွင် "ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံ" ကို "Global Development Initiative: Echo the Development Agenda and Call for Global Action" ခေါင်းစဉ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံသို့တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ ဗဟိုနိုင်ငံခြားရေးရာ ကော်မရှင်ရုံး အကြီးအကဲ Mr. Wang Yi ၊ တရုတ်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (CIDCA) ဥက္ကဋ္ဌဖြစ်သူ Mr. Luo Zhaohui ၊ ဖိတ်ကြားထားသော အာရှ၊ အာဖရိက၊ လက်တင်အမေရိက နိုင်ငံပေါင်း ၂၀ ကျော်မှကိုယ်စားလှယ် အဖွဲ့များနှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်း ၃၆ ခုတို့မှ အဆင့်မြင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ကိုယ်စားလှယ် ၂ ဦးတို့လည်း ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ညီလာခံတွင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးရေးကိစ္စများနှင့် စပ်လျဉ်း၍ ဘုံအကျိုးအမြတ်ရရှိစေရန် ရည်ရွယ်၍ ဖိုရမ်ခွဲ ၄ ခုကို ဆက်လက်ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် "ဆင်းရဲမှုလျှော့ချရေးနှင့် စိုက်ပျိုးရေးအသွင် ကူးပြောင်းမှုအတွက် ကမ္ဘာလုံးဆိုင်ရာ အများပြည်သူပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ခွဲ" သို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ညီလာခံအပြီးတွင် ပါဝင်တက်ရောက်သည့် နိုင်ငံများ၏ သဘောတူညီမှုဖြင့် ပေကျင်းထုတ်ပြန်ချက်ကို ကြေညာခဲ့ကြောင်းသတင်းရရှိပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃- ၂၀၂၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိဦးစီးဌာနများ၏ လုပ်ငန်းစဉ်များကိုပြန်လည်သုံးသပ်ရန်နှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့် မူဝါဒ၊ ရည်ရွယ်ချက်နှင့်မျှော်မှန်းချက်များအား သေသေချာချာ စနစ်တကျ အကောင်အထည်ဖော် ဆက်လက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဝန်ကြီးဌာန၏ မျက်နှာစုံညီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၅ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန နှစ်ခုတို့ကို ပေါင်းစည်းပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအဖြစ် ၂၀၁၈ ခုနှစ် မှစတင်၍ ဖွဲ့စည်းခဲ့သည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် ယခင် ဘဏ္ဍာရေးနှစ်များအတွင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် စီမံကိန်းကော်မရှင်နှင့် ဘဏ္ဍာရေးကော်မရှင်တို့မှ အတည်ပြုပြီးဖြစ်သည့် မိမိတို့ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် စီမံကိန်းများနှင့် အစီအစဉ်များ၊ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုငွေနှင့် စပ်လျဉ်းသည့် ရငွေ၊ သုံးငွေဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ ရရှိစေရေးအတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေစိစစ်ဖော်ထုတ်ပေးရေး ကိစ္စရပ်များနှင့် ဝန်ကြီးဌာနမှ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို စနစ်တကျသူ့အချိန်နှင့်သူတိတိကျကျဖြင့် မျှော်မှန်းချက် ပြည့်မီနိုင်စေရန် ဆောင်ရွက်ရမည့် ကိစ္စရပ်များအပါအဝင် ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ဖွဲ့စည်းထားရှိသည့် အခြေခံသဘောတရားနှင့် မူဝါဒများကိုပါထည့်သွင်း ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေး၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကဏ္ဍတွင် လျာထားချက် ပြည့်မီစေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များအား ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမှသာ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလာရောက် ရင်းနှီးမြှုပ်နှံရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ ရည်ရွယ်ချက်သည် မိမိတို့နိုင်ငံ၏ ဦးစားပေးကဏ္ဍ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရေး စိစစ်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးအတွက် ဆွဲဆောင်ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်တို့အပေါ် မူတည်၍ နိုင်ငံတော်ကို အဘက်ဘက်မှ ဘက်စုံတိုးတက်စေရေးအတွက် ဆောင်ရွက်မည့်အချက်များကိုပါအထောက်အကူဖြစ်စေရေး ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီး ဌာနရှိ ဦးစီးဌာနများအနေဖြင့် နိုင်ငံတော်က ကျင့်သုံးလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ရာတွင် ဦးစီးဌာနများ၏ တာဝန်လုပ်ငန်းများအပေါ် မူတည်၍ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို အရှိန်မြှင့် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန (FERD) အနေဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများမှပေးအပ်သည့် အကူအညီအထောက်အပံ့ အခြေအနေအမျိုးမျိုးကို ဖြတ်သန်းကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများရှိပါကြောင်း၊ ယင်းကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအပေါ်မူတည်၍ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်စေရေးအတွက် ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် အကူအညီအထောက်အပံ့များကို ထိရောက်မှုရှိစွာ အသုံးပြုနိုင်မည့် နည်းလမ်းများ ရှာဖွေနိုင်ရန် လိုအပ်ပါကြောင်း၊ နည်းပညာပူးပေါင်းဆောင်ရွက်မှု (Technical Cooperation) နှင့် ထိရောက်သော အကူအညီအထောက်အပံ့များဖြစ်စေရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ ယခင်ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက် အကောင်အထည်ဖော် ဆောင်ရွက်မှု

အခြေအနေနှင့် ယခုဘဏ္ဍာနှစ်အတွင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ပေါင်းစပ်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သုံးသပ်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်မှု၊ ဒေသ၏စီးပွားရေးဝန်းကျင်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့် အစီအမံများကို တင်ပြဆွေးနွေး၍ ပြည်နယ်/ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ဦးစီးမှူး (ညွှန်ကြားရေးမှူးများ) က ပြည်နယ်/ တိုင်းဒေသကြီး အလိုက်တင်ပြဆွေးနွေးပြီး ပထမနေ့အစီအစဉ်ကိုရုပ်သိမ်းခဲ့ပါသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ဒုတိယနေ့ အစီအစဉ်များကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။



**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏**
**၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၂/၂၀၂၃) ကြိမ်မြောက် ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ**

နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်စေရေးအတွက် နိုင်ငံတော်မှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်ပါ စီးပွားရေးဦးတည်ချက်နှင့်အညီ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ ဝန်ကြီးဌာန၏ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းတာဝန်များကို နိုင်ငံတော်၏မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လူကိုယ်တိုင်နှင့် အွန်လိုင်း (Hybrid) စနစ်ဖြင့် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။




ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ်၊ ဧပြီလ၌ ကျင်းပခဲ့သည့်ဝန်ကြီးဌာန၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လျာထားခဲ့သည့် လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများအပေါ် ပြန်လည်သုံးသပ်ရန်နှင့် ဝန်ကြီးဌာန၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာစေရန်နှင့် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုများမှတစ်ဆင့် နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်စေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ် ဦးစီးမှူးများအနေဖြင့် မြို့နယ်များအလိုက် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမဟုတ်သည့် မြေပြင်တွင်အမှန်တကယ် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား ရင်းနှီးမြှုပ်နှံမှုစစ်တမ်း (Investment Survey) ကောက်ယူ၍ အနည်းဆုံးခန့်မှန်းချက်များ ပြု လုပ်ထားရန် အရေးကြီးကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လွယ်ကူ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အခြေအနေကိုသိရှိပြီး အွန်လိုင်းမှတ်ပုံတင်စနစ်တွင်ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ ပိုမိုပါဝင်လာစေရေး၊ပြည်တွင်းစီးပွားရေးလုပ်ငန်းများအားစီးပွားရေးဆိုင်ရာကျင့်ဝတ် (Business Ethnic)နှင့်အညီ လိုက်နာမှုရှိစေရေး စနစ်တကျကြီးကြပ်သွားရေး နှင့် ကုမ္ပဏီများ၏

နှစ်စဉ် အစီရင်ခံစာ (Annual Return) ကိုလည်း ယခုထက်ပို၍ စိစစ်ကြပ်မတ်ရေးတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၏ မောင်းနှင်အားဖြစ်သည့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားလုပ်ငန်းများ (MSMEs) ဖြစ်သော ပြည်တွင်း အိမ်တွင်းမှုလုပ်ငန်းများနှင့် ပြည်တွင်းစက်မှုလုပ်ငန်းများကို ဦးစားပေးအားပေးမြှင့်တင်နိုင်ရေး စိစစ်ပံ့ပိုး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ချမှတ်ပေးထားသော မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီနိုင်ငံတကာနှင့်စီးပွားရေးရာပူးပေါင်း ဆောင်ရွက်မှုများတွင်လည်း ထိန်းညှိဆက်သွယ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဝန်ထမ်းများအားလုံး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည် လိုက်နာပြီး အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်သွားကြရန်တိုက်တွန်း ပြောကြားခဲ့ပါသည်။

ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၃) သို့ ဒုတိယဝန်ကြီး၊ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော စီးပွားရေး ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် ငွေပေးချေမှုစနစ်လွယ်ကူချောမွေ့စေရေး၊ သတင်းအချက်အလက်နှင့် နည်းပညာနယ်ပယ်တွင် ပုဂ္ဂလိကကုမ္ပဏီများနှင့်ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ပူးပေါင်း ဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းများအချင်းချင်းတွေ့ဆုံဆွေးနွေးမှု (Business Matching) များဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် မြန်မာ့စားသောက်ကုန်နှင့် အဖျော်ယမကာ ထုတ်ကုန်များအား ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချရေးနှင့် ဈေးကွက်ရရှိရေး မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရုရှားစီးပွားရေး လုပ်ငန်းရှင်များထံသို့ သိရှိပြန့်နှံ့စေရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။


တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar ကို ၂၀၂၃ခုနှစ်၊မေ ၅ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



## ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့ အခြေစိုက် မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်နှင့်တွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကိုရီးယား သမ္မတနိုင်ငံ၊ ဘူဆန်မြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr. Won Bae Dahn အား ၂၀၂၃ ခုနှစ်၊ မေ ၆ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကိုရီးယားသမ္မတနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုသည့် ကိစ္စများ၊ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသည်များနှင့် နှစ်နိုင်ငံအကြားစီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် ကိစ္စများအား ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပြန်လည်ဆွေးနွေး ပြောကြားခဲ့ပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ MR. RAMANATHAN BALAKRISHNAN နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr. Ramanathan Balakrish-nan နှင့်အဖွဲ့ကို မေ ၆ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် UNFPA က မြန်မာနိုင်ငံ၌ လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် UNFPA အကြား ရှေ့ဆက်လက် ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) နှင့် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်းအလုံးစုံဝန်ဆောင်မှုပေးသည့်အဖွဲ့ (OSS) ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ပြည်ထောင်စုဝန်ကြီး သွားရောက်ကြည့်ရှုအားပေး

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) သို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးကာ လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၏ ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားရာတွင် ဝန်ထမ်းများအားလုံးကို စုံညီစွာဆုံတွေ့ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဌာန၏ ဝန်ထမ်းများသည် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရေးပါသည့် အခန်းကဏ္ဍမှတာဝန်ထမ်းဆောင်နေရသည့် အားလျော်စွာ ဝန်ထမ်းများ၏ တစ်ဦးချင်းစွမ်းဆောင်ရည် ကောင်းမွန်ရန်လည်း လိုအပ်ပါကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်တက်လာရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ၊ အသိပညာမျှဝေရေး (Knowledge Sharing Program – KSP) အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည် ကောင်းမွန်ခြင်းမှတစ်ဆင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုပိုမိုဖြစ်ထွန်းစေမည့် ဝန်ဆောင်မှုများပေးအပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်း အလေးထားမှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) ရှိဌာနခွဲများ၏ ဝန်ဆောင်မှုပေးခြင်း အခြေအနေများ၊ ရုံးပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ရုံးစာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ အသိပညာမျှဝေဆွေးနွေးခြင်း ဆွေးနွေးပွဲအမှတ်စဉ် ၁၆ သို့ အွန်လိုင်းမှတစ်ဆင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ဦးထွန်းတောက်အောင်၏ “Investor Targeting and Lead Generation” ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားမှုအား ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးရှိ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့် အဖွဲ့ (One Stop Service – OSS) ၏ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းစဉ်များပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဌာနအချင်းချင်း ပူးပေါင်း၍ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရေးကိုလည်းကောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ ဆောင်ရွက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေး ကိစ္စများကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး အသိုက်အဝန်း၏ ယုံကြည်အားကိုးရသည့် မိတ်ဖက်ဌာနများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ပါသည်။ ထို့ နောက် ပြည်ထောင်စုဝန်ကြီးသည် One Stop Service – OSS ဌာနအသီးသီးမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်တွင် ရုံးအမှတ် ၁ ရှိ သတ်မှတ်နေရာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်း ၁၃၆ ဦး တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသည် နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်၊ အဖိုးတန် ဂေဟာစနစ်များ မပျောက်ပျက်အောင် စောင့်ရှောက်နိုင်ရန်နှင့် ရုံးပတ်ဝန်းကျင် စိမ်းလန်းသာယာလှပစေရန် အဓိက ရည်ရွယ်ကြောင်းသိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရတနာတန်းဝင် ကျွန်းပင်များကို မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်သစ်ပင်များအဖြစ်ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက သတ်မှတ်နေရာများတွင် ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် စုပေါင်းသစ်ပင် စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း အမှုထမ်းများ နှင့်အတူ ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၁၀,၀၀၀ ကို ဝန်ကြီးဌာန နောက်ဘက်ရှိရေကန်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပျိုးပင် စုစုပေါင်း ၁၃၆ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ နှစ်သစ်ကူး မဟာ သင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲနှင့် စတုဒိသာကျွေးမွေးဧည့်ခံပွဲ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူး မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲနှင့် စတုဒိသာကျွေးမွေးဧည့်ခံပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် အဆိုပါ ဝန်ကြီးဌာန မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်သည် အေဒီ ၁၁ ရာစုမှ အေဒီ ၁၃ ရာစုတွင် ထွန်းကားခဲ့သည့် ပုဂံခေတ်မှစ၍ ယနေ့ခေတ်အထိ လူမျိုးဘာသာမရွေး တိုင်းရင်းသားအားလုံးပါဝင်ဆင်နွှဲကြသည့် နှစ်သစ်ကူး ရေပက်ကစားကြသောရိုးရာပွဲတော်ဖြစ်ပါကြောင်း၊ယနေ့ကျင်းပသောအခမ်းအနားသည် မြန်မာ့ရိုးရာဓလေ့ကို ဖော်ကျူးရုံသာမက ဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့် အလုပ်တာဝန်ထမ်းဆောင်ချိန်တွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ အားထုတ်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသကဲ့သို့ မြန်မာ့ရိုးရာ နှစ်သစ်ကူး ရုံးပိတ်ရက် အခါသမယ ရောက်ရှိတော့မည့်အချိန်မှာလည်း စိတ်လက်အပန်းပြေစွာ နှစ်သစ်အခါသမယကို ကြိုဆိုကြမယ်ဆိုတဲ့ ရည်ရွယ်ချက်ကောင်းဖြင့် ကျင်းပပေးခြင်းပဲဖြစ်ကြောင်း၊ နှစ်သစ်ကို ကြိုဆိုပြီး အားသစ်မာန်သစ်ဖြင့် နိုင်ငံတော်၏ အနာဂတ်အတွက် ဝိုင်းဝန်းပြီး ဆောင်ရွက်နိုင်ကြစေရန်အတွက် သင်္ကြန်ပွဲတော်နှင့် နှစ်သစ်အခါ သယမကို ကြိုဆိုကြရမည့် အချိန်ကာလဖြစ်ပါကြောင်း၊ နှစ်သစ်ကူး ရုံး ပိတ်ရက် အချိန်ကာလတွင် မိမိတို့ မိသားစုနှင့်အတူ ကုသိုလ်ရေးလည်း ပြုလုပ်အနားယူ အပန်းဖြေရင်းလာမည့် နှစ်သစ်အခါသမယမှာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နှစ်သစ်ကို ကြိုဆိုရင်းဖြင့် နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို ဘက်စုံထောင့်စုံက ရရှိအောင် နိုင်ငံ့တာဝန်များကို ဝိုင်းဝန်းထမ်းဆောင်သွားကြရန်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပြည်ထောင်စုဝန်ကြီးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့၏ မဏ္ဍပ်များမှ မြန်မာ့ရိုးရာအစားအစာများဖြစ်ကြသော မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ ရခိုင်မုန့်တီနှင့် ကျောက်ကျောမဲ ဖျော်ရည်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ပြီး ဝန်ကြီးဌာန၏ သင်္ကြန် ယိမ်းပျိုမယ်လေးများက မြန်မာ့ရိုးရာသင်္ကြန်အကဖြင့် ကပြဖျော်ဖြေခဲ့ကြပါသည်။

အဆိုပါအခမ်းအနားသို့အထူးဖိတ်ကြားထားသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်လက်ထောက်အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ နှစ်သစ်ကူး မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲနှင့် စတုဒိသာကျွေးမွေးဧည့်ခံပွဲ အခမ်းအနားတွင် ဝန်ကြီးဌာနရှိ ဝန်ထမ်းများ အားလုံးက သင်္ကြန်သီချင်းများသီဆိုကာ ပျော်ရွှင်စွာရေပက်ကစားကြပြီး ပါဝင်ဆင်နွှဲခဲ့ကြပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ KNOWLEDGE SHARING PROGRAMME (KSP) သောကြာနေ့ စကားဝိုင်း (FRIDAY TALK) အမှတ်စဉ် (၁၁) **“ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ငန်းစဉ်များအပေါ် လေ့လာသုံးသပ်ဆွေး နွေးခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ** ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၁၁) ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အသိပညာမျှဝေ ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဝဏ္ဏာအောင်က “ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ငန်းစဉ်များအပေါ် လေ့လာသုံးသပ်ဆွေး နွေးခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းစဉ်များသည် ဝန်ကြီးဌာနရှိ ဦးစီးဌာန (၂) ခုလုံးနှင့် သက်ဆိုင်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စေ့စပ်ညှိနှိုင်း ဆောင်ရွက်ခြင်း (Investment Negotiation) များကို သိရှိဆောင်ရွက်ရမည့်အပြင် ရင်းနှီးမြှုပ်နှံမှုများနှင့်ပက်သတ်၍ တိုးချဲ့ဆောင်ရွက်သွားရမည့် အပိုင်းကိုလည်း သိရှိနားလည်ထားရန်လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံ၊ လုပ်ငန်း၊ ကုမ္ပဏီများတွင်လာရောက်သောရင်းနှီးမြှုပ်နှံမှုများက ပို၍အရေးကြီးပါကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် ခေတ်စားလာသည့် လုပ်ငန်းမှာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတွင် အဓိကအားဖြင့် ပြည်တွင်းနေထိုင်သူများမှ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားသား လာရောက်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသားနှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများဖြင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုပုံစံများရှိပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင်ချေးငွေကိစ္စများပါဝင်သဖြင့် ချေးငွေထောင်ချောက်အတွင်း မကျရောက်စေရန် ဂရုပြုရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲ အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာဝဏ္ဏာအောင်က“ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းစဉ်များအပေါ် လေ့လာသုံးသပ် ဆွေးနွေးခြင်း”ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ အခမ်းအနားသို့နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိများနှင့် အရာထမ်း/အမှုထမ်းများ Online အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၀၀ ကျော် တက်ရောက်ကြပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၁၅) "အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၁၅) ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားရာတွင် ဤဝန်ကြီးဌာနအနေဖြင့် အသိပညာမျှဝေဆွေးနွေးခြင်း အစီအစဉ်အား အပတ်စဉ်ဆောင်ရွက်ခဲ့သည်မှာ ယခုအခါ အပတ်စဉ် (၁၅) ထိ ရောက်ရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ ခေါင်းစဉ်အားဖြင့် ၁၅ ခု ရှိပြီဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာနရှိ အရာထမ်း/ အမှုထမ်းများအနေဖြင့် ဗဟုသုတများစွာ ရရှိထားကြမည်ဟု ယုံကြည်ပါကြောင်း၊ Knowledge Sharing Programme (KSP) အသိပညာ မျှဝေခြင်းကြောင့် တစ်ဦးသိရှိထားသည့် အကြောင်းအရာများအား အများစုကို မျှဝေရခြင်းဖြစ်သည့်အတွက် အများသိစေခြင်း၊ အထူးသဖြင့် ဘာသာရပ်ဆိုင်ရာခေါင်းစဉ်များကို မျှဝေပေးခြင်းကြောင့်ဝန်ကြီးဌာနရှိ အရာထမ်း/ အမှုထမ်းများအနေဖြင့် လုပ်ငန်းခွင်တွင် အမှားနည်းအောင်၊ လုပ်ငန်းဆောင်ရွက်ရာတွင် အပေါင်းလက္ခဏာ (+) ဆောင်သည့်အတွက် (Capacity) ကောင်းအောင်၊ ဝန်ထမ်းတစ်ဦးစီ၏ အရည်အချင်း (Capability) တိုးတက်လာမှာ ဖြစ်သည့်အတွက် လုပ်နိုင်ကိုင်နိုင်စွမ်း၊ လုပ်တတ်ကိုင်တတ်လာအောင် ဖြည့်ဆည်းပေးခြင်း ရည်ရွယ်ချက်ဖြင့် Knowledge Sharing Programme (KSP) အသိပညာမျှဝေဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမည့် ခေါင်းစဉ်၌အခြေခံဖြစ်သည့် အာဆီယံ ၁၀ နိုင်ငံ ဖွဲ့စည်းဖြစ်ပေါ်မှုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများမတူကွဲပြားမှု အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းဆွေးနွေးပါသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက "အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများကို လေ့လာတင်ပြခြင်း" ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးမှုခေါင်းစဉ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိများနှင့် အရာထမ်း/ အမှုထမ်းများ Online အပါအဝင် စုစုပေါင်း ဝန်ထမ်း အင်အား ၁၂၀ ကျော် တက်ရောက်ခဲ့ကြပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစုများ၏ သား သမီး၊ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကျင်းပ

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန၂ခုမှ ဝန်ထမ်းများ၏ သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူများအား စာအုပ်၊ စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော်၊ ရုံးအမှတ် (၁)၊ ပြည်ထောင်စုဝန်ကြီးရုံး၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် ပညာရေးကိုအားပေးသည့်နိုင်ငံဖြစ်ပြီး ပညာရေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပညာရေးစနစ်ထွန်းကားလာစေရန်အတွက် ကျောင်းနေအရွယ် ကလေးတိုင်းပညာသင်ကြား/ကျောင်းနေနိုင်ရေးစနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပညာရေးကို ဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး အမျိုးသားပညာရေး အဆင့်အတန်းမြင့်မားစေရန်အတွက် အနိမ့်ဆုံး (KG + 9) ပညာရေးပြီးမြောက်စေရေးအစီအစဉ်၊ စက်မှုနှင့် သက်မွေးပညာသင်ကျောင်းများ အစီအစဉ်၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း ၅၁ ကျောင်း Technical and Vocational Education and Training (TVET) အစီ အစဉ်တို့ဖြင့် ပညာရေး မြင့်တင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (ဃ) တွင် "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေး ကဏ္ဍမြင့်တင်ရေး" ကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊မိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများအား စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှိလာစေရန် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ ပြုစုပျိုးထောင်ပေးရာတွင် မိမိတို့ ဝန်ကြီးဌာန အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီပေးသည့်အနေဖြင့် စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေးများကို တိုးမြှင့်ထောက်ပံ့ ပေးအပ်လျက်ရှိပါကြောင်း၊ သို့ပါ၍ မိဘများအနေဖြင့် မိမိတို့၏ သား၊ သမီးများကို ပေါက်မြောက်ထူးချွန်သော သားကောင်း/ သမီးကောင်းများဖြစ်လာစေရန်နှင့် နိုင်ငံတော်အတွက် အားထားရသည့် လူကောင်းလူတော်များဖြစ်စေရန် စနစ်တကျ ပြုစုပျိုးထောင်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွင် မိဘ၊ ဆရာ၊ ကျောင်းသား ၃ ဦး ပူးပေါင်းပြီးကြိုးစားအားထုတ်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန ၂ ခုတို့မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင်ပညာသင်ကြားမည့် ကျောင်းသား/ကျောင်းသူများအား ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ်၊ဘောပင်၊ ခဲတံတို့အား ပေးအပ်ရာ ကျောင်းသားမိဘများကိုယ်စား ဌာနအလိုက်မှ ကျောင်းသားမိဘတစ်ဦးစီကလက်ခံရယူခဲ့သည်။ ထို့နောက်ကျောင်းသားမိဘများကိုယ်စား ကျောင်းသားမိဘတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/ အမှုထမ်းများ ကျောင်းသားမိဘများက လူကိုယ်တိုင် တက်ရောက်ခဲ့ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများမှ အရာထမ်း/ အမှုထမ်း ဝန်ထမ်းမိဘများက Online ဖြင့် တက်ရောက်ခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ယူကြမည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ဝင်တန်းများမှာ ပညာသင်ယူကြမည့် ကျောင်းသား/ကျောင်းသူ ၂၀၀ ဦးရှိကြောင်း သိရှိရပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၁၈) "မြန်မာနိုင်ငံက ချုပ်ဆိုထားသည့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ (BIT) အပေါ်လေ့လာတင်ပြခြင်း" ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၁၈) ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဇွန် ၂၃ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက် အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Capacity) တိုးတက်လာစေရန် ရည်ရွယ်၍ အသိပညာမျှဝေဆွေးနွေးခြင်းအစီအစဉ် (Friday Talk) အား အပတ်စဉ်ဆောင်ရွက်ခဲ့သည်မှာ ယခုအခါ အပတ်စဉ် (၁၈) အထိ ရောက်ရှိပြီဖြစ်ပါကြောင်း၊ ဤဝန်ကြီးဌာနရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA) နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန (FERD) တို့သည် နိုင်ငံတကာအကူအညီများ ဝင်ရောက်နိုင်စေရေး၊ ရင်းနှီးမြှုပ်နှံမှုများကို အခြေခံထားသည့် ဥပဒေများဖြင့် ငွေကြေးအရင်းအနှီး စီးဝင်စေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးစသည်တို့တွင် နိုင်ငံတကာနှင့်ဆက်သွယ်ရသည့် အခြေခံသဘာတရား၌ တူညီပါကြောင်း၊ FERD ဘက်မှ ချုပ်ဆိုသော နှစ်နိုင်ငံသဘောတူစာချုပ်များသည် အကျိုးအမြတ် ရယူခြင်းမရှိသည့် (Non-Profit) များဖြစ်သော်လည်း ယင်းစာချုပ်များ၏ အကျိုးဆက်များကို သိရှိလေ့လာထားရန် လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင်လည်း နှစ်နိုင်ငံနှင့် နိုင်ငံစုံ ရင်းနှီးမြှုပ်နှံမှုများ၌ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် အကျိုးအမြတ်ရရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြခြင်းဖြစ်ပါကြောင်း၊ ရင်နှီးမြှုပ်နှံမှုများသည် နိုင်ငံအတွက် အမြတ်အစွန်းနှင့် အကျိုးအမြတ်များ (Profit and Benefit) ရရှိနိုင်မည်ဖြစ်သဖြင့် အဆိုပါရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေး နှစ်နိုင်ငံသဘော တူစာချုပ်များ (Bilateral Investment Treaties) ချုပ်ဆိုကြရပါကြောင်း၊ ထို့ကြောင့်ရင်းနှီးမြှုပ်နှံမှုများ အကာအကွယ်ပေးနိုင်ခြင်း (Investment Protection)နှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေးခြင်း (Investment Promotion) သည် အရေးကြီးကြောင်းကိုနားလည်ထားရန်လိုအပ်ပါကြောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ စီးဝင်စေရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရသည့်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းအိ တင်ပြဆွေးနွေးမည့် ခေါင်းစဉ်သည် ထိရောက်ပြီး အကျိုးများစေသည့် ခေါင်းစဉ်ဖြစ်ကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့် ယနေ့ဆွေးနွေးပွဲတွင် တက်တက်ကြွကြွပါဝင်ဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမည့် ခေါင်းစဉ်၏အခြေခံဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသဘောတူစာချုပ်များနှင့် မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ အကြောင်းကို မိတ်ဆက်ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းအိ က "မြန်မာနိုင်ငံကချုပ်ဆိုထားသည့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ" ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဆွေးနွေးမှု ခေါင်းစဉ်နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းနှင့် ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိများနှင့် အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက်သူများ အပါအဝင်စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။

## ဝန်ကြီးဌာန၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၃/၂၀၂၃) ဖွင့်လှစ်ပွဲကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ အရာထမ်းနှင့် အမှုထမ်းဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၃/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ရုံးအမှတ် (၁)၊ ဝန်ကြီးဌာန အစည်းအဝေးခန်းမ နေပြည်တော်၌ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် သင်တန်းဖွင့်လှစ်ပို့ချခဲ့သည်မှာ (၃/၂၀၂၃) ကြိမ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယခင် ၂ ကြိမ်ဖွင့်လှစ်ခဲ့သည့် ဝန်ကြီးဌာနတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၄၀ ဦး တက်ရောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ၊ ရည်မှန်းချက်များကို ပြည့်ဝစွာအကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ အစပြု၍ဥပဒေဆက်နွယ်ဘာသာရပ်များနှင့် စီမံခန့်ခွဲမှုဘာသာရပ်များဖြစ်သည့် စီးပွားရေးဆိုင်ရာ ဥပဒေများ၊ မြန်မာ နိုင်ငံကုမ္ပဏီများဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နည်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာဥပဒေများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ၊ ရုံးစာရေးသားနည်းများ၊ သံတမန်ရေးရာ အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များ၊ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများကိုဥပဒေ၊ လုပ်ထုံးလုပ် နည်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ ဆက်စပ် ဝန်ကြီးဌာနများ၏ ဥပဒေများသိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက်ဥပဒေဘာသာရပ်ကိုပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိသော အသိအမြင်၊ ဗဟုသုတများဖြင့် လုပ်ငန်းခွင်အတွင်း တာဝန်ကိုကျေပွန်စွာနှင့် ကျွမ်းကျင်စွာထမ်းဆောင်နိုင်သည့် ဝန်ထမ်းများဖြစ်လာနိုင်စေရန် ရည်ရွယ်ပါကြောင်း၊ **"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"** ဆိုသော ဆောင်ပုဒ်အတိုင်း ဝန်ထမ်းများ၏ စိတ်ဓာတ် ရေးရာနှင့် စည်းမျဉ်းစည်းကမ်းကောင်းမွန်မှသာ နိုင်ငံ့တာဝန်များကို ဥပဒေစည်းမျဉ်းများဖြင့် စနစ်တကျသယ်ပိုးထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းတစ်ဦးစီ၏ ကိုယ်ပိုင်အသိစိတ်ဓါတ်ဖြင့် နိုင်ငံ့တာဝန်များကို အင်တိုက်အားတိုက်ပါဝင် ထမ်းဆောင်လိုသော စိတ်ဓါတ်မျိုးရှိရန်နှင့် မိမိ၏ တစ်ကိုယ်ရည် စွမ်းရည်ဖြင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စိတ်ဓါတ်တို့စနစ်တကျ မွေးမြူသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဦးစီးအရာရှိ ရာထူးအဆင့်နှင့် အောက်ဝန်ထမ်းများအတွက် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၃/၂၀၂၃) ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် လူကိုယ်တိုင်/ Online မှ တစ်ဆင့် ပါဝင်တက်ရောက်သည့် အရာထမ်း၊ အမှုထမ်း သင်တန်းသား/ သူ ၅၅ ဦး အပါအဝင် စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ကြပါသည်။

အဆိုပါ သင်တန်းအား ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ ဩဂုတ်လ ၄ ရက်နေ့အထိ ရက်ပေါင်း ၄၀ ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် မွမ်းမံသင်တန်းအား စဉ်ဆက်မပြတ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၂၀)
## "ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများနှင့် ကဏ္ဍများကို မှန်ကန်စွာ ဖြည့်သွင်းနိုင်ရေး လေ့လာဆန်းစစ်တင်ပြခြင်း " ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် ၂၀ ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် ၁ ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏စွမ်းဆောင်ရည် (Capacity) တိုးတက်လာစေရန် ရည်ရွယ်၍ အသိပညာ မျှဝေဆွေးနွေးခြင်းအစီအစဉ် (Friday Talk) အား အပတ်စဉ်ဆောင်ရွက်ခဲ့သည်မှာ ယခုအခါ အပတ်စဉ် ၂၀ အထိ ရောက်ရှိပြီဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပြောကြားမည့် အကြောင်းအရာသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို ဆောင်ရွက်ရာတွင် အရေးပါသော စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (Gross Domestic Product- GDP) တွက်ချက်ရာတွင် လိုအပ်သည့် ကိန်းဂဏန်းများ မှန်ကန်စေရေးကို အထောက်အကူပြုသဖြင့်ဝန်ထမ်းများ အားလုံးသိရှိထားရန်လိုအပ်ပါကြောင်း၊ GDP တွက်ချက်ရာတွင် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ အစိုးရ၏အသုံးစရိတ်နှင့် အသားတင်ပို့ကုန် တန်ဖိုးများကိုထည့်သွင်းတွက်ချက်ရသဖြင့် ရင်းနှီးမြှုပ်နှံမှုစာရင်းအင်းများ မှန်ကန်စေရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို စနစ်တကျ စာရင်းရေးသွင်းရေးသည် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ၏ စာရင်းအင်းအချက်အလက်များ မှန်ကန်၍ အရည်အသွေး ပြည့်ဝမှုရှိရန် အမြဲဆောင်ရွက်ရန်လိုပါကြောင်း၊ ယနေ့ ဆွေးနွေးပို့ချမည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ အရာထမ်း၊ အမှုထမ်းများအနေဖြင့်တက်တက်ကြွကြွပါဝင်ဆွေးနွေးသွားကြစေလိုကြောင်း တိုက်တွန်း ပြောကြားခဲ့ပြီး ဆွေးနွေးမည့်ခေါင်းစဉ်၏ အခြေခံဖြစ်သည့် နိုင်ငံတစ်နိုင်ငံအတွက် စာရင်းအင်းအချက်အလက်များ၏ အရေးပါပုံနှင့် စာရင်းအင်းများတိကျမှန်ကန်စွာဖြည့်သွင်းနိုင်ရေးအတွက် လိုအပ်သော အချက်အလက်များကို မိတ်ဆက်ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာက "ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများနှင့်ကဏ္ဍများကို မှန်ကန်စွာ ဖြည့်သွင်းနိုင်ရေးလေ့လာဆန်းစစ်တင်ပြခြင်း" ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဆွေးနွေးမှုခေါင်းစဉ်နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းနှင့် ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိများနှင့် အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက်သူများ အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။



## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၂၂) "ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေးသင်တန်း ဆွေးနွေးပွဲမှ လေ့လာ သိရှိခဲ့သည့် ဗဟုသုတများကို မျှဝေခြင်း " ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၂၂) ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Capacity) တိုးတက်လာစေရန် ရည်ရွယ်၍ အသိပညာ မျှဝေဆွေးနွေးခြင်းအစီအစဉ် (Friday Talk) အား အပတ်စဉ်ဆောင်ရွက်ခဲ့သည်မှာ ယခုအခါ အပတ်စဉ် ၂၂ အထိ ရောက်ရှိပြီဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ အဆင်ပြေစွာလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှု ဈေးကွက်ရရှိအောင် ဆောင်ရွက်နိုင်ရေး၊ ပြည်တွင်း/ ပြည်ပနှင့် နိုင်ငံတကာ စီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအပြင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်စည်ပြပွဲများ (Investment Fair) ၌ မြန်မာနိုင်ငံက ပါဝင်ပြသနိုင်ရေးတို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ဆွေးနွေးမည့် ခေါင်းစဉ်ပါ အာဆီယံ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု (Regional Comprehensive Economic Part - nership- RCEP) သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါ RCEP သဘောတူစာချုပ်တွင် အာဆီယံ ၁၀ နိုင်ငံနှင့် ဩစတြေးလျ၊ နယူးဇီလန်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်နိုင်ငံ ၁၅ နိုင်ငံတို့ပါဝင်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization- WTO) နှင့် ကနဦးပူးတွဲကြေညာချက် (Joint Statement Initiative) ပြုလုပ်ထားပါကြောင်း၊ ယင်းစာချုပ်အရ မြန်မာနိုင်ငံသည် ဒေသတွင်း နိုင်ငံများအပြင်ကမ္ဘာ့နိုင်ငံများအထိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်မည့် အခွင့်အလမ်းများရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးတိုးတက်စေရေးအတွက် ထုတ်လုပ်ခြင်း (Production)၊ ဖြန့်ဖြူးခြင်း (Distribution) နှင့် ဈေးကွက်ရရှိအောင်ဆောင်ရွက်ခြင်း (Marketing) တို့သည် အဓိကမောင်းနှင်အားများဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာကြီးသည် စီးပွားရေးခေတ်သစ်သို့ရောက်ရှိနေပြီဖြစ်၍ နည်းပညာများတိုးတက်လာသည့်အပြင် စာရင်းဇယားများ (Statistic Data)၊ Artificial Intelligent- AI နည်းပညာ၊ e-Commerce ၊ Digital Trade ၊ E-Payment System နှင့် Cashless System များကို အသုံးပြုနေပြီဖြစ်ပါကြောင်း၊ RCEP သဘောတူစာချုပ်၌ ခေတ်နှင့်လျော်ညီစွာ အီလက်ထရောနစ် ကုန်သန်းရောင်းဝယ်ရေးအခန်း (e-Commerce) ကို ထည့်သွင်းချုပ်ဆိုထားသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှု၊ ကုန်သန်းသွားလာမှု၊ ပို့ကုန်သွင်းကုန်တိုးတက်မှု၊ ငွေကြေးဖလှယ်မှု၊ လူမျိုးအချင်းချင်း (People to People)နှင့် ယဉ်ကျေးမှုအချင်းချင်း (Culture to Culture) တို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲမှ ရရှိသောအသိပညာ၊ ဗဟုသုတများကို အကျိုးရှိရှိအသုံးချ ရင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် စွမ်းအားအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချောစုစုဝင်းက " ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲမှ လေ့လာသိရှိခဲ့သည့် ဗဟုသုတများကို မျှဝေခြင်း" ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးမှု ခေါင်းစဉ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ် ခဲ့ကြပါသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့် အရာရှိများနှင့် အရာထမ်း / အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသ ကြီး/ ပြည်နယ် ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက် သူများ အပါအဝင် စုစုပေါင်း ဝန်ထမ်း အင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၂၃) “လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (၂၀၂၀) အရ မှတ်ပုံတင်အရာရှိဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အခန်းကဏ္ဍ ” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် ၂၃ ဆွေးနွေးပွဲအဖြစ် “လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏မှတ်ပုံတင် အရာရှိအဖြစ် ဆောင်ရွက်ရသည့်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာန (DICA) ၏ အခန်းကဏ္ဍ” ခေါင်း စဉ်ဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံး အမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားခဲ့ပါ သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာ စကားပြောကြားရာတွင် ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Capacity) တိုးတက်လာစေရန် ရည်ရွယ် ၍ အသိပညာ မျှဝေဆွေးနွေးခြင်းအစီအစဉ် (Friday Talk) အား အပတ်စဉ်ဆောင်ရွက်ခဲ့သည်မှာ ယခုအခါ အပတ်စဉ် ၂၃ အထိ ရောက်ရှိပြီဖြစ်ပါကြောင်း၊ ဆွေးနွေးခဲ့သည့် အကြောင်းအရာ ခေါင်းစဉ်များသည် ဝန်ထမ်းများအတွက် ပြည့်စုံလုံလောက်မှုရှိသည့်အပြင် ရုံးပြင်ပဆိုင်ရာ အတွေ့ အကြုံဗဟုသုတများ၊ ဥပဒေ၊ နည်းဥပဒေများကို ဖြည့် ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ဝန်ကြီး ဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကပါဝင်ဆောင်ရွက်နေသော ဌာနတစ်ခုဖြစ် ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာ ရေးအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် အရေး ကြီးပါကြောင်း၊ ပုဂ္ဂလိက ကုမ္ပဏီ/ လုပ်ငန်းရှင်များ အနေ ဖြင့် စည်းကမ်းပြည့်ဝစွာ၊ စနစ်ကျစွာ၊ ဥပဒေနှင့် နည်း ဥပဒေများကိုသိရှိနားလည်၍ လိုက်နာကျင့်သုံးရန် လိုအပ် ပါကြောင်းနှင့်စီးပွားရေးလုပ်ငန်းများတွင်လည်း စီးပွားရေး ဆိုင်ရာကျင့်ဝတ် (Business Ethnic) များနှင့် အညီ ဆောင်ရွက်တတ်ရန်လိုအပ်ပါကြောင်း၊ ကုမ္ပဏီမှတ်ပုံတင် ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအားလုံးနှင့် သက်ဆိုင် ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ယခုထက်ပိုပြီး ကုမ္ပဏီ လုပ်ငန်းရှင်များအား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမျှဝေ ပေးရန်လည်း လိုအပ်ပါသည်။



ယနေ့ဆွေးနွေးမျှဝေသော အကြောင်းအရာဖြစ်သည့် “လူမွဲခံယူခြင်းဆိုင်ရာဥပဒေ”ကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁ ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ပြဋ္ဌာန်း၍ မတ်လတွင် ဥပဒေ စတင်အာဏာတည်ခဲ့ပြီး ဧပြီလတွင် နည်းဥပဒေထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ ဥပဒေအရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကြီးကြပ် ရေးကောင်စီကို ဖွဲ့စည်းထားရှိပြီးကြီးကြပ်ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပါ မှတ်ပုံ တင်အရာရှိ၏ လုပ်ငန်းတာဝန်များကို မိမိတို့ဝန်ကြီးဌာန အောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီး ဌာနက အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ဥပဒေသည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီများ ဖျက်သိမ်းခြင်း နှင့်စပ်လျဉ်း၍ အစားထိုးကျင့်သုံးရမည့် ဥပဒေဖြစ်ပါ

ကြောင်း၊ ဝန်ကြီးဌာန၏ အရာထမ်း/ အမှုထမ်းများ အနေဖြင့် ယနေ့ဆွေးနွေးမျှဝေသော အကြောင်းအရာများကို စနစ်တကျ လေ့လာမှတ်သားစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲ အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး၊ ဒေါ်သီတာအောင်က "လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (၂၀၂၀) အရ မှတ်ပုံတင်အရာရှိဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ် ခဲ့ကြပါသည်။

အခမ်းအနားသို့ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက်သူများ အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။

## ၄၃ ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့အစည်းအဝေး၌ ဆွေးနွေးမှုများအား ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

၄၃ ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့် လုပ်ငန်းအဖွဲ့အစည်းအဝေး(43rd Meeting of the High-level Task Force on ASEAN Economic Integration-HLTF-EI) ၌ ဆွေးနွေးမှုများအား ရှင်းလင်းပြောကြားသည့်ဆွေးနွေးပွဲကို မြန်မာနိုင်ငံဆိုင်ရာ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ခေါင်းဆောင်ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ရုံးအမှတ် (၁)၊ နေပြည်တော်၌ ကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က အင်ဒိုနီးရှားနိုင်ငံ၊ ဘေလီတန်ကျွန်း၌ ၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက် နေ့မှ ၃ ရက်နေ့အထိ ကျင်းပခဲ့သည့် (၄၃) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေး၏ ဆွေးနွေးချက်များဖြစ်သည့် အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရာတွင် အာဆီယံအနေဖြင့် ဆွေးနွေးထားရှိသည့် အချက်များ၊ ၂၀၂၃ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်း တစ်ခုအဖြစ် ဆောင်ရွက်မည့် အာဆီယံ အဏ္ဏဝါစီးပွားရေး မူဘောင်ရေးဆွဲရန် ဆောင်ရွက်မှုများ၊ အာဆီယံဒေသတွင်း ပတ်ဝန်းကျင်ကို ထိခိုက်မှု လျော့နည်းစေသည့် စီးပွားရေးမူဘောင် အကောင်အထည်ဖော်မှု အခြေအနေများ၊ ဒေသတွင်း ကာဗွန်လျှော့ချရေး ဆိုင်ရာ အာဆီယံ မဟာဗျူဟာရေးဆွဲခြင်းအတွက် လေ့လာမှု အစီအစဉ်ဆောင်ရွက်မှုများ၊ အာဆီယံဒီဂျစ်တယ် စီးပွားရေး မူဘောင်ရေးဆွဲခြင်းနှင့် အာဆီယံ အသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်အတွက် ဆွေးနွေးဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်ရမည့် အချက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များက ဒေသတွင်း အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြပါသည်။



## မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာ (MOI) (မူကြမ်း) နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့် စာလွှာ (MOI) လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ရုံးအမှတ်(၁)၊ အစည်းအဝေးခန်းမ (၃) ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က အစည်းအဝေးသို့ တက်ရောက်လာကြသော သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မိတ်ဖက်နိုင်ငံများနှင့်သာမက အခြားနိုင်ငံများ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှု မြင့်တင်နိုင်စွမ်းနှင့် ကုန်သွယ်နိုင်စွမ်းရှိသော အရှေ့အာရှအလယ်ပိုင်းနိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရုရှားနိုင်ငံ အပါအဝင် Eurasia နိုင်ငံများ၊ ဘယ်လာရုစ်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်ညှိနှိုင်းလျက်ရှိပါကြောင်း၊ MoI လက်မှတ်ရေးထိုးနိုင်ရေး အဆိုပြုလာမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခဲ့ရာ ပြည်တွင်းလုပ်ထုံးလုပ်နည်းနှင့် အညီဆက်လက်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုပါသဖြင့် MOI (မူကြမ်း) ပါ သတ်မှတ်ချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ သဘောထားကို သိရှိဆွေးနွေးနိုင်ရန်အတွက် အစည်းအဝေးကျင်းပ၍ ညှိနှိုင်းရခြင်းဖြစ်ပါကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ MoI (မူကြမ်း) အရ ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများအလိုက် သက်ဆိုင်ရာဌာနဖြစ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှကိုယ်စားလှယ်အရာရှိ စုစုပေါင်း ၁၄ ဦး တို့ တက်ရောက်ခဲ့ကြပါသည်။

ယင်းအစည်းအဝေးတွင် ဘယ်လာရုစ်နိုင်ငံဘက်သို့ မိမိတို့နိုင်ငံမှ ပူးပေါင်းဆောင်ရွက်လိုသည့် နယ်ပယ်များ၊ နှစ်နိုင်ငံအကြား တင်ပို့/တင်သွင်းလိုသည့် ကုန်ပစ္စည်းများ နှင့် စပ်လျဉ်း၍ ပြန်လည် အဆိုပြုရေးကိစ္စ၊ Political နှင့် Classified Information ဆိုင်ရာ နယ်ပယ်များကို သီးခြားပူးပေါင်း ဆောင်ရွက်မည့် နယ်ပယ်အဖြစ် သတ်မှတ်၍ Framework ချုပ်ဆိုပါက ပိုမိုချောမွေ့မည်ဖြစ်ကြောင်း နှင့် စီးပွားရေး၊ နည်းပညာနှင့် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်များကို ဦးစားပေးဆောင်ရွက်လိုပါကြောင်း ဘယ်လာရုစ်နိုင်ငံဘက်သို့ သံတမန်လမ်းကြောင်းမှတစ်ဆင့်အဆိုပြုရေးကိစ္စ၊ သက်ဆိုင်ရာဌာနများအနေဖြင့် ဘယ်လာရုစ် နိုင်ငံ Virtual စနစ်ဖြင့် အစည်းအဝေးပြုလုပ်ရေးကိစ္စ၊ MoI (မူကြမ်း) ပါ စာသားများချောမွေ့စေရန် ပြန်လည်ပြင်ဆင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။



## အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန်မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၈) ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ၊ဂျကာတာမြို့တွင် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန်မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏(၈)ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးသို့နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဇော်ဇော်စိုးနှင့် အရာထမ်းတစ်ဦး လိုက်ပါတက်ရောက်ခဲ့ပါသည်။

အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ဦးစားပေးလုပ်ငန်းစဉ်များဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Dian Triansyah Djani နှင့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် အငြိမ်းစားသံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့်ကိုယ်စားလှယ်များစုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘီလင်တွန်း၌ ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန်မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ၇ ကြိမ်မြောက် အစည်းအဝေး၏ အစီရင်ခံစာနှင့် ဆုံးဖြတ်ချက်များကို အတည်ပြုခဲ့ကြပြီး အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန်မျှော်မှန်းချက်စာတမ်းနှင့်နောက်ဆက်တွဲစာတမ်းများရေးဆွဲရေးအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက်“တက်ကြွ၍ ကြံ့ခိုင်မှုရှိသော ပြည်သူ့ ဗဟိုပြုအာဆီယံ” ဆောင်ပုဒ်ဖြင့် ရေးသားပြုစုမည့် အာဆီယံမျှော်မှန်းချက်စာတမ်း ၂၀၄၅ မူကြမ်းပါအချက်များကိုဆက်လက်ဆွေးနွေးခဲ့ကြပါသည်။

ဒုတိယဝန်ကြီးက အာဆီယံမျှော်မှန်းချက် စာတမ်း ၂၀၄၅ မူကြမ်းအား ရေးဆွဲတင်ပြခဲ့ခြင်းအတွက် ပူးတွဲဥက္ကဋ္ဌနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအား ကျေးဇူးတင်ရှိကြောင်း၊ ယင်းအာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်စာတမ်းသည် ၄၀ ကြိမ်နှင့် ၄၁ ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးက မှတ်တမ်းတင်ခဲ့သည့် အဓိကသဘောတရားများ (Core Elements) ကို အခြေခံသင့်ကြောင်း အလေးထား ပြောကြားခဲ့ပါသည်။ ဆက်လက်ပြီးမျှော်မှန်းချက်စာတမ်း မူကြမ်းရေးဆွဲရာတွင် အာဆီယံအသိုက်အဝန်း၏ အခြားမဏ္ဍိုင် ၂ ရပ်ဖြစ်သည့် အာဆီယံစီးပွားရေး အသိုက်အဝန်း မဏ္ဍိုင်နှင့် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်တို့နှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန်လိုအပ်ကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။ ထို့ပြင် အာဆီယံပဋိညာဉ် စာတမ်းနှင့် အာဆီယံ၏ အခြားစာချုပ်စာတမ်းများတွင် ပြဋ္ဌာန်းထားသည့် အခြေခံမူများ၊ စံနှုန်းများ၊ ရည်ရွယ်ချက်များကို လေးစားလိုက်နာခြင်းသည် ဒေသတွင်းမတူညီကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှု ရှိစေနိုင်မည်ဖြစ်ကြောင်း၊ အာဆီယံကို နိုင်ငံတကာမှ အသိအမှတ်ပြုရသည့် အဖွဲ့အစည်းအဖြစ် ဆက်လက်ထိန်းသိမ်းနိုင်ရန်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

အဆိုပါ မျှော်မှန်းချက်စာတမ်းကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ပြုလုပ်မည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ အချိန်မီတင်ပြရန် အပြီးသတ်ရေးဆွဲမည့် လမ်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအကြား ဆက်လက် ဆွေးနွေးဆောင်ရွက်ရန်ရှိကြောင်း သိရှိရပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်၍ MICC II အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့် အောင်ဆန်းအားကစားကွင်းအသစ် ပြန်လည်တည်ဆောက်ခြင်းစီမံကိန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး

တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဆိုပြုထားသော စီမံကိန်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ ရုံးအမှတ်(၁) ၌ ပြုလုပ်ကျင်းပခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင် သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အာရှနှင့် အမေရိကဌာနခွဲမှ အရာထမ်းများ ပါဝင်တက်ရောက်ခဲ့ပြီး တရုတ်အကူအညီဖြင့် ဆောင်ရွက်ရန် အဆိုပြုထားသည့် စီမံကိန်းများအပေါ် ရှေ့ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။




## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ ဗစ်တလေ ဆိုလိုနတ်စကီ ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နည်းပညာ၊ ဆိုက်ဘာလုံခြုံရေးနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု ဆိုင်ရာနည်းပညာကဏ္ဍများတွင် ရုရှားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်သည်။



## ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Ms. Nabanita Chakrabarti အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝဲဝဲမောင်သည် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Ms. Nabanita Chakrabarti ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



လက်ခံတွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် အိန္ဒိယနိုင်ငံ၏ အကူအညီစီမံကိန်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချုပ်ဆိုထားသော အသေးစားဖွံ့ဖြိုးမှုစီမံကိန်းများ (Small Development Projects) အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအောက်မှ အိန္ဒိယဘက်သို့ အဆိုပြုထားသည့် စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ထပ်တိုးအဆိုပြုရန်ရှိသည့် စီမံကိန်းများ နှင့် ၂၀၂၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများပြန်လည်ထူထောင်ရေးဆိုင်ရာ စီမံကိန်းများထည့်သွင်းအဆိုပြုရေးနှင့်စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးခဲ့ကြသည်။ ထိုသို့တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အသေးစားဖွံ့ဖြိုးမှုစီမံကိန်းများဆိုသည်မှာ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုအသိုက်အဝန်း တိုးတက်မှုကဏ္ဍများတွင် အချိန်တိုအတွင်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းများကို အမေရိကန်ဒေါ်လာ ၂ သန်းအောက် ပမာဏဖြင့် ဆောင်ရွက်နိုင်သည့် အကူအညီစီမံကိန်းများ (Grant Projects) ဖြစ်ပါကြောင်း သိရှိရပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၂၁) " ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု " ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် ၂၁ ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယဝန်ကြီး ဒေါက်တာဝဲဝဲမောင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီး ဒေါက်တာဝဲဝဲမောင်က အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနရှိဝန်ထမ်းများ၏စွမ်းဆောင်ရည် (Capacity) တိုးတက်လာစေရန် ရည်ရွယ်၍ အသိပညာမျှဝေ ဆွေးနွေးခြင်းအစီအစဉ် (Friday Talk) အား အပတ်စဉ်ဆောင်ရွက်ခဲ့သည်မှာ ယခုအခါ အပတ်စဉ် ၂၁ အထိ ရောက်ရှိပြီဖြစ်ပါကြောင်း၊ ဆွေးနွေးပြောကြားမည့် "ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု" အကြောင်းအရာသည် ဝန်ထမ်းတစ်ဦးချင်းနှင့် မိမိတို့ဝန်ကြီးဌာနအတွက်ပါ အထောက်အကူပြုပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအပါအဝင် မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်း များအားလုံးအနေဖြင့် နိုင်ငံဆိုင်ရာ မူဝါဒ၏ လားရာ (Trend) ကိုသိရှိရန် လိုအပ်ပြီး ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကိုပါ သိရှိနည်းလည်ရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သဖြင့် အဆိုပါကုလသမဂ္ဂနှင့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ သယံဇာတအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့

အစည်းများထံမှ နည်းပညာနှင့် ငွေကြေးအကူအညီ အထောက်အပံ့များ လိုအပ်သဖြင့် ပူးပေါင်းဆောင်ရွက်ရာတွင်ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက် (Guidelines) များကို ဝန်ထမ်းများအားလုံး သိရှိလိုက်နာကြရမည်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပေးအပ်သော အကူအညီ အထောက်အပံ့များသည် ချည်နှောင်မှု မရှိစေသည့် ထိရောက်သော အကူအညီ အထောက်အပံ့များဖြစ်ရန် လိုအပ်ပါကြောင်း၊ UN၊ NGO နှင့် INGO အဖွဲ့အစည်းများမှ မိမိတို့နိုင်ငံအပေါ် ပေးအပ်သော အကူအညီအထောက်အပံ့များကိုရယူဆောင်ရွက်ရာတွင် တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမျိုးခွင့်မပြုဘဲ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသန္တရအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့်သာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ခွင့်ပြုထားပါကြောင်းနှင့် တက်ရောက်လာကြသူများအနေဖြင့် တက်တက်ကြွကြွ ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ညွှန်ကြားရေးမှူး ဒေါ်မို့မို့နိုင်က “ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု” ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးမှုခေါင်းစဉ်နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (Online)၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့် အရာရှိများနှင့် အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက်သူများအပါအဝင် စုစုပေါင်းဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။



## ၄၄ ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်ပါဝင်တက်ရောက်

၄၄ ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (44th Meeting of the High-level Task Force on ASEAN Economic Integration - HLTF-EI) အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ လန်ဘုတ်ကျွန်းတွင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝဝါမောင် ပါဝင်တက်ရောက်ပါသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲမှုတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းအနေဖြင့် ထည့်သွင်းလိုသည့်ကိစ္စရပ်များ၊ အသစ်ထွက်ပေါ်လာသည့် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာကိစ္စရပ်များ၊ အင်ဒိုနီးရှားနိုင်ငံအာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ၂၀၂၃ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်ရန် သတ်မှတ်ခဲ့သည့် စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ပုံစံ ၂၀၂၅ အကောင်အထည်ဖော်မှုအပေါ် ဘက်စုံစောင့်ကြည့်လေ့လာရေး အကဲဖြတ်မှု၏ဖြစ်ပေါ်တိုးတက်မှု အခြေအနေ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် အာဆီယံဒေသ ဖြစ်လာစေရေးအတွက် ကာဗွန်လျှော့ချရေးဆိုင်ရာ အာဆီယံဗျူဟာရေးဆွဲမှု၊ အာဆီယံဒေသတွင်း လျှပ်စစ် မော်တော်ယာဉ် (EV) အသုံးပြုမှုစနစ်နှင့် ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်စေရေး၊ ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် အာဆီယံအပြာရောင် စီးပွားရေးမူဘောင် (ASEAN Blue Economy Framework) ရေးဆွဲမှုနှင့် အာဆီယံ၏ ချုပ်ဆို ပြီးသော လွတ်လပ်သော ကုန်သွယ်မှုဒေသ အသုံးပြုမှု ( Utilization of FTAs) အခြေအနေများအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ ကောင်းမွန်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ အာဆီယံလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှု၊ စတုတ္ထ စက်မှုအသွင်ကူးပြောင်းမှုဆိုင်ရာ အာဆီယံမဟာဗျူဟာကို အကောင်အထည်ဖော်မှု၊ အာဆီယံ ဒစ်ဂျစ်တယ် စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ ဘမ်ဂါဆီရီ ဘီဂါဝမ် လမ်းပြမြေပုံ အကောင်အထည်မှုတို့ကို မှတ်တမ်းတင်ခဲ့သည်။ ထိုအပြင် အစည်းအဝေး၌ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပမည့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် စက်တင်ဘာလတွင် ကျင်းပမည့် အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီသို့တင်ပြမည့် အကြံပြုချက်များကိုလည်း ညှိနှိုင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဒုတိယဝန်ကြီး H.E Edi Prio Pambudi က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့်တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြပါသည်။

ယခုအစည်းအဝေးတွင် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေး သဘာပတိအဖြစ် အင်ဒိုနီးရှားနိုင်ငံမှ လာအိုပြည်သူ့ ဒီမိုကရက်တစ်နိုင်ငံသို့ လွှဲပြောင်းခဲ့ပါသည်။ နောက်လာမည့် ၄၅ ကြိမ်မြောက်အစည်းအဝေးမှစတင်၍ လာအိုနိုင်ငံမှ သဘာပတိအိမ်ရှင်နိုင်ငံအဖြစ် စတင်ဆောင်ရွက်တော့မည် ဖြစ်ပါသည်။

အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးကို တစ်နှစ်လျှင် ၂ ကြိမ်ကျင်းပ၍ အာဆီယံစီးပွားရေး အသိုက်အဝန်း၏ အကြံပေးအဖွဲ့ (Think Tank) အနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ရှေ့လုပ်ငန်းစဉ်များ၊ အကြံပြုချက်နှင့် ထောက်ခံတင်ပြချက်များကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သည့် အဖွဲ့ ဖြစ်ကြောင်း သိရှိရပါသည်။



# DICA သတင်းကဏ္ဍ



## ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို လွယ်ကူစွာဆွေးနွေးနိုင်မည့် အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှု (DICA ONLINE SOLUTION – DOSo) စနစ်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ပြီ

ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ကန့်သတ်ချက်များကိုကျော်လွှားနိုင်ရန်နှင့်အွန်လိုင်းမှတစ်ဆင့် အကြံပေးဝန်ဆောင်မှုများလွယ်ကူစွာရယူနိုင်ရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA) က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှု (DICA Online Solution – DOSo) စနစ်ကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် Unboxing Investment Facilitation Tool-kit 2022 အခမ်းအနား၌ မြန်မာ့စီးပွားရေးရပ်ဝန်းသို့မိတ်ဆက်ပေးနိုင်ခဲ့ပါသည်။

DOSo စနစ်ကို စတင်အသုံးပြုနိုင်သည့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ DICA အနေဖြင့် ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များနှင့်ချိတ်ဆက်မှုများကို မြှင့်တင်နိုင်ခဲ့ပြီး လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ခဲ့ကာ ထိရောက်သည့် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှုများကို ပေးအပ်နိုင်ခဲ့ပါသည်။

ယခုအခါရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှု (DICA Online Solution – DOSo) စနစ်အား အဆင့်မြှင့်တင်ပြီးဖြစ်ပါသဖြင့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များအနေဖြင့် DICA ၏ ရုံးချုပ်ဌာနခွဲများသာမကသက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲများနှင့်ပါ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းသက်သာစွာဖြင့်ချိတ်ဆက်ဆွေးနွေးနိုင်တော့မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များအနေဖြင့် (https://doso.dica. gov.mm/) သို့ ဝင်ရောက်၍ အဆင့်မြှင့်တင်ပြီးဖြစ်သည့် အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှု (DICA Online Solution – DOSo) စနစ်မှတစ်ဆင့် ထိရောက်ပြီး အကျိုးဖြစ်ထွန်းသည့် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှုများ ရယူနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## နေပြည်တော်တွင် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေဆိုင်ရာအသိပညာ မျှဝေဆွေးနွေးခြင်းအခမ်းအနား ကျင်းပခြင်း

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှုကို အထောက်အကူပြုစေရန်နှင့် ခိုင်မာအားကောင်းသည့်စီးပွားရေးဝန်းကျင်ဖြစ်ပေါ်လာစေရေးကို ရည်ရွယ်၍ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေဆိုင်ရာ အသိပညာမျှဝေဆွေးနွေးခြင်းအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဦးစီးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီ၊ ဥက္ကဋ္ဌ ဦးတင်ဦးလွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမျိုးမင်းက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေဦးက ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်း က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဌာနဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၉၃ ဦးခန့် တက်ရောက်ခဲ့ပါသည်။



## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အတည်ပြုမိန့်ရယူပြီး လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများအား အသိပညာပေးဆွေးနွေးပွဲ ကျင်းပခြင်း

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အတည်ပြုမိန့်ရယူထားသည့် ကုမ္ပဏီများအားမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့် ဆိုလာလျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲခြင်း၊ အာမခံထားရှိခြင်းနှင့် ဘဏ်လုပ်ငန်းများ အကြောင်းကို ရင်းနှီးမြှုပ်နှံသူများ သိရှိနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ ဦးဆောင်၍ အသိပညာပေးဆွေးနွေးပွဲ ကျင်းပပေးခဲ့ပြီး ကုမ္ပဏီ ၁၆ ခုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင် ၄၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။






## နေပြည်တော်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း

နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့နှင့်အထူးဖိတ်ကြားထားသည့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် အကျိုးတူလယ်ယာစနစ်သုံး ဆန်စပါး ထုတ်လုပ်ခြင်း၊ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းသို့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ဌာနများအကြား ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်နိုင်ရေး ကွင်းဆင်းဝန်ဆောင်မှု ပေးခဲ့ပါသည်။



နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အတည်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းများသို့သွားရောက်၍လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ဌာနများအကြားပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအတွက် မြေပြင်ကွင်းဆင်းဝန်ဆောင်မှု ဆောင်ရွက်ခဲ့ပါသည်။



## ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကိုကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ သီရိပျံ့ချီ ဦးခက်ထိန်နန် ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင်ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသည်စိုက်ပျိုးရေးကဏ္ဍတွင်အမေရိကန်ဒေါ်လာ ၁ သန်း ရင်းနှီးမြှုပ်နှံမည့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခုကို အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၁၁၇ ခု ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။



## ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက်အစည်းအဝေး

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် ကရင်ပြည်နယ်ဥပဒေချုပ် ဦးရဲလွင် အပါအဝင် အဖွဲ့ဝင် ၇ ဦးနှင့် အထူးဖိတ်ကြားထားသူ ၁ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ကရင်ပြည်နယ်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့်ဘဏ္ဍာနှစ်အလိုက်ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်ရင်းနှီးမြှုပ်နှံမှု လျာထားချက်အခြေအနေ၊ ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများပြန်လည်ပေးဆပ်မှု အခြေအနေစသည်တို့ကို ဆွေးနွေး ဆောင်ရွက်ခဲ့ပါသည်။

## တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကော်မတီ အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အတွင်း တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အနေဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန် လျှောက်ထားလွှာတင်ပြလာခြင်း ကိစ္စရပ်များအပေါ် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



## မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ ရောင်စုံအမိုးသွပ်ပြား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းသို့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၄/၂၀၂၃)၊ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း

မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ ၄/၂၀၂၃ ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ၅/၂၀၂၃ ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်နေ့တို့တွင် လည်းကောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။



## မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်ရှိ နွားသားစပ်မွေးမြူခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းသို့ ၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး ကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းဆောင်ရွက်မှုများ

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ အနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၃ ခု၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၂ ခု နှင့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် လုပ်ငန်း ၂ ခု တို့အား သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။





## ပဲခူးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်းနှင့် ပဲခူးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း

ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်ပြီး ကော်မတီအဖွဲ့ဝင်များမှ တက်ရောက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများဖြစ်သော Gertai (Bago) Co., Ltd.မှ ဓာတုပစ္စည်းတစ်မျိုး ထပ်တိုးတင်သွင်းခွင့်ပြုပါရန် တင်ပြလာခြင်း၊ Sunforce International Co., Ltd. မှ ကုန်ချောပစ္စည်းတစ်မျိုး ထပ်မံထုတ်လုပ်ခွင့်ပြုပါရန် တင်ပြလာခြင်း၊Myo Chit Thu Trading Co., Ltd. မှအတည်ပြုမိန့် ပြန်လည်အပ်နှံခွင့်ပြုပါရန်တင်ပြလာခြင်း၊ Myanmar Carlsberg Co., Ltd.မှ ဘီယာချက်စက်ရုံတွင် ကစော်ဖောက်ကန်များအတွက် Foundation ဆောက်လုပ်ရန် ခွင့်ပြုမိန့် တောင်းခံခြင်းနှင့် Tae Kwang Myanmar Co.,Ltd.၏ မြေငှားစာချုပ် ဖျက်သိမ်းခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စရပ်များအပေါ် ကော်မတီအဖွဲ့ဝင်များမှ ခွင့်ပြုရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



ထို့နောက် ကော်မတီအတွင်းရေးမှူးက ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ယနေ့အထိ နိုင်ငံခြား/ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အမေရိကန် ဒေါ်လာ ၁၇၆.၂၈၃ သန်းနှင့် ကျပ် ၇၅၂၃၅.၇၇၅ သန်း ဝင်ရောက်ခဲ့ပြီး၊ အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၈၄၉၆ ဦး ဖော်ဆောင်ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပဲခူးတိုင်းဒေသကြီးသို့ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်သည့်ခရီးစဉ်တွင် ပြောကြားခဲ့သောအချက်များအနက် တိုင်းဒေသကြီးအတွင်း၌ နို့ချက်စက်ရုံတည်ထောင်၍ နို့ဆီထုတ်လုပ်သည့်လုပ်ငန်း၊ မော်တော်ကားနှင့် ဆိုင်ကယ်တို့အတွက် ရာဘာစေးကို အသုံးပြုပြီး တာယာ၊ ကျွတ်ကဲ့သို့ စက်မှုလုပ်ငန်း သုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများလာရောက် လုပ်ကိုင်နိုင်ရေးပါဝင်သဖြင့် ဦးစားပေးဖိတ်ခေါ်စေလိုကြောင်းမှာကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ညွှန်ကြားချက်အရ ပဲခူးတိုင်းဒေသကြီး ဦးစီမှူးရုံးမှ တိုင်းဒေသကြီးဦးစီးမှူးဦးဆောင်၍ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့ဝင်များနှင့်အတူ ၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ် (ဧပြီ၊ မေ၊ ဇွန်)လများအတွင်း ပဲခူးမြို့နယ်တွင် ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် CMP စနစ်ဖြင့် အားကစား လက်အိတ်များ ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော Bago Sports Gloves Co., Ltd.၊ CMP စနစ်ဖြင့် စက်ထိုးထည်များ ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော Top Galaxy (Myanmar) Apparel Ltd. နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၌ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော Sein Hnin Co.,Ltd. တို့အား စီးပွားဖြစ်လုပ်ငန်းစတင်နိုင်ရန်အတွက်လည်းကောင်း၊ CMP စနစ်ဖြင့်အရုပ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော Great Han Ltd. အား တတိယအကြိမ် တည်ဆောက်ရေးကာ တိုးမြှင့်ပေးနိုင်ရန်အတွက်လည်းကောင်း ကွင်းဆင်းစစ်ဆေးမေးမြန်း ဝန်ဆောင်မှုပေးခဲ့ပါသည်။

ယခုကဲ့သို့ ဝန်ဆောင်မှုပေးရာတွင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေး အဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာဌာနအသီးသီးမှ ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား မေးမြန်းပြီး လုပ်ငန်းလိုအပ်ချက်များအား ဖြည့်ဆည်းနိုင်ရန် အကြံပြု ဆွေးနွေးခြင်းနှင့် လိုအပ်သည့် ကိစ္စရပ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/ ၂၀၂၃) ကြိမ်မြောက်အစည်းအဝေး ကျင်းပပြုလုပ်ခြင်း

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်တွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခုက မတည်ငွေရင်းပမာဏ တိုးမြှင့်ခွင့်တင်ပြလာခြင်းအပေါ် အတည်ပြုဆွေးနွေး ဆုံးဖြတ်ခဲ့ပြီး မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးကမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထားသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများ Standard Operating Procedures (SOP) အား ကော်မတီဝင်များအားလုံး သိရှိနိုင်ရေး၊ SOP ပါ အချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား စိစစ်နိုင်ရေး၊ ကွင်းဆင်းကြီးကြပ် ဝန်ဆောင်မှုပေးနိုင်ရေး ရှင်းလင်းတင်ပြခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လှိုင်သာယာ မြို့နယ်ရှိ CMP စနစ်ဖြင့် LED နှင့် Lighting Accessories ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံသို့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင်သွားရောက်၍ စီးပွားဖြစ်စတင်လည်ပတ်ထုတ်လုပ်မည့် အခြေအနေ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CMP စနစ်ဖြင့် အဝတ်အထည်၊ ဖိနပ် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းများ၏ စီးပွားဖြစ်စတင် လည်ပတ်ထုတ်လုပ်မည့် အခြေအနေများ ကွင်းဆင်းစစ်ဆေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်ရန် တင်ပြလာသည့် စက်ရုံများသို့ ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ မေလနှင့် ဇွန်လအတွင်း သွားရောက်၍ စက်ရုံများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စီးပွားဖြစ် စတင်လည်ပတ်နိုင်ရန်အတွက် ပြည်တွင်းမှ စက်ပစ္စည်းဝယ်ယူထားမှုအခြေအနေများ၊ စက်စမ်းသပ်လည်ပတ်နိုင်ရန်စက်ပစ္စည်းများတပ်ဆင်ထားမှု အခြေအနေများ၊ ဝန်ထမ်းခန့်ထားမှုအခြေအနေများ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃)၊ (၅/၂၀၂၃) နှင့် (၆/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်လည်းကောင်း၊ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင်လည်းကောင်းနှင့် (၆/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင်လည်းကောင်း ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



အဆိုပါ အစည်းအဝေးများသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်း နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးများတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင်ရာခိုင်နှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၉ ခု၊ ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၁ ခု၊ စုစုပေါင်း လုပ်ငန်း ၁၀ ခု တို့ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ Refine Metal Block ထုတ်လုပ်၍ ၁၀၀% ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်း၊ CMP စနစ်ဖြင့် Bedding အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် ဆောက်လုပ်ရေးသုံး ပစ္စည်းအမျိုးမျိုး ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်း (ပြည်တွင်း ၈၀% နှင့် ပြည်ပ ၂၀%) တို့ဖြစ်ပါသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ ၉.၆၈၁ သန်း နှင့် မြန်မာကျပ်ငွေ ၂၅၀၀ သန်း ဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း ၄,၆၄၈ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၄၃ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၅/၂၀၂၃)အစည်းအဝေး သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းမှာ refine metal block ထုတ်လုပ်၍ ၁၀၀% ပြည်ပသို့တင်ပို့ခြင်း လုပ်ငန်းဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၆ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CMP စနစ်ဖြင့် စီးပွားဖြစ်စတင်လည်ပတ်ထုတ်လုပ်မည့် အခြေအနေများ ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ CMP စနစ်ဖြင့် ဆက်သွယ်ရေးလုပ်ငန်းသုံး Signal Cable အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အဝတ်အထည်များ၌ သုံးသော Labels, Tags, Stickers and Color Boxes အမျိုးမျိုး ထုတ်လုပ်၍ ပြည်တွင်းရှိ CMP လုပ်ငန်းများသို့ ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ်စတင် လည်ပတ်ထုတ်လုပ်မည့် အခြေအနေများ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့်စပ်လျဉ်း၍လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီးပွားဖြစ်စတင်လည်ပတ်ထုတ်လုပ်မည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော စက်ရုံသို့ ၂၀၂၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ်စတင်လည်ပတ် ထုတ်လုပ်မည့် အခြေအနေ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လှိုင်သာယာ မြို့နယ်ရှိ CMP စနစ်ဖြင့် LED နှင့် Lighting Accessories ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသောစက်ရုံသို့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ်စတင် လည်ပတ်ထုတ်လုပ်မည့် အခြေအနေ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီးပွားဖြစ်စတင်လည်ပတ်ထုတ်လုပ်မည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော စက်ရုံသို့ ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင်လည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင်လည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင်လည်းကောင်း သွားရောက်၍ စီးပွားဖြစ်စတင် လည်ပတ်ထုတ်လုပ်မည့်အခြေအနေ၊ မီးဘေး အန္တရာယ်ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၂/၂၀၂၃ ကြိမ်မြောက်အစည်းအဝေး ကျင်းပခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ၂/၂၀၂၃ ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် သုံးဘီးမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနှင့် ဆန်၊ ပြောင်းကြိတ်ခွဲ ထုတ်လုပ်တင်ပို့ရောင်းချခြင်း လုပ်ငန်းတို့၏ တည်ဆောက်ရေး ကာလတိုးမြှင့်ခြင်း၊ ရင်းနှီးမြှုပ်နှံသူအမည်နှင့် လိပ်စာပြောင်းလဲခြင်းနှင့် ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်း အမျိုးအစားပြောင်းလဲခြင်းတို့အတွက် တင်ပြလာမှုများကို ခွင့်ပြုရန်ဆုံးဖြတ်ခဲ့ကြပါသည်။

## ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ပိုင် ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့်ဆောင်ရွက်လျက်ရှိသည့် မအူပင်မြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည်နှင့် ခြေအိတ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းသို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည်ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ရှိ ဆန်စပါးကြိတ်ခွဲထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းသို့ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ကြီးကြပ်ရေး အဖွဲ့က စက်ရုံ၏ တည်ဆောက်ရေးကာလအတွင်းလုပ်ငန်း လည်ပတ်နေမှုအခြေအနေများကို စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် အတည်ပြုမိန့်လျှောက်ထား တင်ပြလာသော အိမ်ရာဆောက်လုပ် ငှားရမ်းရောင်းချခြင်းလုပ်ငန်းကို ဆွေးနွေးခဲ့ကြပါသည်။



## ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေး အဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ရှိသူများပါဝင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်နှင့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီတို့၏ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်တို့ဖြင့်ဆောင်ရွက်လျက်ရှိကြသည့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ ဘိလပ်မြေ ထုတ်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ အာလူးမျိုးများ သိုလှောင်ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းတို့ကို ၂၈-၃-၂၀၂၃ မှ ၂၉-၃-၂၀၂၃ ထိ သွားရောက် ကွင်းဆင်း၍လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## အခြေခံစာရင်းအင်းပြုစုရေး အထောက်အကူပြုသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်လှစ်ပွဲ အခမ်းအနား ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ဦးစီးဌာနရှိဝန်ထမ်းများ စာရင်းအင်းအချက်အလက်များ ကောက်ယူမှု၊ သုံးသပ်မှုနှင့်အစီရင်ခံစာများ ရေးသားရာ၌ စာရင်းအင် ဆိုင်ရာ ခေတ်မီနည်းပညာများကို စနစ်တကျ အသုံးပြုနိုင်ရေးရည်ရွယ်၍ အခြေခံစာရင်းအင်း ပြုစုရေး အထောက်အကူပြုသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ကို ဦးစီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်း ဌာနခွဲမှ ဦးဆောင်ကာ ဗဟိုစာရင်းအင်းအဖွဲ့မှ နည်းပညာပံ့ပိုးပေးမှုအရ သင်တန်းဖွင့်လှစ် ပို့ချသွားမည်ဖြစ်ပြီး အဆိုပါ သင်တန်း ဖွင့်လှစ်ပို့ချခြင်း ဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ Video Conferencing စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

အခြေခံစာရင်းအင်းပြုစုရေးအထောက်အကူပြုသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ မေလ ၃၀ ရက်နေ့အထိ ရုံးဖွင့်ရက်များတွင် Video Conferencing စနစ်ဖြင့် လုပ်ငန်းခွင်မပျက် သင်ကြားပို့ချသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ ဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများမှသင်တန်းသား ၄၄ ဦး၊ ပင်စင်ဦးစီးဌာနမှ သင်တန်းသား ၂ ဦး ၊ စုစုပေါင်း သင်တန်းသား ၄၆ ဦး တက်ရောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ရွှေပြည်သာမြို့နယ်အတွင်းရှိ အခြေခံကျောင်းများ ၌ ကျောင်းသူ၊ ကျောင်းသားများ အသုံးပြုရန် သန့်စင်ခန်း၊ စာရေးခုံများ ထောက်ပံ့ပေးနိုင်ရန်အတွက် လှူမှုအကျိုးပြုလှူဒါန်းပွဲ**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ အတည်ပြုမိန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ အခြေခံကျောင်းများ၌ ကျောင်းသူ၊ ကျောင်းသားများ အသုံးပြုရန်သန့်စင်ခန်း၊ စာရေးခုံများ ထောက်ပံ့ပေးနိုင်ရန်အတွက် လှူမှုအကျိုးပြုလှူဒါန်းပွဲတွင် ကော်မတီ အတွင်းရေးမှူးမှ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊နည်းဥပဒေများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။



**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးရုံးရှိ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများမှ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင်ပါဝင်ဆင်နွှဲခြင်း**

ရန်ကုန်မြို့ပြည်သူ့ရင်ပြင်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာရိုးရာ သင်္ကြန်ပွဲတော် အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးရှိ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများမှ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။



**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးရုံးရှိ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများမှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် သံဃာတော် (၁၁၁၁၁)ပါးတို့အား ဆွမ်းဆန်တော်စုပေါင်းလောင်းလှူပွဲမင်္ဂလာအခမ်းအနား တွင်ပါဝင်လောင်းလှူခြင်း**

ကဆုန်လပြည့်ဗုဒ္ဓနေ့အား ရည်မှတ်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓဘိသေက အနေကဇာတင် မင်္ဂလာ အခမ်းအနားနှင့် သံဃာတော် ၁၁၁၁၁ ပါးတို့အား ဆွမ်းဆန်တော် စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူး၏ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများကတက်ရောက်၍ ဝတ္တုငွေနှင့် လှူဖွယ်ပစ္စည်းများအား လောင်းလှူကုသိုလ်ပြုခဲ့ကြပါသည်။



## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံ၊ ကော်လ်ကတ္တားမြို့၌ ကျင်းပလျက်ရှိသည့် ဘင်းမ်စတက် စီးပွားရေးဆိုင်ရာ သီးသန့်ဆွေးနွေးပွဲသို့ ဂုဏ်ထူးဆောင် ဧည့်သည်တော်အဖြစ် တက်ရောက်၍ အမှာစကားပြောကြား

အိန္ဒိယနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အိန္ဒိယကုန်သည်ကြီးများအသင်းတို့၏ ဖိတ်ကြားမှုဖြင့် အိန္ဒိယနိုင်ငံ၊ ကော်လ်ကတ္တားမြို့၌ ကျင်းပလျက်ရှိသည့် ဘင်းမ်စတက် စီးပွားရေးဆိုင်ရာ သီးသန့်ဆွေးနွေးပွဲ (BIMSTEC Business Conclave) သို့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဂုဏ်ထူးဆောင် ဧည့်သည်တော်အဖြစ် တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပါသည်။




ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေမှု အခြေအနေများနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များတို့ တက်ရောက်လျက်ရှိပါသည်။

နေ့လယ်ပိုင်း၌ ကျင်းပသည့် BIMSTEC Investment Forum တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အရေးများခေါင်းစဉ်ဖြင့် ကျင်းပ သည့် စကားဝိုင်းဆွေးနွေးပွဲတွင် Panel list အဖြစ် ဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အိန္ဒိယသမ္မတနိုင်ငံကုန်သည်များအသင်းဥက္ကဋ္ဌ၊အိန္ဒိယနိုင်ငံအစိုးရ၊ပြည်ပရေးရာနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံစက်မှုဝန်ကြီးဌာနဝန်ကြီး၊ နီပေါနိုင်ငံ စက်မှု၊ ကူးသန်းရောင်းဝယ်ရေး ထောက်ပံ့ရေးဝန်ကြီးဌာန ဝန်ကြီး၊ သီရိလင်္ကာနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဘူတန်နိုင်ငံ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် အလုပ်အကိုင် ဝန်ကြီးဌာန အတွင်းရေးဝန်၊ အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်များ အသင်း ဒုတိယဥက္ကဋ္ဌနှင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ဖိတ်ကြားထားသည့် ကိုယ်စားလှယ် အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။



# FERD သတင်းကဏ္ဍ

## ပထမအကြိမ် ဂျီအမ်အက်စ် အဆင့်မြင့်အရာရှိများအစည်းအဝေး ဦးဆောင်ကျင်းပ

မဟာမဲခေါင်ဒေသခွဲ (Greater Mekong Subregion – GMS) အစီအစဉ်အရ ၂၀၂၃ ခုနှစ်အတွင်း ကျင်းပရန်ရှိသည့် ၂၆ ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး တို့ကို မြန်မာနိုင်ငံက အိမ်ရှင် (Host) အဖြစ် လက်ခံကျင်းပရန် အလှည့်ကျရောက်ပါသည်။ အဆိုပါ အစီအစဉ်အရ ပထမအကြိမ် ဂျီအမ်အက်စ် အဆင့်မြင့်အရာရှိများ အစည်းအဝေး (Senior Officials' Meeting-SOM) ကို မြန်မာနိုင်ငံဆိုင်ရာ GMS National Coordinator ဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က သဘာပတိ (Chair) အဖြစ် ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေး၌ ဂျီအမ်အက်စ်အစီအစဉ်တွင် ပုဂ္ဂလိကကဏ္ဍနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ပိုမိုပူးပေါင်းပါဝင်လာရေး၊ ဂျီအမ်အက်စ်ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးမဟာဗျူဟာ၊ ဂျီအမ်အက်စ်ဒေသခွဲအတွင်းရှိ အထူးစီးပွားရေးဇုန်များ၏ ထိရောက်မှုကို လေ့လာခြင်း၊ ဂျီအမ်အက်စ် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမူဘောင် (၂၀၂၄-၂၀၂၆) လုပ်ငန်းစဉ်၊ ကျန်းမာရေးနှင့် ခရီးသွားလာရေးကဏ္ဍဆိုင်ရာဖြစ်ပေါ် တိုးတက်မှုများအပါအဝင် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၁၄ ကြိမ်မြောက် စီးပွားရေးစင်္ကြံများဖိုရမ်နှင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူ ဆောင်ရွက်ရန်ရှိသည့် ၂၆ ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ် အစည်းအဝေးများအတွက် ပြင်ဆင်ဆောင်ရွက်မှုများအပေါ် အဖွဲ့ဝင်နိုင်ငံများရှိ အဆင့်မြင့်အရာရှိများနှင့် ဂျီအမ်အက်စ် အတွင်းရေးမှူးရုံးတို့အကြား ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ GMS National Coordinator များ၊ အဆင့်မြင့်အရာရှိများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံရှိ GMS Business Council မှ ကိုယ်စားလှယ်များနှင့် ဂျီအမ်အက်စ် အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၅ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။



## ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ Board of Directors' Meeting (2/2023) နှင့် Annual General Meeting of Shareholders အစည်းအဝေးများကျင်းပခြင်း

ထားဝယ် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (Special Purpose Vehicle - SPV) ၏ Board of Directors' Meeting (2/2023) အစည်း အဝေး ကို ကုမ္ပဏီ၏ မြန်မာ၊ ထိုင်း၊ ဂျပန် သုံးနိုင်ငံ ဒါရိုက်တာများအကြား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် SPV ၏ မြန်မာဘက်မှ ဒါရိုက်တာ အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံခြားစီးပွား ဆက်သွယ် ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာမျိုးညွှန့်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်း ရောင်းဝယ်ရေးဘဏ် (MICB)၊ ဦးဆောင် ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမော်နှင့် ဥပဒေအကြံ ဉာဏ်ပေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင် တို့တက်ရောက် ခဲ့ပါသည်။

အလားတူ Annual General Meeting of Shareholders ကို SPV ၏ ရှယ်ယာရှင်များဖြစ်သည့် Neighbouring Countries Economic Development Cooperation Agency (NEDA)၊ Foreign Economic Relations Department (FERD) နှင့် Japan Bank for International Cooperation (JBIC) တို့အကြား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် တဆက်တည်း ကျင်းပပြုလုပ် ခဲ့ပါသည်။



## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်-သွင်းကုန်ဘဏ် (The Export- Import Bank of China) မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပို့ကုန်-သွင်းကုန် ဘဏ် (The Export-Import Bank of China) မှ ကိုယ်စားလှယ်များသည် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် အား ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ရုံးအမှတ် (၁)၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၌ လာရောက် တွေ့ဆုံခဲ့ ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုသို့ အာရှနှင့် အမေရိကဌာနခွဲ မှ အရာထမ်းများ ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကြားအလားအလာရှိသော ဘဏ္ဍာရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး ခဲ့ကြပါသည်။



## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူးတို့အကြား Virtual System ဖြင့်ကျင်းပသည့် ညှိနှိုင်းအစည်းအဝေး

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Tan Shufu တို့အကြား မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၃) ၌ Virtual စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်ဆဲစီမံကိန်းများ၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် အဆိုပြုစီမံကိန်းများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။




## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုစီမံကိန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကူအညီဖြင့်ဆောင်ရွက်လိုသည့် စီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မေလ၂၆ရက်နေ့တွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၃) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ Virtual စနစ်ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများမှ လူကိုယ်တိုင်ဖြင့်လည်းကောင်း ပါဝင် တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်လိုသည့် စီမံကိန်းအတွက်စီမံကိန်း အဆိုပြုလွှာပြုစုပေးပို့ရေးကိစ္စရပ် များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။



# ပြည်တွင်း/ပြည်ပ စီးပွားရေးသတင်းကဏ္ဍ

## သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) အကောင်အထည်ဖော်ဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းကျင်းပပြုလုပ်ခဲ့သည့် **မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂** မှ စိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍတွင် ဖော်ထုတ်ချက် ၁၅ ချက်၊ ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍတွင် ဖော်ထုတ်ချက် ၁၀ ချက်နှင့် ပို့ကုန်မြှင့်တင်ရေးနှင့် ကုန်သွယ်မှု ကဏ္ဍများအတွက် ဖော်ထုတ်ချက် ၁၈ ချက်ဖြင့် စုစုပေါင်းဖော်ထုတ်ချက် ၄၃ ချက် ပေါ်ထွက်ခဲ့ပါသည်။

၎င်းတို့အနက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် "ဆန်စပါးရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်သည့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး" ဟူသည့် ဖော်ထုတ်ချက်ပါရှိပါသည်။

ယင်းဖော်ထုတ်ချက်ကို အကောင်အထည် ဖော်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့ပူးပေါင်း၍သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) အကောင်အထည်ဖော်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပခဲ့ရာ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်တကွသက်ဆိုင်ရာအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့်ငွေကြေးထောက်ပံ့မှုစနစ်သည် တောင်သူများအတွက် သိုလှောင်ရုံများတွင် သီးနှံကိုအပေါင်စနစ်အဖြစ် အပ်နှံပြီးရရှိလာသည့် ကုန်အပ်လက်မှတ်ကို အသုံးပြု၍ ဘဏ်များတွင် ချေးငွေရယူနိုင်မည့်စနစ်ဖြစ်ပြီးအဆိုပါစနစ်တွင် တောင်သူများသည် သီးနှံပိုင်ရှင်ကုန်အပ်သူ၊ ကျေးလက်ဒေသရှိ သိုလှောင်ရုံပိုင်ရှင်များသည် သိုလှောင်ရုံ ကုန်အပ်လက်မှတ်ထုတ်သူ၊ အစိုးရနှင့် ပုဂ္ဂလိကဘဏ်များသည် သိုလှောင်ရုံကုန်အပ်လက်မှတ်အပေါ် အခြေခံ၍ ချေးငွေထုတ်ပေးသူ၊ အစိုးရဌာနအဖွဲ့အစည်းများသည် မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်း ချမှတ်သူများအနေဖြင့် ပါဝင်ကြရမည်ဖြစ်ပါသည်။ သိုလှောင်ရုံကုန်အပ် လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အစိုးရ-ပုဂ္ဂလိက နှစ်ဦး နှစ်ဖက် ပူးပေါင်း၍ ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့အပြင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆန်စပါးဥပဒေကို ရေးဆွဲပြုစုလျက်ရှိပြီး မကြာမီပြဌာန်းသွားမည်ဖြစ်ပြီး အဆိုပါဥပဒေတွင် ရိတ်သိမ်းချိန်လွန်နောက်ပိုင်း ကိုင်တွယ်ထိန်းသိမ်းမှုများအတွက် အဓိကကျသည့် လုပ်ငန်းစဉ်များအား စနစ်တကျထိန်းကျောင်း ကြပ်မတ်နိုင်စေရေး ထည့်သွင်းရေးဆွဲထားပါသည်။

သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့်ငွေကြေးထောက်ပံ့မှုစနစ်မှ တစ်ဆင့် လယ်ယာစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်ကို ကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲမှ ဖော်ထုတ်ချက် ၁၂ ချက် ရရှိခဲ့ပါသည်။ ယင်းဖော်ထုတ်ချက်အနက် သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို သက်ဆိုင်ရာဌာန/ အသင်းအဖွဲ့များက ကျွမ်းကျင်ပညာရှင်များပါဝင်သည့် လုပ်ငန်းကော်မတီ တစ်ရပ်ဖွဲ့စည်း၍စတင်အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ပြုနိုင်ရေး အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထံ တင်ပြထားရှိပြီးဖြစ်ပါသည်။ လုပ်ငန်းကော်မတီအနေဖြင့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်အတွက် သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ခြင်း၊ သိုလှောင်ရုံ ကုန်အပ်လက်မှတ်ဖြင့် ငွေကြေးထောက်ပံ့ခြင်းဝန်ဆောင်မှု စတင်လုပ်ဆောင်နိုင်ရန်အတွက် စံလုပ်ထုံးလုပ်နည်းများ (SOPs) သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ (Rules) ထုတ်ပြန်မည့် လုပ်ငန်းစဉ်များတွင် ကြီးကြပ်ခြင်း၊ သိုလှောင်ရုံ တည်ဆောက် ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များကို အားပေးကူညီခြင်းနှင့် WRF စနစ်အားထိ

ရောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ဆန်စပါးစိုက်ပျိုးမှု များပြားသည့် ဒေသများ၌ အစပျိုးစမ်းသပ်ကာလ (Pilot Project) အဖြစ် စတင် ဆောင်ရွက်ခြင်းအစရှိသည့် လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့များမှ Presentation ဖြင့်ရှင်းလင်းဆွေးနွေးခြင်းနှင့် စကားဝိုင်းဆွေးနွေးခြင်းဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေး ထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် မူဝါဒများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြပါသည်။

## စားသုံးသူရေးရာ ဦးစီးဌာန အနေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ထုတ်ပြန်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခဲ့မှုအခြေအနေများ

မြန်မာနိုင်ငံတွင် အင်တာနက်သုံးစွဲမှု မြင့်မားလာသည်နှင့်အမျှ အွန်လိုင်းမှ ကုန်ပစ္စည်းရောင်းချခြင်းလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာပါသည်။ စားသုံးသူများအနေဖြင့်အွန်လိုင်းမှကုန်ပစ္စည်းဝယ်ယူရာတွင် လိမ်လည်ရောင်းချမှုများကြောင့် နစ်နာဆုံးရှုံးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ပါသည်။ စားသုံးသူနစ်နာဆုံးရှုံးမှုများအား ဖြေရှင်းနိုင်ရေးဆောင်ရွက်ရာ၌ လိမ်လည်လှည့်ဖြားသည့်လုပ်ငန်းရှင်များကိုဖော်ထုတ်ဆက်သွယ်ဆောင်ရွက်သည့် စနစ်အားနည်းခြင်း၊ ထိထိရောက်ရောက် ဖြေရှင်းနိုင်မှုမရှိခြင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို မှတ်ပုံတင်ထိန်းကျောင်းမှုမရှိခြင်းစသည့် အခြေအနေများပေါ်ပေါက်လျက်ရှိပါသည်။

ထို့ကြောင့် စားသုံးသူနစ်နာမှုမရှိစေရေး ထိန်းကျောင်းမည့် လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရေးအတွက်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ယူကြီးကြပ်မှုဖြင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများကို ဖိတ်ကြား၍ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ရာ“**e-Commerce ဥပဒေပြဋ္ဌာန်းနိုင်ခြင်း မရှိသေးသည့်ကာလအတွင်း အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ ထိန်းကျောင်းရန်၊ မှတ်ပုံတင်စနစ်တစ်ရပ် ထူထောင် ထိန်းကျောင်းရန်၊ မှတ်ပုံတင် စနစ်ဆောင်ရွက်ရာတွင် ပါဝင်သူများ အဆင်ပြေလွယ်ကူစေရေးအတွက် အွန်လိုင်းမှ မှတ်ပုံတင်သည့်စနစ်မှ ကျင့်သုံးသွားရန်**” ဖော်ထုတ်ချက်များ ဆုံးဖြတ်ရရှိခဲ့ပါသည်။

အဆိုပါ ဖော်ထုတ်ချက်များနှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ ပြည်ထောင်စု အစိုးရအဖွဲ့မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အခွင့်အာဏာအပ်နှင်းနိုင်ရန်၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှု လုပ်ငန်းအဖြစ် သတ်မှတ်နိုင်ရန် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီသို့ လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း တင်ပြ၍ အတည်ပြုချက်များ ရယူခဲ့ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ (ဂ) အရ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် (၅/ ၂၀၂၃) ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး ယင်းဝန်ဆောင်မှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလို ဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်ခွင့်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအားအပ်နှင်းခဲ့ပါသည်။

သို့ဖြစ်ပါ၍ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ (ဂ) အရ စီးပွားရေးနှင့် ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ်လည်းကောင်း၊ မှတ်ပုံတင် လက်မှတ်လျှောက်ထားရရှိပြီးမှ လုပ်ကိုင်ရမည့်လုပ်ငန်းအဖြစ်လည်းကောင်း သတ်မှတ်ခဲ့ပြီး အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့် နေ့ရက်မှစတင်၍ မှတ်ပုံတင်လက်မှတ် မရှိဘဲအွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်ကြောင်း တွေ့ရှိရပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူ

ခြင်းခံရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

ထို့ပြင်အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄ (ဂ) အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်ကို ဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃) ဖြင့်လည်းကောင်း၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၁၁ (ခ) အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက် ထုတ်ပြန်ပိုင်ခွင့်ကို ကုန်သွယ်ရေးဦးစီးဌာနအား အပ်နှင်းကြောင်း ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၄၉/၂၀၂၃) ဖြင့်လည်းကောင်း ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများ မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့် စနစ်ဖြင့် ထိန်းကျောင်းနိုင်ရေးကိစ္စတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ တာဝန်ပေးအပ်ချက်အရ အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်ရေးအတွက် လိုအပ်သော မူကြမ်းများ ပြုစုရေးဆွဲခြင်း၊ လုပ်ငန်းစဉ်များ လျာထားသတ်မှတ်ခြင်းနှင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကုန်သွယ်ရေးဦးစီးဌာနနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

### ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခဲ့မှု အခြေအနေများ

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ - ၂ (MICC-II) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးဆောင်၍ **"မြန်မာ့ဆန်စပါး ညီလာခံ ၂၀၂၂"** ကို နိုင်ငံတော်အဆင့် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ဆန်စပါးကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ အသင်းအဖွဲ့များက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရမည့် ဖော်ထုတ်ချက် ၄၃ ချက်ကို ရရှိခဲ့ပါသည်။

အဆိုပါ ဖော်ထုတ်ချက်များတွင် တစ်ခုဖြစ်သည့် "ဆန်စက်အင်ဂျင်နီယာများ၊ ဆန်စက်ကိုင်တွယ် မောင်းနှင်သူများ အတွက် မွမ်းမံသင်တန်းများ၊ ကျွမ်းကျင်ပညာရှင်များ မှတစ်ဆင့် ဆင့်ပွားသင်တန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း ဆောင်ရွက်ရန်" ဖော်ထုတ်ချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ "ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း" ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ဇူလိုင်လ ၂၈ ရက်နေ့အထိ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းကို ဆန်စပါးကဏ္ဍပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ရိတ်သိမ်းချိန်လွန်ကဏ္ဍ၌ ဆန်အရည်အသွေးနှင့်ပတ်သက်၍ ကြုံတွေ့နေရသည့် ပြဿနာများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရေး၊ ခေတ်မီစပါးအခြောက်ခံစက်များကို ကျွမ်းကျင်စွာ အသုံးပြုနိုင်စေရေး၊ တန်းမြင့်ဆန်ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ခေတ်မီဆန်စက်များကို တွင်ကျယ်စွာ အသုံးပြုလာနိုင်စေရေး၊ ဆန်စက်အခြေခံနည်းပညာများနှင့် ခေတ်မီဆန်စက်နည်းပညာများကို လက်ဆင့်ကမ်းမျှဝေနိုင်စေရေးနှင့် ဆန်စပါးကဏ္ဍတွင် ဒီဂျစ်တယ်နည်းပညာများကို ထိရောက်စွာအသုံးပြုနိုင်စေရေးစသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကုန်ပစ္စည်းစမ်းသပ် စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) တွင် ဆန်စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာများ၊ ဆန်စပါးရိတ်သိမ်းချိန်လွန် နည်းပညာများ၊ စပါးအခြောက်ခံခြင်း အခြေခံပညာ၊ ပေါင်းဆန်ထုတ်လုပ်ခြင်း နည်းပညာ၊ ဖွဲနုဆီထုတ်လုပ်ခြင်း နည်းပညာ၊ ခေတ်မီဆန်စက်များကိုင်တွယ်မောင်းနှင်ခြင်း၊ ထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ၊ မြန်မာ့ဆန်နှင့် စပါးတို့၏ စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များစသည့် ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်မှုဆိုင်ရာ ပညာရပ်များကို စာတွေ့လက်တွေ့ ပို့ချခဲ့ပြီး လှည်းကူးမြို့နယ်ရှိ Gold Delta Co., Ltd. ၏ တန် ၁၀၀ ဆန်စက်သို့ သွားရောက်လေ့လာခဲ့ပါသည်။

ထို့အပြင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်ရှိ ရွှေဝါနဒီဆန်စက်တွင် စပါးမကြိတ်ခွဲမီ အကြိုစစ်ဆေးခြင်း၊ စပါးအခွံချွတ်ခြင်းဆိုင်ရာ နည်းပညာ၊ ဆန်စက်အခြေခံပညာ၊ ကုန်ကြမ်းစပါးသန့်စင်ခြင်း၊ ဆန်အရောင်တင်ခြင်း

နှင့်ဆန်အရောင်ရွေးခြင်း နည်းပညာစသည့်ဘာသာရပ်များကိုစာတွေ့လက်တွေ့ပို့ချခဲ့ပြီး ညောင်တုန်းမြို့နယ်ရှိ Good Brothers Co., Ltd. ၏ ဆန်စက်နှင့် International Green Land Co., Ltd. ၏ ပေါင်းဆန် ဆန်စက်များကို သွားရောက်လေ့လာခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)၊ စက်မှုသင်တန်းကျောင်း (ဆင်တဲ)တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်မော်တာမောင်းနှင်ခြင်း၊ ပြစ်ချက်ရှာဖွေခြင်း၊ လျှပ်စစ်တိုင်းတာရေး ကိရိယာများ၊ မီတာများကိုင်တွယ်အသုံးပြုခြင်း၊ စက်ရုံအလုပ်ရုံသုံး ဘွိုင်လာနည်းပညာများ၊ အခြေခံဂဟေဆက်နည်းပညာစသည့် ဘာသာရပ်များကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှစတင်၍ စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိပြီး ဇူလိုင်လ ၂၈ ရက်နေ့တွင် သင်တန်းပြီးဆုံးမည် ဖြစ်ပါသည်။

စုစုပေါင်းသင်တန်းကာလမှာ ရက် ၄၀ ဖြစ်ပြီး ကုမ္ပဏီများ၏ ဆန်စက်များမှ ဆန်စက် အင်ဂျင်နီယာများ၊ ဆန်စက်ကိုင်တွယ် မောင်းနှင်သူများဖြစ်သည့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ကြသည်။


## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်ဒေသအချို့အတွက် ခွာနာလျှာနာ ရောဂါကူးစက်ပျံ့နှံ့ခြင်းဆိုင်ရာ တားမြစ်အမိန့်များ ဖျက်သိမ်းကြောင်း အမိန့် ကြေငြာစာထုတ်ပြန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာ ဝန်ကြီးဌာနတို့မှ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်ဒေသအချို့အတွက် ခွာနာလျှာနာရောဂါ ကူးစက်ပျံ့နှံ့ခြင်းဆိုင်ရာ တားမြစ်အမိန့်များကို ဖျက်သိမ်းကြောင်း ၁၄-၇-၂၀၂၃ ရက်က အမိန့်ကြေငြာစာ အမှတ်စဉ် ၉၁၊ ၂၀၂၃ ခုနှစ်ဖြင့် ထုတ်ပြန်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ Website တွင်ထုတ်ပြန်ကြေညာထားကြောင်း သိရှိရပါသည်။

အဆိုပါထုတ်ပြန် ကြေညာချက်၌ ဘေးအန္တရာယ်များ လျော့လာအကဲဖြတ်ခြင်း အခြေအနေပေါ်မူတည်၍ ဤကြေညာချက်ကို ထုတ်ပြန်သည့်ရက်မှ အစပြုကာ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်ဒေသအချို့အတွက် ခွာနာလျှာနာရောဂါ ကူးစက်ပျံ့နှံ့ခြင်းဆိုင်ရာ တားမြစ်မိန့်များကို ဖျက်သိမ်းမည်ဖြစ်ပါကြောင်း၊ အဆိုပါဒေသများသည် 37 geographical coordinate endpoints (လတ္တီတွဒ်နှင့် လောင်ဂျီတွဒ် ကိုသြဒီနိတ်မျဉ်းများ၊ နယ်ပယ်ခွဲခြားသတ်မှတ်ထားသည့် ဖော်ပြပါမြေပုံ) အတွင်းတည်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အထက်ဖော်ပြပါ ဒေသများအတွက် ခွာနာလျှာနာရောဂါနှင့်သက်ဆိုင်သည့်တားမြစ်အမိန့်များကို ဆက်လက်ကျင့်သုံးဆောင်ရွက်မည် မဟုတ်ပါကြောင်းစသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အဆိုပါလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်၊ ခွာနာလျှာနာ ရောဂါကူးစက်ပျံ့နှံ့ခြင်းဆိုင်ရာ တားမြစ်မိန့်များ ဖျက်သိမ်းသည့် ဒေသအချို့၏ နယ်ပယ်ခွဲခြားသတ်မှတ်ထားသည့်မြေပုံ




Source: http://www.customs.gov.cn/customs/302249/2480148/5156143/index.html?VbY7rnwef3WG=_1689829899938

## ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ၁၀ နှစ်တာကာလအတွင်း တရုတ်နှင့် ဘရူနိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုကိုမြင့်တက်

ပုစွန်၊ ဖရဲသီးနှင့်ရေထွက်ကုန်များ တင်ဆောင်ထားသည့် ကွန်တိန်နာသင်္ဘောတစ်စီးသည်ဘရူနိုင်းနိုင်ငံ Muara ဆိပ်ကမ်းမှထွက်ခွာလာပြီး တရုတ်နိုင်ငံတောင်ပိုင်းကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Qinzhou ဆိပ်ကမ်းသို့ ဦးတည်ထွက်ခွာလာခဲ့ကြောင်း၊ ထို့နောက်အဆိုပါပစ္စည်းများကိုတရုတ်နိုင်ငံအနောက်တောင်ပိုင်းသို့ရထားဖြင့်ပို့ဆောင်ရောင်းချမည်ဖြစ်ကြောင်း ရှင်းဟွာသတင်း၌ ဖော်ပြထားပါသည်။

Muara ဆိပ်ကမ်းသည် ဘရူနိုင်းနိုင်ငံ၏ အကြီးဆုံး ဆိပ်ကမ်းဖြစ်ပြီး တရုတ်နိုင်ငံ၊ ဘေဘူပင်လယ်ကွေ့ရှိ Qinzhou ဆိပ်ကမ်းသည် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးဖလှယ်မှုအတွက် အချက်အချာကျသည့် ဆိပ်ကမ်းဖြစ်ကြောင်း သိရှိရပါသည်။

ယခင်ကဆိပ်ကမ်းနှစ်ခုကြားကုန်ပစ္စည်းများကိုတတိယဆိပ်ကမ်းမှ တစ်ဆင့်လွှဲပြောင်း သယ်ဆောင်ရပြီး အချိန်နှစ်ပတ်မှသုံးပတ်သို့မဟုတ်ထိုထက်ပို၍ကြာနိုင်ပါကြောင်း ယခုအခါ တိုက်ရိုက်ကွန်တိန်နာ သင်္ဘောလမ်းကြောင်းကြောင့် သယ်ယူပို့ဆောင်ချိန် တစ်ပတ်မျှသာ ကြာမြင့်သဖြင့် ကုန်ကျစရိတ်များကို ၃၀% လျှော့ချနိုင်ခဲ့ကြောင်း Guangxi Beibu Gulf International Port Group Co., Ltd မှပြောကြားခဲ့ကြောင်း သိရှိရသည်။

တရုတ်နှင့် ဘရူနိုင်းတို့သည် ရှေးယခင်ကပင် ကူးလူးဆက်ဆံမှုများရှိခဲ့ပြီး ရှေးခေတ်ရေကြောင်း ပိုးလမ်းမကြီးသည် နှစ်နိုင်ငံစလုံးအတွက် အဓိကကုန်သွယ်မှုလမ်းကြောင်းဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative) ကိုအကောင်အထည်ဖော်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားသစ်များ ဖြစ်ပေါ်စေခဲ့ကြောင်းနှင့် တရုတ်နှင့် ဘရူနိုင်းတို့ကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ဖလှယ်မှုများတွင် တွန်းအားအသစ်များဖြစ်စေခဲ့ကြောင်း သိရှိရသည်။

Guangxi Beibu Gulf International Port Group Co., Ltd. နှင့် Brunei's Darussalam Assets တို့သည် ၂၀၁၇ ခုနှစ်တွင် ဖက်စပ်လုပ်ငန်းတစ်ခုကို တည်ထောင်၍ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ယွမ် ၁.၀၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄၄ သန်းခန့်) ရှိသည့် Muara ဆိပ်ကမ်း container terminal နှင့် bulk cargo terminal ကို တည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။

Muara ဆိပ်ကမ်းသည် ၂၀၂၂ ခုနှစ်တွင် ကုန်တန်ချိန် ၁.၅၅ သန်းကျော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခင်နှစ်ထက် ၂၀.၀၃% တိုးလာ၍ ၎င်း၏ လုပ်ငန်း လည်ပတ်မှုဝင်ငွေသည် ၂၀၁၇ ခုနှစ် ထက်နှစ်ဆ တိုးလာခဲ့ကြောင်း၊ ဆိပ်ကမ်းရှိ ဒေသခံဝန်ထမ်းများ အရေအတွက်သည် ၂၀၁၇ ခုနှစ်တွင် ၁၂၀ ဦးသာရှိခဲ့ရာမှ လက်ရှိတွင် ၂၆၀ ဦးသို့ တိုးလာခဲ့ပြီး လုပ်သားအင်အား၏ ၉၆% ကျော်မှာ ဒေသခံများဖြစ်ကြောင်း သိရှိရပါသည်။

Muara ဆိပ်ကမ်းနှင့် အနီးတစ်ဝိုက်ရှိ ဆိပ်ကမ်းများအကြားပြေးဆွဲသည့် သင်္ဘောလိုင်းအရေအတွက်သည် ၆ ခုမှ ၁၀ ခုအထိတိုးလာကာပို့ကုန်သွင်းကုန်လုပ်ငန်းသည် ပိုမိုထိရောက်အဆင်ပြေလာပြီး နိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေးကို အရှိန်အဟုန်မြှင့်တင်ပေးလျက်ရှိကြောင်း သိရှိရသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နှင့် ဘရူနိုင်းနှစ်နိုင်ငံအကြား ကုန်သွယ်မှု ပမာဏသည် အမေရိကန်ဒေါ်လာ ၃.၀၈ ဘီလီယံသို့ စံချိန်တင် မြင့်တက်ခဲ့ကြောင်း တရုတ်အကောက်ခွန် အာဏာပိုင်များက ထုတ်ပြန်သည့် အချက်အလက်များအရ သိရှိရပါသည်။

အခြေခံအဆောက်အအုံများအပြင် အခြားကဏ္ဍများစွာတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ တိုးလာလျက်ရှိပြီး ဘရူနိုင်းနိုင်ငံတွင် တရုတ်စီးပွားရေးလုပ်ငန်းများ ပိုမိုများပြားလာကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလျက်ရှိကြောင်းသိရှိရပါသည်။

ထို့အပြင် PulauMuaraBesar (Great Muara Island) တွင်တည်ရှိသည့် တရုတ်နှင့် ဘရူနိုင်းတို့အကြား ဖက်စပ်လုပ်ကိုင်သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းသည် ဘရူနိုင်းတွင် အကြီးဆုံးဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ Hengyi Petrochemical Co., Ltd. မှ ရင်းနှီးမြှုပ်နှံထားသည့် ရေနံချက်စက်ရုံနှင့် ရေနံဓာတုဗေဒလုပ်ငန်းစီမံကိန်းသည် ဘရူနိုင်း၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကွင်းဆက်ကို တိုးချဲ့ကာ ဒီဇယ်နှင့် ဓာတ်ဆီကဲ့သို့သော သန့်စင်ပြီးထုတ်ကုန်များ၊ benzene ကဲ့သို့သော ဓာတု

ပစ္စည်းများကို ထုတ်လုပ်လျက်ရှိကြောင်း၊ စီမံကိန်း၏ ပထမအဆင့်တွင် နှစ်စဉ်ရေနံစိမ်းတန်ချိန် ၈ သန်းကိုချက် လုပ်ပေးနိုင်ကြောင်း သိရှိရပါသည်။

ဘရူနိုင်းနိုင်ငံ၏ သဘာဝအရင်းအမြစ်များကြွယ်ဝပြီး တရုတ်နိုင်ငံသည် ကြီးမားသော ဈေးကွက်နှင့် အခြေခံ အဆောက်အအုံ၊ စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားနယ်ပယ်များတွင် အတွေ့အကြုံများရှိကြောင်း၊ ထို့ကြောင့် တရုတ်နှင့် ဘရူနိုင်းတို့၏ အချင်းချင်းပေါင်းစပ် ဖြည့်ဆည်းသည့် ပူးပေါင်း ဆောင်ရွက်မှုပုံစံသည် အခြားနိုင်ငံများ အတွက် နမူနာဖြစ်စေကြောင်း သိရှိရပါသည်။

Source:[https://english.news.cn/20230721/7e60032020e749ec98ed2828592f791f/ c.html](https://english.news.cn/20230721/7e60032020e749ec98ed2828592f791f/c.html)

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

## ဘာစမာတီ မဟုတ်သည့် ဆန်ဖြူတင်ပို့မှုကို အိန္ဒိယ တားမြစ်ပိတ်ပင်

အိန္ဒိယအစိုးရသည် ဘာစမာတီမဟုတ်သည့် ဆန်ဖြူ တင်ပို့မှုကို တားမြစ်သည့် အမိန့်ကြော်ငြာစာကို ကြာသပတေးနေ့ က ထုတ်ပြန်ခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

သို့ရာတွင် ယခုကြော်ငြာချက်မတိုင်ခင် သင်္ဘောတင် ဆောင်မှုများ စတင်နေခြင်းကဲ့သို့သော ဆောင်ရွက်နေဆဲ အခြေ အနေများတွင် ဆန်တင်ပို့မှုများကို ခွင့်ပြုပေးသွား မည် ဖြစ်ပါကြောင်း၊ ယခုတားမြစ်ချက်သည် အိန္ဒိယနိုင်ငံ ဆန်တင်ပို့မှု၏ ၈၀% ခန့်အား သက်ရောက်မှုရှိနိုင်မည်ဖြစ် ကြောင်းနှင့် အိန္ဒိယပြည်တွင်းဆန်ဈေးနှုန်းကို ကျဆင်းစေ နိုင်သော်လည်း ကမ္ဘာ့ဆန်ဈေးကွက်ကိုမူ ပြောင်းပြန် အကျိုးသက်ရောက်မှု ရှိစေမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ဆန်အဓိကစိုက်ပျိုးထွက်ရှိသည့် ဒေသများတွင် ပုံမှန်မိုးရွာ သွန်းမှုမရှိသဖြင့် ပြီးခဲ့သည့် ၁၀ ရက်အတွင်း ဆန်ဈေးနှုန်း မှာ ၂၀% အထိ မြင့်တက်ခဲ့ပါကြောင်း The Economic Times က ဖော်ပြထားပါသည်။

ယခုတစ်ပတ်အတွင်း ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု မှာ ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း အများဆုံးအနေ အထားသို့ မြင့်တက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ရောင်းအား ကောင်းလာခြင်းမှာ အယ်နီညို ရာသီဥတုပုံစံကြောင့်ဖြစ် ကြောင်း၊ အခြားတစ်ဘက်တွင်အိန္ဒိယသည် အယ်နီညို ကြောင့် ယခုကဲ့သို့ ဆန်တင်ပို့မှုပိတ်ပင်ခြင်းဖြစ်သည်ဟု ရိုက်တာ သတင်းဌာနကလည်း ဖော်ပြထားကြောင်းနှင့် ယခုကဲ့သို့ ဆန်တင်ပို့မှုတားမြစ်ခြင်းသည် ကမ္ဘာ့ဆန် ဈေး နှုန်းကို ပိုမိုမြင့်တက်စေမည်ဟု ဆန်ကုန်သည်များကပြော ကြားထားပါကြောင်း သိရှိရပါသည်။

ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်သည့် အိန္ဒိယ သည် ဆန်ထွက်ရှိမှုအပေါ် စိုးရိမ်သည့်အတွက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ လလယ်တွင် ဆန်ကွဲတင်ပို့မှုကို ပိတ်ပင် ခဲ့ပြီးပြည်ပတင်ပို့သည့် ဆန်အမျိုးအစားများစွာအပေါ်တွင် လည်း အခွန် ၂၀% ကောက်ခံခဲ့ကြောင်း သိရှိရပါသည်။

ဆန်တင်ပို့သူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ B.V. Krishna Rao က အစိုးရ၏ စပါးဝယ်ယူမှု ဈေးနှုန်းတိုးမြှင့်လိုက် ခြင်းသည် ဆန်ဈေးနှုန်းကို မြင့်တက်စေသည့် အကြောင်း အရင်းတစ်ရပ်ဖြစ်ပါကြောင်း၊သို့ရာတွင်အစိုးရသည်ပြည်သူ လူထုသက်သာချောင်ချိရေး အစီအမံအတွက်လိုအပ်သည့် ပမာဏထက်ဆန်ကို ပိုမိုဝယ်ယူသိုလှောင်ထားပါကြောင်း နှင့် ဆန်တင်ပို့မှု ပိတ်ပင်ရန် လိုအပ်ခြင်းမရှိဟု ရိုက်တာ သတင်းဌာနသို့ ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယ၏ ဆန်တင်ပို့မှုဈေးနှုန်းသည် ၇ ပတ်ဆက်တိုက် တိုးမြှင့်ရရှိခဲ့ပါကြောင်းနှင့် နိုင်ငံအနေဖြင့်ငွေကြေးဖောင်းပွ မှုကို ဟန့်တားရန်အတွက် ဆန်အမျိုးအစားများစွာ တင်ပို့မှု အား တားမြစ်ပိတ်ပင်ရန်စဉ်းစားနေသည်ဟု သတင်းများ ထွက်ပေါ်လာပြီးနောက် ဆန်ရောင်းချမှု လျော့နည်းလာ သည့် ပြီးခဲ့သည့်အပတ်တွင် ဆန်ဈေးနှုန်းမှာ ၅ နှစ်အတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

**Source:** **India bans export of non-basmati white rice, The Economic Times, July 20, 2023**

## မြန်မာ့ပထမဆုံး ထောပတ်သီးသန့်စင်ထုပ်ပိုးသည့် စက်ရုံ ၆၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီး

ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ဟိုပုံးမြို့နယ်တွင် ထောပတ်သီး သန့်စင်ထုပ်ပိုးသည့် စက်ရုံတစ်ခုကို တည်ဆောက်နေပြီး လက်ရှိတွင် ၆၀ % တည်ဆောက် ပြီးစီးနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထောပတ်သီးသန့်စင်ထုပ်ပိုးသည့် စက်ရုံကို မြန်မာနိုင်ငံ၏ ထောပတ်သီးကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပြည်တွင်းတွင် ပထမဆုံးအနေဖြင့် တည်ဆောက်နေခြင်းဖြစ်ကာ ကျပ်သိန်းပေါင်း ၃၀,၀၀၀ ကျော်ကုန်ကျကြောင်း သိရသည်။ ကိုဗစ်ရောဂါကာလ မတိုင်မီကစတင်တည်ဆောက်ခဲ့သည့် အဆိုပါစက်ရုံကို လာမည့် ထောပတ်သီး ရာသီအမီ အပြီးဆောက်လုပ်သွားမည်ဖြစ်ပြီး လက်ရှိတွင် တည်ဆောက်မှုသည် အဆောက်အဦပိုင်းနှင့်မီးသွယ်တန်းခြင်း လုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်ဟုဆိုသည်။

“ထောပတ်သီးသန့်စင် ထုပ်ပိုးစက်ရုံ တည်ဆောက်နေပါတယ်။ ထောပတ်တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ကိုဗစ်ရောဂါကာလ မတိုင်မီကနေ တည်ဆောက်ခဲ့တာပါ။ ယခုဆိုရင် ရာခိုင်နှုန်း အနေနဲ့ ၆၀ % ပြီးနေပါပြီ စက်တွေဝယ်ယူဖြည့်သွင်းဖို့ပဲကျန်တော့တယ်။ ထောပတ်သီးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆောင်ရွက်နေတာပါ။ ခုလိုတည်ဆောက်တာကလည်း ပြည်ပကို တင်ပို့နိုင်ဖို့ပါ။

ဒီလိုစက်ရုံမျိုးတွေ ထောပတ်သီးစိုက်ပျိုးတဲ့နေရာတွေမှာရှိဖို့လိုအပ်ပါတယ်။ ခုလို စက်ရုံမျိုးတွေရှိပြီဆိုရင် ၂၄ နာရီအတွင်း သန့်စင်ထုပ်ပိုးနိုင်ပြီးတော့ ပြည်ပသို့ပို့မဲ့ လမ်းကြောင်းကို ရောက်အောင် တင်ပို့နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လာမဲ့ ထောပတ်သီးရာသီအမီ ကြိုးစားဆောင်ရွက်နေတယ်”ဟု တာဝန်ရှိသူကပြောသည်။

ထောပတ်သီးသန့်စင်ထုပ်ပိုးသည့် စက်ရုံတည်ဆောက်ရခြင်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ လက်လှမ်းမီသည့် နေရာများမှ ထောပတ်သီးများကို ယင်း စက်ရုံတွင် သန့်စင်ထုပ်ပိုး၍ ပြည်ပနိုင်ငံများသို့ တင်ပို့သွားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

စက်ရုံတည်ဆောက်ပြီးပါက ခူးဆွတ်သီးများကိုသန့်စင်ခြင်း၊ အရွယ်အစားခွဲခြင်း၊ ထုတ်ပိုးခြင်းစသည့်စနစ်ပိုင်းများပြီးလျှင် ပြည်ပနိုင်ငံများကတောင်းဆိုသည့် အရွယ်အစားနှင့်အလေးချိန်ပါဝင်သော ထုပ်ပိုးမှုများဖြင့်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Source: https://www.foodindustrydirectory.com.mm



## မြန်မာ့ ကြက်သွန်နီ ဖိလစ်ပိုင်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိရန်အတွက် လိုအပ်သည့် အချက်အလက်များ

မူဝါဒအရ ဖိလစ်ပိုင်နိုင်ငံသို့ ကြက်သွန်နီ တင်ပို့ရောင်းချလိုပါက တင်ပို့လိုသည့် နိုင်ငံနှင့် တင်သွင်းမည့် နိုင်ငံတို့အကြား G-G ဆက်သွယ်၍ Bilateral Agreement for the importation of the Onion အား ဦးစွာချုပ်ဆိုရန် လိုအပ်ပါသည်။

Formal Market Access ရရှိရေး Philippines National Plant Protection Organization (NPPO) သို့ Import Risk Analysis (IRA) လုပ်ငန်းစဉ်အား ဦးစွာတင်ပြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအစိုးရမှ တင်သွင်းလိုသည့် ကုန်ပစ္စည်း (ဥပမာ- ကြက်သွန်နီ) အတွက် Market Access Request (MAR) ရယူလိုကြောင်းကုန်ပစ္စည်း မတင်ပို့မီ ဖိလစ်ပိုင်နိုင်ငံအစိုးရထံသို့ တရားဝင် အကြောင်းကြားစာဖြင့် ပေးပို့ရမည်ဖြစ်ပြီးအထက်ပါ လုပ်ငန်းစဉ်များအား G-G ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကုန်ပစ္စည်း အမယ်အသစ်တစ်ခု တင်ပို့မည်ဆိုပါက အဆိုပါ IRA Process မှာ မဖြစ်မနေ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

IRA Process မှာ Pest Risk Analysis (PRA) နှင့် Food Safety Analysis (FSRAn) လုပ်ငန်းစဉ် ၂ ခုအား ပေါင်းစည်းထားခြင်းဖြစ်ပြီး Philippines Bureau of Plant Industry (BPI) နှင့်ဆက်သွယ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

Pest Risk Analysis (PRA) ဆိုသည်မှာ International Standards on Phytosanitary Measures (ISPM) ကို အခြေခံထားသည့် International Plant Protection Convention (IPPC) မှ သတ်မှတ်ထားသည့် စံနှုန်းတစ်ခုဖြစ်ပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် IPPC အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံတကာကုန်သွယ်မှုပြုလုပ်ရာတွင် အဆိုပါစံသတ်မှတ်ချက်အား လိုက်နာရန်လိုအပ် ပြီး PRA ရရှိရေးအတွက် Philippines Bureau of Plant and Industry (BPI) နှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Process Flow Source: (https://npqsd.bpi-npqsd.com. ph/ wp-content/uploads/2022/05/4-PRA-BPI-QMS-NPQSD-OP4.pdf)

Food Safety Risk Analysis (FSRAn) ဆိုသည်မှာ DA DC 6 Series of 2020 ဖြင့် ထုတ်ပြန် ထားသည့် Guideline တစ်ခုဖြစ်ပြီး Import Risk Analysis ၏ အစိတ်အပိုင်း တစ်ခုဖြစ်ပါကြောင်း၊ ကုန်ပစ္စည်းတင်ပို့မည့် နိုင်ငံအနေဖြင့် Market Access လျှောက်ထားရခြင်းအတွက် ဆုံးဖြတ်ပေးရာတွင် ထည့်သွင်းစဉ်းစားသည့် အချက်တစ်ချက်လည်းဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်အတွက် Philippines Bureau of Plant and Industry (BPI) လက်အောက်ခံ Plant Product Safety Services Division (PPSSD) နှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

DA DC 6 series of 2020 source: (RR Governing Importation and Exportation of Plant Food compressed.pdf)

ကုန်ပစ္စည်းတင်ပို့မည့် နိုင်ငံအနေဖြင့် Market Access ရရှိပြီး Pests and disease အကာအကွယ်များအတွက် သတ်မှတ်ထားသည့် Protocol များအား လိုက်နာသည်ဆိုပါက ကုန်ပစ္စည်း တင်သွင်းခြင်းအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးသွားမည်ဟု လေ့လာသိရှိရပါသည်။

Source: https://npqsd.bpi-npqsd.com.ph/wp-content/uploads/ 2022/05/4-publish-onion. pdf

လတ်တလောတွင် ဖိလစ်ပိုင်နိုင်ငံသို့ ကြက်သွန်နီတင်သွင်းခွင့်ရရှိထားသည့် နိုင်ငံများမှာ သြစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ နယ်သာလန်နှင့် နယူးဇီလန်နိုင်ငံတို့ဖြစ်ပါသည်။

Source: (https://npqsd.bpi-npqsd.com.ph/import/)

ကြက်သွန်နီ တင်သွင်းခွင့်လိုင်စင်ရရှိထားသည့် ကုမ္ပဏီပေါင်း ၁၆၈ ခုရှိပါကြောင်း သိရှိရပါသည်။

Source: (https://npqsd.bpi-npqsd.com.ph/import/)

## အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့ခွင့်ပိတ်လိုက်ခြင်းကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းပိုမိုမြင့်တက်နိုင်

အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်ချော မဟုတ်သော ဆန်အမျိုးအစား (Non-Basmati White Rice) တင်ပို့မှုအား ပိတ်လိုက်သည့်အတွက် ကမ္ဘာ့ဆန်ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း Fitch Rating Group မှ ပြောကြားခဲ့ပါသည်။ အိန္ဒိယအစိုးရမှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့က ဆန်တင်ပို့မှု ရုတ်တရက်ပိတ်လိုက်ခြင်းသည် အိန္ဒိယနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းနှင့် ကမ္ဘာ့ဆန်ဈေးကွက်အား ထိခိုက်မှုရှိနိုင်ကြောင်း သုတေသနဌာနတစ်ခုမှလည်း ပြောကြားခဲ့ပါသည်။

အိန္ဒိယအစိုးရအနေဖြင့် တစ်နှစ်ထက်တစ်နှစ် ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာခြင်းနှင့် ဇွန်လငွေကြေးဖောင်းပွမှုနှုန်းမှာ ၄.၅% ထိ မြင့်တက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ဆန်တင်ပို့မှုအား ရပ်ဆိုင်းလိုက်ခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့နေသည့် အိန္ဒိယနိုင်ငံအနေဖြင့် ဘာစမာတီဆန်ချော မဟုတ်သော ဆန်အမျိုးအစား (Non-Basmati White Rice) တင်ပို့မှုအား အိန္ဒိယနိုင်ငံတွင်း အစားအသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်သွားသည်အထိရပ်ဆိုင်းသွားမည်ဖြစ်ပါသည်။ကြေညာချက်ထုတ်ပြန်ပြီးနောက် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု၏ ၃၀% မှ ၄၀%ထိ ဈေးကွက်တွင်း ငြိမ်သက်နေကြောင်း ဖော်ပြပါရှိသည်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှာ ကမ္ဘာ့ဆန်တင်ပို့မှု၏၄၁% ထိရှိလာနိုင်သည်ဟုအမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဝန်ကြီးဌာနမှ ခန့်မှန်းထားပြီး ယခုကဲ့သို့ တင်ပို့မှုရပ်ဆိုင်းလိုက်ခြင်းက ကမ္ဘာ့ဈေးကွက်သို့ ဆန်တင်ပို့နေသည့် ပမာဏ၏ ၈ ရာခိုင်နှုန်းခန့်ထိ ဖယ်ရှားပစ်သကဲ့သို့ဖြစ်နိုင်ကြောင်း ဖော်ပြပါရှိပါသည်။ အဆိုပါ ဖြစ်ရပ်သည် အိန္ဒိယနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းအား အနည်းငယ်မြင့်တက်စေမည် သို့မဟုတ် လျော့ကျစေမည်ကိုလာမည့် လအနည်းငယ်အတွင်းစောင့်ကြည့်သွားမည်ဟု ဖော်ပြပါရှိပါသည်။

သို့သော် ဗီယက်နမ်နိုင်ငံမှ တစ်နှစ်ထက်တစ်နှစ် ဆန်တင်ပို့မှု လျှော့ချလာခြင်းနှင့် အိန္ဒိယနိုင်ငံ၏ ဆန်စပါးတင်ပို့မှုပိတ်လိုက်ခြင်းသည် ဈေးနှုန်းသက်သာသည့် ဆန်အမျိုးအစားများအပေါ် သက်ရောက်မှုရှိပြီး အိန္ဒိယမှ ဖိလစ်ပိုင်သို့ ဘာစမာတီကဲ့သို့သော ဈေးမြင့်သည့် ဆန်အမျိုးအစားများအား ပိုမိုတင်ပို့လာနိုင်ပြီး ထိုသို့တင်ပို့ခြင်းက ပိုမို၍ အမြတ်ရရှိနိုင်ကြောင်းလည်း ဖော်ပြထားပါသည်။

ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင်သွင်းမှုအား လျှော့ချလိုက်ခြင်းနှင့် အယ်နီညိုရာသီဥတု ဖြစ်ပေါ်မှုတို့သည် တိုက်ဆိုင်စွာဖြစ်လာခဲ့သည့်အတွက် သက်ရောက်မှုများသည် ၂၀၂၃ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၂၄ ခုနှစ် ပထမ ၃ လပတ်တို့ထိ ရှိလာနိုင်ပါကြောင်းနှင့် ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းဆန်ထွက်ရှိမှုနှုန်းများ လျော့ကျနိုင်သည့်အနေအထားရှိကြောင်း ဖော်ပြပါရှိသည်။

အိန္ဒိယနိုင်ငံ၏ဆန်တင်ပို့မှုလျော့နည်းသွားခြင်းက ကမ္ဘာ့ဆန် ရောင်းလိုအားကို လျော့နည်းသွားစေနိုင်ကြောင်းနှင့် ၎င်းမှ ဆက်စပ်ပြီး အခြားအခက်အခဲများလည်းရှိလာနိုင်ကြောင်း ING Manila ဘဏ်၏ အကြီးတန်းစီးပွားရေးပညာရှင်မှ ပြောကြားခဲ့ပါသည်။

ဖိလစ်ပိုင်အစိုးရအနေဖြင့် အယ်နီညိုရာသီဥတုနှင့် ယခုကဲ့သို့သော အခြေအနေများကြောင့် ကြုံတွေ့လာနိုင်သည့် အကျပ်အတည်းများအတွက် ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း ထုတ်လုပ်မှု မြင့်တက်လာစေရန်အတွက် လိုအပ်သည့် အထောက်အပံ့များအား ကူညီပေးရန်နှင့်အချိန်မီဆန်တင်သွင်းနိုင်ရေးကိုလည်း အထူးအလေးပေးဆောင်ရွက်သွားရန်ကိုလည်း ပြောကြားခဲ့ပါသည်။

အိန္ဒိယနိုင်ငံမှဆန်တင်ပို့မှုလျှော့ချလိုက်ခြင်းသည် ကမ္ဘာ့ဆန်ရောင်းလိုအားပမာဏ လျော့ ကျစေနိုင်သည့်အတွက် ကမ္ဘာ့ဆန်ဈေးနှုန်းကို မြင့်တက်စေနိုင်ပါကြောင်း၊ ထို့အတူ ဖိလစ်ပိုင်နိုင်ငံသို့ တင်သွင်းသည့် ဆန်ဈေးနှုန်းများ မြင့်တက်စေနိုင်ပါကြောင်း Rizal Commercial Banking Corp. မှ ခန့်မှန်းပြောကြားထားပါသည်။

**Source;** https://www.manilatimes.net/2023/07/24/business/top-business/india-rice-export-ban-could-lead-to-higher-prices/1902087

**OUR WEBSITES:**

*https//mifer.gov.mm*
*https//www.dica.gov.mm*
*https//www.myco.dica.gov.mm*
*https//doso.dica.gov.mm*
*https//mohinga.info*

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံးမှ ၃ လ တစ်ကြိမ်ထုတ်ဝေသည်။